www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၈၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၀၀၀၅၁၀
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
အတွင်းပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
အဖုံးပုံနှိပ်သူ ● ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၆-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃
ချစ်မျှားရှင်
ကျွတ်ဆင် / ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၀။
၁၇၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ကျွတ်ဆင်

www.burmeseclassic.com

www.burmeseclassic.com

အချစ်မာယာမှုန်သမျှ
စစ်ကြေညာပြမယ့်
မန္တလာဂေါ်လီတဲ့ဟော့ • • •

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကျွန်တော့်နာမည် ဟန်ဒီလင်း။ ငယ်နာမည်အာလူး။

တချို့က မန္တလာဂေါ်လီလို့ခေါ်ကြတယ်။

တချို့ကောင်မလေးတွေက ကျွန်တော့်ကို ကျွတ်ဆင်ကြီးတဲ့။ ခေါ်ချင်သလိုခေါ်၊ ပညတ်ချက်တွေပါ၊ ဒါတွေအရေးမကြီးပါဘူး။

နိဗ္ဗာန်မရောက်နိုင် သေးသမျှ ဘုံဘဝတွေဟာ ဧည့်သည်တွေလို နေရသေးရ။ ရှင်ရဲ့။ ကျွန်တော့်ဆိုတဲ့ ဟန်ဒီလင်းကတော့ လူ့ဘဝမှာ အသက်ရှင်ရတာ ဧည့်သည်လိုခဏလာနေရတယ်လို့ပဲ ယူဆတယ်။

လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ။

ဘုရား၊ တရား၊ သံဃာ၊ ကိုးကွယ်ဆည်းကပ်ရာတွေကလွဲရင် ကျန်တာဘာဆိုဘာမှ အရေးမကြီးဘူး။ ဟန်ဒီလင်းက ဒါမျိုးလက်ခံကျင့်သုံးနေထိုင်တယ်။

ကဲ… ကျွန်တော့်ကိုယ်ရေးရာဇဝင်ဖိုင်လေးကို ပြန်လှန်ပြပါရစေ။ ကျွန်တော်က မန္တလေးမှာ နေပေမယ့် မန္တလေးသားစစ်စစ်ကြီး မဟုတ်ဘူး။ ကပြားပေါ့။

ကျွန်တော်၊ ကျွန်တော်လို့ ပြောတတ်တဲ့ မန္တလေးသူတွေကြောင့် ဟန်ဒီလင်းဆိုတာ မိန်းမနာမည်ကြီးမို့ မိန်းမလို့လည်းမထင်ပါနဲ့ဦး။ ယောကျ်ားစစ်စစ်ကြီးပါ။ လုံးဝအခြောက်မဟုတ်ဘူး။ ပြီးတော့ မစိုမခြောက်ကြီးလည်း မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဘာသားဆိုတဲ့ ယောကျ်ားမျိုးပါ။

မိဘတွေက နယ်တကာလှည့်ပြီး စီးပွားရေးအိမ်တိုင်စိုက်ရာ မှာလိုက်နေရတဲ့ ဟန်ဒီလင်းဆိုတော့…

တောင်ကြီးမှာမွေးတယ်၊ တာချီလိတ်မှာ ကြီးတယ်၊ (ငါးနှစ်သားအထိ)၊ မူဆယ်မှာဆက်ကြီးတယ် (ဆယ့်ငါးနှစ်သားအထိ)၊ နောက်မှ မန္တလေးပြောင်းရွှေ့အခြေစိုက်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် မန္တလေးသား စာရင်းဝင်လိုက်ရတာလည်း ဂုဏ်ယူဖွယ်ရာပဲ။ မြန်မာ ဘုရင်တွေ နောက်ဆုံးနန်းစိုက်ရာ နန်းမြို့တော်ကြီးတည်ထားတဲ့ မြို့မို့ မြို့တော်ပီပီ ဂုဏ်ယူစိတာ ဘာဖြစ်သလဲနော့။

မန္တလေးသံအဖြင်းအဖော့လေးတွေနဲ့ပြောတတ်ရင် ကြားရသူ အဖို့ နားဝင်ချိုယဉ်လိမ့်မယ်။ ဟန်ဒီလင်းကတော့ လွှတ်လွှတ်လပ် လပ်ပြောတတ်သလိုပဲ ပြောချလိုက်တယ်။ မန္တလေးသားလေသံမပဲ လို့ ဘုရားစူး၊ မန္တလေးသားဖြစ်ရင်လည်း ဘယ်တတ်နိုင်မလဲနော့ ဆိုတာမျိုးက ဟန်ဒီလင်းရဲ့ လက်သုံးစကား။

ကျွန်တော် ပြောချင်တာက ကျွန်တော့်အကြောင်းပါ။ ပျင်း စရာကောင်းမယ်ထင်ရင် ပျော်စရာလေးတွေ ညှပ်ပြောမယ်။ အရှုံး မဖောက်တတ်တော့ ဟာသမမြောက်ရင် သည်းခံပေးပေါ့။

ကျွန်တော်က ပျော်ရွှင်တတ်တယ်။ စတတ်နောက်တတ် တယ်။ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့သူတွေဆိုရင် ကျွန်တော့်အကြောင်း ကို သိထားကြပြီးသား။ စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော်နဲ့ နီးနွယ် နေတဲ့ မိတ်ဆွေတချို့ကို မိတ်ဆက်ပေးချင်ပါသေးတယ်။

နံပါတ်တစ်လူက ဦးအောင်မြင်ကျော်။ အလုပ်အကိုင်က ကျူရှင်ဆရာ၊ သူ့ကိုယ်ပိုင်ဖွင့်ထားတဲ့ ကျောင်းမှာ ကျောင်းအုပ်လို ရာထူးရထားသူပေါ့။ သူ့မှာနာမည်ကြီးတာ သုံးခုလောက်ရှိတယ်။ အကြွားသန်တာရယ်၊ အာပုတ်စော်နံတာရယ်၊ ကျောင်းသားတွေ ငိုက်သွားအောင် အိပ်မွေ့ချတဲ့နည်းမျိုးစုံနဲ့ စာသင်နိုင်တာရယ်။

နံပါတ်နှစ်က ကျွန်တော့်ရဲ့အသွား ဒေါ်မယ်သီး။ အသက်က

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ်နှားကပ်နေပြီ။ သြောင်မျိုခံထားရတဲ့ ကုက္ကိုပင်လို အကြောတွေ အပြိုင်းအရိုင်းထနေပေမယ့် သနပ်ခါးကို ကိုယ်တိုင်သွေးခြေဆုံး။ ခေါင်းဆုံးလိမ်း အလှကြိုက်တာ အမွေးအကြိုင်ယခုထိကြိုက်တုန်း။ ခေတ်ပျက်ချိန် ပြေးလွှားနေတုန်းက ကြီးပြင်းခဲ့ရသူမို့ စာတစ်လုံးမှ မတတ်ဘူး။ ဒါပေမဲ့ ငွေတိုးပေးစားတယ်။ ဘယ်မှာနေတဲ့ မိန်းမက ဘယ်နှစ်ကျပ်တိုးနဲ့ ယူထားတယ်ဆိုတာ ခေါင်းထဲထည့်ထားလိုက်ပုံများ ကွန်ပျူတာ မှတ်ဉာဏ်တွေ၊ ပရိဂရမ်ချပ်စ်ပြားလေးတွေကိုတောင် သနားသေးတယ်။ လူပေါင်းမြောက်များစွာ ငွေချေး။ ငွေချေးလုပ်နေကြတာကို တစ်ယောက်ချင်းစီ အတိအကျ မှတ်မိတယ်။ ဘယ်သူ ဘယ်နေ့ကယူတယ်ဆိုတာ စာရင်းလှန်မနေနဲ့။ ဒက်ခနဲ မှန်အောင် ပြောနိုင်တယ်။ စာရင်းဆိုလို့ အဘွားနားမှာ သားသမီးသုံးယောက်စာ မွေးတဲ့မြေးတွေ ပိုင်းပိုင်းလည်နေတယ်။ အဘွားက ရောမရှေးဟောင်း သံသေတ္တာကြီးနှစ်လုံးနဲ့ ရှေးအံမွှေအနှစ်တိုက်ကြီးတစ်လုံး ပိုင်နေတာကိုး။ ဒီတော့...

ဒီမြေးတွေကပဲ သွားရင်းလာရင်း ကြုံတဲ့သူကို အဘွားက တေးမှတ်ခိုင်းလို့ တေးမှတ်ပေးထားတဲ့ စာအုပ်ကို စာရင်းစာအုပ်လို့ အလွယ်ခေါ်လိုက်တယ်။ အဘွားမှာကောင်းတာမကောင်းတာနှစ်ခုရှိတယ်။

မကောင်းတာက ဘယ်မြေးကပဲလာပြီး မုန့်ဖိုးတောင်းတောင်း သူ့သေတ္တာကြီးကို သော့တွေအထပ်ထပ်ဖွင့်ပြီး အထပ်ထပ်နှိုက်။ ပြီးမှ မဖြစ်စလောက်မုန့်ဖိုးလေးပေးတတ်တာကိုပဲ။ ကပ်စေးနဲလိုက်တာကလည်း နှပ်ချေးတောင်လွှင့်ပစ်ရမှာ နှမြောလို့ ယိုထိုးစားချင်တဲ့အမျိုး။ ဒါတွေပြောရရင် ရောက်ဖို့လမ်းမမြင်ဘူး။ ဒါတွေထားပါတော့လေ။ အဲဒီမုန့်ဖိုးများ အလကားရမယ်ထင်သလား။ ဝေးသေး။

နာရီဝက်လောက်စိမ်ပြေနပြေနှိပ်ခိုင်းသေးတာ။ အပူကပ်ထုတ်လိုက်ရတာ ကျောက်မီးသွေးတွင်း မီးလောင်နေသလားမှတ်တယ်။ တုန့်ပဲမကုန်နိုင်ဘူး။ ကြာတော့ အပူကူးခဲ့ရတဲ့မြေးတွေကလည်း ဆေ

www.burmeseclassic.com

www.burmeseclassic.com



မသာ ဖနောင့်စွမ်းပြရတယ်။ ဒီတော့မှ အနင်းခံရတာ ရပ်နိုင်းတော့တာပဲ။

ငယ်ငယ်တုန်းက ဖြစ်ခဲ့တာတွေ ပြောတာပါ။ ကျွန်တော်တို့ ကြီးလာတော့ မနင်းနိုင်းတော့ပါဘူး။ နင်းနိုင်းရင်လည်း လှျာအတောင့် ထိုက်ထွက်သွားမှာပေါ့။ ဒါပေမဲ့ ဇက်ကြောလေးဘာလေး ဆွဲပေးရတယ်။

နောက်တောင်းတာတစ်ခုက ဘယ်လောက်ဆိုးတဲ့မြေးတွေပဲ ဖြစ်ဖြစ် စိပ်ပုတီးတချောက်ချောက်စိပ်ရင်း ဘုရားဟောနိပါတ်တော်တွေ ပုံတိုပတ်စတွေနဲ့ ဆုံးမတတ်တယ်။ စာမတတ်ဘဲ ဒါတွေဘယ်လို သိခဲ့ယ်ထင်သလဲ။

ပြောပြီးပြီလေ။ အဘွားက မှတ်ဉာဏ်သိပ်ထက်တာ။ ဆရာတော်ဘုရားတွေ ပညာရှိစကားပိုင်းတွေမှာ ကြားနာခဲ့ရသမျှ တစ်လုံးမှ မလစ်စေရဘူး။ စကားပြောတာကလည်း ဘာကောင်းသလဲ မမေးနဲ့။ တျောက်ဆင်းတုတောင် ခေါင်းညိတ်သွားအောင် ပြောနိုင်တယ်။

နောက် နံပါတ်သုံးလူက ကျွန်တော့်ရဲ့အဘိုး ဦးရာပြည့်။

သူက အသက်ရှစ်ဆယ့်ငါး။ သတိရှိတဲ့နေရာမှာတော့ အဘွားနဲ့ ဆန့်ကျင်ဘက်လူသားပါပဲ။ အသက်ကြီးတဲ့အထိ ဟိုစပ်စပ်ဒီစပ်စပ် လုပ်ရာက အာရုံကြောခိုက်မိပြီး သတိကောင်းလိုက်မကောင်းလိုက် ဖြစ်နေသူပေါ့။ သူ့အကျင့်က ခဏခဏ သူများတွေအိမ်ကို သူ့အိမ်ထင်ပြီး မှားမှားဝင်တတ်တယ်။ သူ့ကို ဘယ်သူကမှ အပြစ်ပြောတာ မကြိုက်ပြန်ဘူး။ ပျားရည်နဲ့ ပုလင်းကွဲရောမွှေထားတဲ့ အသံနဲ့ စကားပြောတဲ့မိန်းမတွေကို သိပ်အမြင်ကပ်တာ။ ကျွန်တော့်ကိုတော့ သူ ချစ်ပါတယ်။

ကျွန်တော်အပြစ်ရှိလို့ ကစ်စရာရှိလည်း ခြောက်လက်မ လောက်ရှိတဲ့ သူ့လက်သီးကြီးကို ဖေ့ယမ်းအားယူပြီး ဘုန်းခနဲ ဘုန်းခနဲ ကစ်တတ်သေးတယ်။ အရပ်ရှည်သလောက် စိတ်တိုတယ်။ သူ စိတ်ညစ်ရင်သူ့ခေါင်းသုံးလုံးပေါ်အောင် ထိုင်တယ်။ ဒူးခေါင်းနှစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီး ခေါင်းတင်ထိုင်တတ်တာမျိုးကို ပြောတာပါ။

နောက်လူတစ်ယောက်ကတော့ ကျွန်တော် နောက်ဖော်နောက်ဖက်တွေမို့ အကျယ်တဝင့် မိတ်ဆက်ပေးမနေတော့ပါဘူးကွယ်။ ကျွန်တော် ပြောချင်တဲ့အကြောင်းရင်းက မန္တလေးကနေ ရန်ကုန်ကို ရုတ်ပူမီးတိုက်လစ်လာခဲ့ရတဲ့အကြောင်း။

ဟုတ်တယ်။ ဒီအကြောင်းကို ကျွန်တော် အဓိကပြောချင်နေတာ ဒီလိုပါ။ ကျွန်တော် ဆယ်တန်းစာမေးပွဲကို လေးနှစ်ဆက်တိုက် ထိပ်ဆုံးကကျရှုံးလိုက်တော့ ကျုံရှင်ကျောင်းအုပ်က ခေါ်တွေ့တယ်။ လူကြီး ခေါ်လာခဲ့ပေါ့။

အသွားမအားလို့ အဘိုးလိုက်လာတယ်။ ဒီမှာတင် လောကကြီးကို အဆီအငေါ်မတည့်ဘူးလို့ ထင်ပြီး သရော်နောက်ပြောင်နေချင်တဲ့ ကျွန်တော်က ပြောင်လှောင်ချက်တွေနဲ့ ဝင်ဖွလိုက်မိတော့တာပါပဲ။

'ဦးရာပြည့်ရဲ့မြေးက အပြင်ဖြေတင် နှစ်နှစ်ဆက်တိုက်ကျလို့ ကျွန်တော်တို့ဘော်ဒါက ငွေပြန်အမ်းရတာ နှစ်ခါရှိပြီ၊ ဒီတစ်နှစ်ဆက်တက်လို့ မအောင်ရင် ကျွန်တော်တို့ ဘော်ဒါနာမည်ပျက်ရတော့မယ်၊ ငါးနှစ်မြောက်စံချိန်ချိုးတဲ့ ကျောင်းသားဟာ သူတစ်ယောက်ပဲရှိတယ်'

ကျုံရှင်ကျောင်းအုပ်က ဂုဏ်ထူးဆောင်ကျောင်းသားတွေရဲ့ ဓာတ်ပုံအယ်လ်ဘမ်ကြီး တဖျတ်ဖျတ်လှန်ရင်း ပြောတယ်။ အဘိုးက သိတဲ့အတိုင်း နားလည်သလို မလည်သလို နားထောင်နေတယ်။

ဒီတော့ ခပ်တိုးတိုးလေးနဲ့

'အဘိုး... ဆရာကြီး ပြောတာကြားလား၊ ငါးနှစ်တဲ့၊ ငါးနဲ့နှစ်ဂဏန်းကို အဘိုးကြိုက်လား မေးတာ ဖြစ်လိမ့်မယ်၊ မှတ်ထား'

အဘိုးက အသက်ဝင်လာတဲ့ပုံစံ...

'ဟေ... ဟုတ်လား၊ မှတ်မယ်ကွာ၊ ဘာတဲ့ နှစ်ငါး ဟုတ်လား'

ကျွန်တော်နဲ့အဘိုး တိုးတိုးပြောတာကို ကျုံရှင်ကျောင်းအုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးက ကြောင်ကြည့်နေတယ်။ ကျွန်တော်က ခပ်တည်တည်…

'ဒီတစ်နှစ်တော့ အောင်မှာပါခင်ဗျာ၊ ဆရာတို့ဘော်ဒါမှာပဲ ဆက်တက်ခွင့်ပေးပါ၊ အိမ်မှာကတည်းက အဘိုးဆုံးမတာ ခံခဲ့ရပြီးပါပြီ၊ ဒါကို အဘိုးက မှတ်ပြီမဟုတ်လားလို့ ကျွန်တော့်ကို ပြန်မေးနေတာပါ'

ကျူရှင်ဆရာက အဘိုးကို ကြည့်၏။ အဘိုးက ကျူရှင်ဆရာတို ကြည့်၏။ ကျူရှင်ဆရာက အဘိုးအကြောင်းကို ဂဃနဏမသိ။

'ဦးရာပြည့်ရဲ့မြေး ပြောနေတာ ဟုတ်သလား'

အဘိုးက ကြားလျက်သား ပြန်ကြည့်နေဆဲ နားလေးသူကြီးတိုး။ သူက အဘိုးနားကို ကပ်ပြီး ပြောလိုက်၏။

'အဘိုး… ရှေ့ကဆရာက မေးနေတယ်၊ အဘိုးက အသွားကို အခုထိ သဝန်တိုတုန်းပဲဆိုတာ ဟုတ်သလားတဲ့'

'ဟော… အေး'

'ဟုတ်ကဲ့ ဆရာကြီး၊ ကြားတဲ့အတိုင်းပါပဲ'

'ဒါဆိုရင် ဒီတစ်နှစ်တော့ ဖြစ်အောင်ထားလိုက်မယ်၊ ဦးရာပြည့်တို့ဘက်ကတော့ ဟောဒီ မောင်ဟန်ဒီလင်းကို အထူးကြပ်မတ်သွန်သင်ပေးဖို့ လိုပါတယ်၊ ဘော်ဒါမှာ သူရှိရင် ကျောင်းသားစာမကျက်တော့ဘူး၊ ပိုက်ကျော်ခြင်းခတ်တယ်၊ စာအုပ်ကြားထဲ သီချင်းစာအုပ်ညှပ်ပြီး လစ်ရင်လစ်သလို သီချင်းအော်ဆိုတယ်၊ အဆိုးဆုံးကညဘက် ကျောင်းသားတွေကို တိုက်တဲ့ကော်ဖီတွေထဲ ဝမ်းနုတ်ဆေးထည့်လို ထည့်၊ ကျောင်းသူတွေအဆောင်ဘက်ကို သရဲသွားခြောက်သလိုခြောက်နဲ့ ဒီကျေးရွာရှင်လေးက သိပ်ဒုက္ခပေးတယ်၊ ကျွန်တော်တို့က ဥယျာဉ်မှူးလို ဒီပန်းကလေးပစ်လိုက်ရမှာစိုးလို့ သည်းခံပြီးရှင်သန်လာအောင် တပင်တပန်း ပြုစုချင်တဲ့စေတနာတွေ ထက်သန်လွန်းလို့သာ ဒီကလေး ဆက်သာရာရနေတာပါ၊ ဒီနှစ်တော့ ဒီခွင့်မပြုနိုင်တော့ဘူး၊ ဒီမှာ စည်းကမ်းချက်တွေ သဘောတူရင် လက်မှတ်ထိုးပြီး ဘော်ဒါ ပြန်နေနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်သိပ်ဆိုးတယ် ဆရာ၊ ဆိုးတာက လူဆိုးလိုဆိုးတာမဟုတ်ဘူးလေ၊ သူများကို အစအနောက်သိပ်ကြမ်းတာကလား၊ အခုလို အရေးကြီးလို့ ခေါ်ပြောမှပဲ ကျုပ်တို့ကသိရတာ၊ ထင်တော့ထင်ပါတယ်၊ ဒီလိုအသုံးမကျတာတွေ လျှောက်လုပ်ပျော်ပါးနေလို့ ဒီလိုစာမေးပွဲတွေကျနေတာဖြစ်ရမယ်လို့၊ သူ့မိဘမရှိတော့ကတည်းက ကျုပ်တို့ အဘိုးအဘွားကပဲ သူ့ကိုစောင့်ရှောက်နေရတာလေ၊ မိဘတွေမရှိတော့ အလိုလိုက်ထားတော့ ပြောမနိုင် ဆိုမနိုင်ဖြစ်သွားရတာပေါ့၊ ကျုပ်တို့က ပညာရေးမှာ ဒီကောင်ထက်မယ်ဆိုရင် ဂျက်လေယာဉ်တောင် ဖင်တပ်ပေးနိုင်ပါတယ်၊ ခက်တယ်၊ ဟော့ဒီမောင်ကလိပ်၊ လိပ်တောင်မှ လိပ်ပျင်း'

သတိမှန်ဝင်လာသော စိတ်ဖြင့် အဘိုးစကားပြောနေသဖြင့် ကျွန်တော် ပါးစပ်ဟောင်းလောင်းနှင့် နားထောင်နေမိ၏။

အဘိုးကို ကြာရှည်ပြောခွင့်မပေးရ၊ ဟန်ဒီလင်းရဲ့ တစ်တောင်က (ပုဆိုးပြင်ဝတ်သလိုလို) အဘိုးခါးကို ဆတ်ခနဲထောက်ထိုးမိ၏။

'..............'

ခါးထိလျှင် အလွန်ရောင်တတ်သော အဘိုးက ဆရာကြီးရှေ့မှာ အော်ကြီးဟစ်ကျယ်ထယောင်၏။ စကားကောင်းပြောနေရင်းမှ ယောင်ဆဲခံလိုက်ရသော ကျူရှင်ဆရာကြီးမှာ မျက်လုံးပြူးပြီး ပါးစပ်ကြီးဟောင်းလောင်းပွင့်လျက် အဘိုးကတော့ သူဘာမှမပြောမိလိုက်သလို ပြန်ကြည့်နေတယ်။

'ဟန်ဒီလင်း မင်း... တစ်ခုခုလုပ်လိုက်သလား'

ကျူရှင်ဆရာက အကင်းပါးနပ်လွယ်လာဟန်နဲ့ ကျွန်တော့်ကိုကြည့်ပြီး မေးနေတယ်။

'အဘိုးက တစ်ခါတလေ အဲဒီလိုဖြစ်တတ်ပါတယ်၊ ဆရာ သူ့စိတ်ထဲမှာ မထင်ရင်မထင်သလို အဲဒီလို'

'နေဦး၊ လုံကြီးခေါ်ပြောပါတယ်၊ မင်းနဲ့ပဲ ပြောနေရတော့ တယ်၊ ဦးရာပြည့် ခုန ဘယ်လိုဖြစ်သွားရတာလဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ... အဘိုးက နားလည်းလေးချင်တယ်'

'နေ... ငါ... အသံမြှင့်ပြောမယ်၊ ဦးရာပြည့်... အခု ကျွန်တော်ပြောတာ ကြားရရဲ့လား'

'ကြားပါတယ်'

'ခုနက စကားအကောင်းပြောနေရင်း ဘယ်လိုဖြစ်သွားရတာလဲ'

'ဘာဖြစ်လို့လဲ'

'ဟောဗျာ'

ကျွန်တော်က အဘိုးနားကို တိုးတိုးကြားလေးပြောလိုက်တယ်။

'ဆရာက မေးနေတယ်၊ အဘိုးငယ်ငယ်က တကယ်ဆိုးတယ် ဆိုတာ ဟုတ်လားတဲ့'

'ကြဲကြီးစီရာ၊ ကျုပ် လိမ္မာတဲ့သူပါ'

အဘိုးပြောနေဆဲမှာ ကျွန်တော်ထိုင်နေရာက ကိုယ်ကိုဆန့်မတ် မီလိုက်တာဆိုးသွားတယ်။ တံတောင်က အဘိုးရဲ့ခါးကြားကို သွားတို့ မိသလို ဖြစ်သွားတာနဲ့

'ဒီကဆရာ...'

ဒီတစ်ချီတော့ ကျူရှင်ဆရာနဲ့မျက်နှာကြီးတင်းခနဲမာထွက် သွားတယ်။ ဖြစ်ချင်တော့ အဲဒီအချိန်မှာ အပေါ်က အိမ်မြောင် စားပွဲ ပေါ် ဘုတ်ခနဲပြုတ်ကျတယ်။ ဒီမှာတင်ကျူရှင်ဆရာက ပိုယောင် တတ်တာတွေ့လိုက်ရပါလေရော။ ဘုတ်ခနဲမှာ...

'ဟဲ့'ဆိုပြီး နောက်ကိုလှန်ဆုတ်လိုက်တာ ခုံရောလူရော ကြမ်း ပေါ် ဝုန်းခနဲပစ်ကျသွားတယ်။ အဘိုးကတော့ သူ့ထုံးစံအတိုင်း ထယောင်ပြီး အိမ်မြောင်ကို လက်နဲ့သိုင်းကွက်ဆွဲသလို ကာကွယ်ထား လိုက်သေးတယ်။ အရှက်ဟက်တက်ကွဲသွားတဲ့ ကျူရှင်ဆရာက ပက် လက်ကြီးနဲ့...

'ဟန်ဒီလင်း... မင်း သွားတော့၊ ကြာရင် ငါ လူရှိုက်မှုဖြစ် လိမ့်မယ်'

ကျွန်တော် ထလစ်ဖို့ စဉ်းစားနေတုန်းမှာ အဘိုးကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့တိုက်ပုံအင်္ကျီထဲ ချွေးသုတ်ပဝါထုတ်ပြီး လန့်သွားလို့ ထွက်လာတဲ့ ဖောချွေးကြီးတွေ သုတ်နေတယ်။ ဖြစ်ချင်တော့ အဘိုးဘယ်လိုဖြစ်ပြီး အဘွားရဲ့ ဘရာစီယာကြီးမှားထည့်လာမိသလဲ မသိဘူး။ အဲဒါကြီးနဲ့ မျက်နှာပေါ်က ချွေးတွေကို စိမ်ပြေနပြေသုတ်နေလိုက်ပုံက…

တန်းပေါ်မှာ အမြဲလှမ်းထားတဲ့ ချွေးသုတ်ပဝါ အဲဒီတန်းပေါ်မှာပဲ အဘွားကလည်း ကြုံရင်ကြုံသလို လှမ်းလှမ်းသွားတော့ မှားတဲ့ အခါလည်း မှားပေမပေါ့တွေ ဖြစ်ကုန်ရော။

ကျူရှင်ဆရာကို ပြေးထူရနိုး။ အဘိုးဂုဏ်ကို ဖမ်းဆွဲသတိ ပေးရင်းနဲ့ ကျွန်တော်ယောင်တောင်တောင်ဖြစ်နေစဉ်မှာပဲ ကျူရှင်ဆရာ က ခုံပြန်မတ်ပြီး ဒေါသတွေ ရှူးရှဲနဲ့ အဘိုးကိုကြည့်တယ်။

'ဦးရာပြည့်… ခင်ဗျားတို့ မြေးအဘိုးကြောင့် ကျွန်တော် ရှူးလိမ့်မယ်၊ တခြားဘော်ဒါမှာသာ ပြောင်းအပ်တော့၊ ကျွန်တော်က တော့ လုံးဝ နိုးပဲ၊ ခင်ဗျား အဲဒီလက်ထဲကပစ္စည်းကြီးနဲ့ ဘာလုပ်နေ တာလဲ၊ ဒါ ကျူရှင်ရုံးခန်းဗျ'

ကျူရှင်ဆရာစကားကြောင့် သတိပြန်ကောင်းလာပုံရတဲ့ အဘိုးက သူ့လက်ထဲကဟာကိုကြည့်တယ်။

'ဟော့ကောင် အာလူး'

'ဗျာ'

'မဗျာနဲ့၊ ဒါ မင်းလက်ချက်ဖြစ်ရမယ်၊ ခွေးမသား'

ပြောပြီးချယ်ရီသား တုတ်ကောက်ကြီးကောက်ကိုင်တယ်။ စက္ကန့်ဝက်အတွင်းမှာ ကျွန်တော် ရုံးခန်းအပြင်ကို ရောက်နေပြီး အခန်း ထဲမှာ ကျူရှင်ဆရာနဲ့ အဘိုးတို့ရဲ့ မေတ္တာပို့သံတွေ ညံနေတယ်။

ဘော်ဒါဆောင်လှေခါးပေါ်က ခုန်ပေါက်ကျော်လွှားဆင်းပြီး အပြင်လောကမြင်ကွင်းထဲကို ကျွန်တော် ပြေးဝင်လာခဲ့တယ်။ သေပြီ ပါတယ်။ နောက် ဆယ်မိနစ်အတွင်းမှာ အဘွားဆီကို ဒီသတင်းရောက် သွားမယ်ဆိုတာ ရုံးခန်းထဲကဖုန်းနဲ့ အဘွားအိမ်ဖုန်းကို လှမ်းခေါ်ပြီး တိုင်တော့ကြမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲကို လျှောက်သွားနေမိတယ်။ အိမ်လည်းမပြန်ရဲဘူး။ အရဲစွန့်ပြီး ဖုန်းဆက်ကြည့်တော့ သေချာတယ်။ ထင်တာထက်ပိုကျိန်းသေနေတယ်။

'ကဲ… ကိုယ်တော် အာလူးရေ… ဒီတစ်ချီကတော့ မင်းအတိုး ခေါ်သနဲ့ လွတ်လမ်းမရှိတော့ဘူး၊ မင်းကိုမြင်ရပ်က နှင်ခိုင်းနေပြီ။ မင်းကလည်းမင်းပဲ၊ စာမေးပွဲကျတာကို အပိုးကျိုးကျိုးနေပေါ့၊ အခုတော့ လူကြီးတွေမျက်နှာပျက်ရအောင် ထပ်လုပ်လိုက်သေးတယ်'

'အဲဒါ ကျွန်တော့်ကြောင့်မဟုတ်ဘူး အဘွား'

'ဟော့… ဒီမှာ မင်းက ငါ့မြေးပါ၊ မင်းအကြောင်းကို သိပြီးသား၊ မင်းအဖေအကြောင်း တစ်ထပ်တည်းပဲ၊ မြောက်တောင်ကားယားညစ်ပေါက်ကပ်ကျ[illegible] မပြောနားမထောင်လုပ်ချင်ရာလုပ်တဲ့ကောင်'

'အဲဒီလောက်[illegible] ဘွဲ့တွေတပ်မပေးပါနဲ့၊ ဒီတစ်ခေါက်မြန်မာပြည်ဘယ်အပိုင်းလေ့လာရေးထွက်ရမှာလဲ အဘွား'

'ဟဲ့… နင့်ကို အိမ်ပေါ်က နှင်ချလိုက်တာဟဲ့'

'ဟုတ်ပါပြီ၊ ကဲပြော၊ အဘွားဘက်က ဆွေစဉ်မျိုးဆက်တွေဆီ သွားရမှာလား'

'အေး… နင့်အဘိုးဘက်က အမျိုးတွေက နင်ဒုက္ခပေးလွန်းလို့ အချဉ်ဖတ်အိုးလို့ နင့်ကိုသတ်မှတ်ထားကြပြီ မဟုတ်လား၊ ငါ့အမျိုးတစ်ဝက်လောက်လည်း နင့်နာမည်ကြားတာနဲ့ ကျောပူ ခေါင်းပူထတယ်'

'အဘွားကလည်းဗျာ… လိုရင်းသာပြောပါ၊ ကျွန်တော် ဘယ်အိမ်သွားရမှာလဲ'

'ရန်ကုန်က မင်းအန်တီအိမ်သွားရမှာ'

'ဒီနေ့သွားရင် အမြန်ယာဉ်မီသေးတယ်'

'မြန်မြန်သွားလေ ပိုကောင်းလေပဲ'

'နောက်မှ လွှမ်းလို့ဆိုပြီး လှမ်းမခေါ်နဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဝေးပါသေးရဲ့'

'ဒါဆို အိတ်ထဲက ငွေမလောက်ရင် လက်ကနဝရတ်ကိုး သွယ်ဖျော့ပစ်လိုက်မယ်၊ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပဲ ဒီနေ့အား ချင်းရန်ကုန်ကို ချီတက်မယ်၊ အဘိုးကို နှုတ်ဆက်သွားပြီလို့ ပြော လိုက်နော်၊ အဘွားကိုလည်း တာ့တာ'

'ဟဲ့… ဟဲ့'ဟုသာ တစ်ဖက်မှအသံကြားလိုက်ရ၏။ သူ ဖုန်းချပြီး အရပ်ရှစ်မျက်နှာကို ကြည့်လိုက်၏။ ပြီးလျှင် အိတ်ထဲမှငွေ ကို ရေတွက်ပြီးလျှင် ပခုံးတွန့်ပြီး ခရီးထွက်ရမည့်အရေးကို တွေးကာ ပြုံးလိုက်မိ၏။

ယောက်ျားဘသား
ရိုးလင်းစတုံးပဲ
လိမ့်နေတဲ့ ကျောက်တုံးပေါ့။
ဒါမှမဟုတ် မန္တလာဂေါ်လီတဲ့ဟော့။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညကားစီးလာ၍ ရန်ကုန်ကို မနက်ခုနစ်နာရီလောက် ဆိုက်ရောက်တယ်။ အငှားကားဖြင့် အဘွားဘက်မှ တော်စပ်သောဦးလေး လူပျိုကြီးအိမ်ကိုသွားလိုက်တယ်။ ဦးလေးလူပျိုကြီးက ကျောင်းဆရာ တစ်ဦးဖြစ်၍ အနေအထားအနည်းငယ် ချို့တဲ့၏။ စိတ်ရင်းကောင်းပြီး လိုလိုလားလား ကူညီပေးတတ်တယ်။ ဘွားဘွားက ရန်ကုန်သွားခိုင်းလျှင် ထိုလူပျိုကြီးအိမ် အမြဲဝင်ရ၏။ တွေ့လိုသည့် အမျိုးအဆွေတွေကို ပြောလျှင် အိမ်တိုင်ရာရောက် လိုက်ပို့သည်။

'လာ… လာ… အာလူး၊ မင်းလာမယ်ဆိုတာ ဖုန်းနဲ့လှမ်း အကြောင်းကြားထားလို့ ငါ ဒီနေ့ ဘယ်မှမသွားဘဲ ထိုင်စောင့်တာ'

'ဦးလေးက ဖုန်းတွေဘာတွေနဲ့ပါလား'

'ထိုင်… ဟိုဘက်နှစ်အိမ်ကျော်က ဖုန်းရှိတဲ့အိမ်ကို သွားဆက်ရတာကွ၊ အဲဒီဖုန်းနံပါတ်ကို မင်းအဘွားဆီ လှမ်းပေးထားရတာပဲ'

'အဘွားက ဘယ်လိုလမ်းညွှန်ချက်တွေ နားကွဲအောင်ပေး သွားသေးလဲ'

'အစုံပါပဲ၊ ဒီတစ်ခေါက် မင်းကို ယာယီနေဖို့ နေရာချထားပေးမယ့် အိမ်က ကြီးကြီးကျယ်ကျယ် ချမ်းချမ်းသာသာအိမ်ပဲ၊ ငါလည်း အဲဒီအိမ်ကို အကြောင်းရှိမှသာ ဝင်ထွက်သွားလာတာ၊ လမ်း ပေါက်အောင်တော့ မသွားဘူး၊ သိတယ် မဟုတ်လား၊ ချေးချင် ငှားချင်လို့ထင်မှာစိုးရတယ်လေကွာ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ အန်တီအိမ်နဲ့ ကျွန်တော်နဲ့ ဖြစ်ပါ့မလား'

'မင်းအသွားအရှိန်နဲ့ မင်းအပေါ်တော့ သူတို့ ဒီလိုဘယ်ထင်ရပါ့မလဲ၊ တို့အမျိုးတွေက ဒီမှာအများကြီးရှိပေမယ့် ဘာသိဘာသာနေကြတာကွ၊ အကြောင်းရှိမှသာ ဝိုင်းဝန်းကြတာ'

'မင်းအသွားကတော့ အမျိုးအဆွေအပေါ်မှာ ညစာသြောင်းသလားမမေးနဲ့၊ မင်း မယုံရင်ကြည့်၊ အနေနီးတဲ့ ငါနဲ့မင်းကို ဆက်ဆံပြတာချင်းကွာလိမ့်မယ်၊ ဒါတွေက အရေးမဟုတ်ပါဘူး၊ မင်းအနေနဲ့ စိတ်ပြေလက်ပျောက် အစအနောက်တွေလျှော့ပြီး နှစ်လသုံးလလောက်နေဖြစ်နိုင်တယ်ဆိုပြီးတာပဲ'

'ဒီအန်တီတွေကော မန္တလေးကို လာဖူးသလား'

'မင်းက အိမ်ကပ်တဲ့ကောင်မှမဟုတ်တာ၊ ဘယ်သိပါ့မလဲ၊ နှစ်တိုင်း နှစ်တိုင်း မန္တလေးမှာ ဘုရားဖူးလာရင်း ဟိုတယ်လိမ်မှာတည်းပြီး မင်းအသွားကို ခဏခဏလာကန်တော့တယ်လေကွာ'

'အိမ်ကအကျယ်ကြီး၊ ရှေးဟောင်းဆန်တာကလွဲရင် ဟိုတယ်လို လွတ်လွတ်လပ်လပ်နေလို့ရလျက်သားနဲ့ အိမ်မှာဘာလို့မတည်းကြတာလဲ'

'မတူဘူးလေကွာ၊ သူတို့ကခေတ်ဆန်တယ်၊ မင်းတို့အသွားတွေ အမြင်မှာ ကန့်လန့်ဖြစ်နေပြီ၊ မလွတ်လပ်မှာစိုးလို့ အကြောင်းအမျိုးမျိုးနဲ့ လူကြီးတွေကို နားချပြီး ဟိုတယ်မှာတည်းကြတာနေမှာပေါ့'

ခရီးဆောင်အိတ်ပေါ် ကျွန်တော်ခြေပစ်လက်ပစ် လှဲချလိုက်ပြီး အနားယူစဉ်းစားနေမိ၏။ ခရီးဆောင်အိတ်ဆိုတာ ကျွတ်ကျွတ်အိတ်နဲ့ လမ်းမှာဝယ်လာတဲ့ ချွေးသုတ်ပဝါတွေပါ။ တစ်သျှူးသုတ်သလို တစ်ထည်ပြီးတစ်ထည်သုတ်ဖို့ ဒါဇင်လိုက်ဝယ်လာခဲ့တာလေ၊ တစ်ခါသုတ်ပြီး လွှင့်မပစ်ဘဲ အိတ်ထဲကို ပြန်ထိုးထည့်တာပေါ့။

အမျိုးဆိုသော်လည်း ယခုမှတွေ့ဖူးရမည့် အမျိုးပါ။

ကျွန်တော် နေတတ်ထိုင်တတ်သလို ပုံစံနှင့် နေပါ့မလား။ ဦးလေးလူပျိုကြီးနှင့်ပဲ မရှိအတူရှိအတူ နေပြီး ရန်ကုန်မြို့ကြီးကို ရှေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ကောင်းမလား။ ဦးလေးက ဂေါ့ဖ်ဖွားသားစတိုင်လ်နဲ့ ဆေးပြင်းလိပ်ကြီးကိုခဲပြီး ကျွန်တော့်ကို ကြည့်တယ်။

ပြီးမှ ကောလိပ်ဂျင်နေဝင်းစတိုင်လ်နဲ့ ဖင်ကလေးကောက်ပြီး လက်နောက်ပစ်ကာ ဟိုဘက်ဒီဘက် လျှောက်နေရင်းက…၊

'မင်း အခုသွားနေရမယ့် အန်တီရဲ့နာမည်က မြသက်ထားတဲ့၊ သူ့ခင်ပွန်းနာမည်က ဦးခင်အောင်ဝေ၊ နှစ်ဖက်မျိုးရိုးက ချမ်းသာတယ်၊ ပြီးတော့ ဦးခင်အောင်ဝေက စီးပွားအရှာကောင်းတယ်၊ ကိုကိုတတ်ဖြစ်ရောပေါ့ကွာ၊ သူတို့အိမ်ရောက်ရင် မင်းတွေ့မှာပါ၊ အဲ… သူတို့မှာ တစ်ဦးတည်းသော သမီးရှိတယ်၊ မင်းနဲ့ဆို မောင်နှမ အယ်နှဝမ်းကွဲလောက်တော်မလဲဆိုတော့ မင်းအဘွားနဲ့ မြသက်ထားအဖေနဲ့က မောင်နှမအရင်း၊ မြသက်ထားနဲ့ မင်းအဖေနဲ့က တစ်ဝမ်းကွဲမောင်နှမ၊ မင်းနဲ့သူ့သမီး ထားထားအောင်ဝေက မောင်နှမနှစ်ဝမ်းကွဲ၊ အဲဒီလိုတော်တယ်၊ ထားထားအောင်ဝေက မင်းထက် တစ်နှစ်လောက်ပဲ ကြီးမယ်နဲ့တူတယ်၊ ဘွဲ့ရပြီးပြီ၊ အခု မဟာဝိဇ္ဇာတက်နေတာနဲ့တူတယ်၊ အဲဒီကလေးမလေးကတော့ စီးပွားရေးအလုပ်တွေ သိပ်စိတ်မဝင်စားဘူး၊ သူ ဝါသနာပါတဲ့ စာပေသင်ကြားရေးဘက်ကို အလေးထားအလုပ်လုပ်တယ်၊ တို့ဘက်ကို မျိုးရိုးလိုက်တယ် ထင်တာပဲ၊ တော်ရုံလူလောက်ကတော့ သူ့တပည့်လို သတ်မှတ်ပြီး သူ့ဩဇာအရှိန်အဝါနဲ့ အဲဒီလူကို ပုံသွင်းယူတတ်တယ်၊ မင်းကို အချိုးပြင်အောင်။ အဝေးကသတင်းကို မင်းအဘွားအကြာကြီးရွှေသွားတာလက်လက်နဲ့ ပြုံးနေမှာ ငါမြင်ယောင်သေး။ သူတို့မိသားစုက စည်းကမ်းသိပ်ကောင်းတယ်၊ သူတို့အုပ်ချုပ်တဲ့အလုပ်သမားတွေများ ခြေသုတ်ပုဆိုး မြေစွယ်ကျိုးနေတာပဲ၊ ငါလည်း ထင်တယ်၊ မင်း အဲဒီရောက်ရင် တစ်သက်လုံး မကျိုးတဲ့အပိုး အချိုးခံလိုက်ရသလို ကျိုးသွားလိမ့်မယ်ဆိုတာ'

ကျွန်တော် ပြုံးနေလိုက်ပါတယ်။ ဦးလေး ဆက်တိုက်ရှင်းပြသွားတဲ့ အကြောင်းတွေ ကျွန်တော့်ခေါင်းထဲရောက်မှာရောက်

www.burmeseclassic.com

www.burmeseclassic.com



မရောက်တာမရောက်။ ကျောင်းဆရာပီပီ လေကြောရှည်တတ်တဲ့ ဦးလေးအကြောင်းကို သိထားသူပီပီ အသင့်နေရာလွဲယူထားလိုက်တာ ပေါ့။ နာရီဝက်အတွင်းမှာ ကျွန်တော် အိပ်မောကျသွားတယ်။

ဦးလေးက သူ့စကားဆုံးအောင် နားမထောင်ရကောင်းလားဆို ပြီး ကျွန်တော့်အိပ်မက်ထဲအထိ လိုက်ပြီး ဖနောင့်နဲ့ပေါက်ဆုံးမနေ တယ်။ ကျွန်တော်ကတော့ တဟဲဟဲပေါ့။ မစိုးရိမ်ပါဘူး။

အပြင်မှာ အိပ်ပျော်နေတဲ့ ကျွန်တော့်ခန္ဓာကိုယ် သူ့လက်ဖျားနဲ့ တောင် မတို့ရဲဘူးဆိုတာ သိနေတယ်လေ။ ဦးလေးလည်း သိဝါတယ်။

ကျွန်တော့်ကိုထိရင် ဘွားဘွားနဲ့ ငြိမယ်ဆိုတာ…။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ခေတ်မီတယ်။ သားနားတယ်။ ထည်ဝါတယ်။ ခန့်ညား တယ်။ ခမ်းနားတယ်ဆိုတာတွေ စည်းညွှန်ထားတဲ့ အိမ်တော်ကြီးကို ကျွန်တော် ဦးညွှတ်လိုက်တယ်။ သုံးထပ်မှာ နှစ်ထပ်ကလေသာဆောင် လုပ်ထားတယ်။ ဗိသုကာတွေခေတ်ဟောင်းနဲ့ ခေတ်သစ်ကို ရောနှော ပုံစံဆွဲပေးတဲ့အတိုင်း တည်ဆောက်ထားပုံရတယ်။

ရေကူးကန်ကြီးကလည်း ပြာလွင်နေတယ်။ ထူးဆန်းတာက ရေကူးကန်အလယ်မှာ ရေပန်းရုပ်တုတစ်ကောင်ပေါ်တစ်ကောင်ခစင့်ပြီး ထုထားတဲ့ ငါးကြီးတွေက ပါးစပ်ဟာပြီး ရေပန်းတွေမှုတ်ထုတ်ဟန်နဲ့ ရေပန်းအခင်းတန်ဆာဖွဲ့ထားတယ်။

အဝင်အထွက် ပြုလုပ်ထားတဲ့ စက်ဝိုင်းပုံလမ်းကြီးကို ကျောက် ပြားအပြည့်ခင်းထားတယ်။

ဗွီဒီယိုကင်မရာကနေ လှမ်းကြည့်ပြီး အဝေးထိန်းခြံတံခါးကြီး ကို ဖွင့်ပေးတယ်။ လိပ်ခုံးပုံဆင်ဝင်အောက်မှာ ရှိတဲ့ အိမ်တံခါးမ အပေါက်မှရပ်နေစဉ်မှာပင် ပန်းကနုတ်ထွင်းထားပြီး ပေါလစ်ရောင် ပြောင်သန့်နေတဲ့ ကျွန်းတံခါးကြီးပွင့်လာတယ်။

အပေါ်ဖြူအောက်ပြာဝတ်ဆင်ထားတဲ့ အိမ်ဖော်အမျိုးသမီးကြီး တစ်ယောက်က တရိုတသေ ဖွင့်ပေးတယ်။ စကျင်ကျောက်ပြားခင်း

www.burmeseclassic.com

www.burmeseclassic.com



အကာန့်မှာ ဖိနပ်ချွတ်ပါဆိုတဲ့ စာတန်းချိတ်ထားလို့ ဖိနပ်ချွတ်လိုက်ရတယ်။ အိပ်ခန်းလုံးပြည့် အီဂျစ်ကော်ဇော။ အီတာလျံကော်ဇောတွေခင်းထားတယ်။ အလင်းပေးပုံကို အမြင်မရိုင်းအောင် အနုပညာဆန်ဆန် ထွန်းညှိပေးထားပုံကလည်း လှတယ်။ ဖန်မီးဆိုင်းဘုတ်ကြီးကလည်း ရွှေပေါင်တွေကွပ်ထားတဲ့ မျက်နှာကြက်နဲ့ ပန်ရလှဘိ။

ထောပတ်လို အိနေတဲ့ ထိုင်ခုံကြီးမှာ ကျွန်တော် ဝင်ထိုင်လိုက်ပေမယ့် ဦးလေးက မထိုင်ဘူး။ အိမ်ဖော် အမျိုးသမီးယူလာတဲ့ သစ်သားခုံပုလေးတစ်လုံးအပေါ်မှာ ဦးလေးဝင်ထိုင်တယ်။ ဒါ ဘာသဘောလဲ။

ဦးလေးအတွက်ပဲ သီးသန့်ခုံပေးဖို့ အိမ်ရှင်ကမှာထားပုံ တူပါရဲ့။ ကျွန်တော် စိတ်လက်မအီမသာဖြစ်သွားတယ်။

ဆင်းလာပါပြီ စတီးလ်ရောင် ပြောင်နေတဲ့ လက်ကိုင်ကြောင် လိမ်တတ်ထားတဲ့ လှေကားပတ်လမ်းအတိုင်း တိမ်သားတိမ်ဆိုင်နှယ် ဆင်းလာပါပြီ။ ဤလှေခါးမျိုး ဆယ်ခါလောက်ပြေးတက်လျှင် ရက်လေဘာယ် ခြောက်ပက်လောက် သော က်ထားသလောက်နှင့် ညီမျှသွားလိမ့်မည်ထင့်၏။ အိမ်နေရင်းမှာပင် စူးပြင်းသော ရေမွှေးတွေ ပုလီမှ်ပြောက်သုံးလာသလားမသိ။

ပုံစံကလည်း ခေတ်မီသည်။ အသက်အရွယ် ငါးဆယ်နီးပါးရှိမည်လားမသိ။ ဖြူရွှသော အသားအရေ နှုတ်ခမ်းထူထူပေါ်မှာ ဆေးနီက ပြေပြေ၊ ကပ္ပလီမ မျက်လုံးမည်းမှောင်နေအောင် ကာလာလိုင်နာနဲ့ မျက်တောင်အတုက တပ်ထားသေး၏။ နှာတံက မွဝိုနှာတံမျိုး၊ ဆံပင်က ဂျပန်ဆံတောက် အားလုံးကို ခြုံကြည့်လျှင်ကြည့်ကောင်းပါသည်။ ခန္ဓာကိုယ် အဖုအထစ် အတွာအပတွေ မခံထားလျှင် ပို၍ကြည့်ကောင်းပါသည်။ ပေါင်းတွဲတိုပြုမှုများ၍ မျက်နှာလေးမှာ အဆီးကြည့်နုသလိုလိုနှင့် အနီးကြည့်လျှင် ရေထိုးထားသောကြက်သားနှင့် တူလှ၏။

'သူလား'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသက်ထား စပြောလိုက်သောစကား။ မယားငယ်ငွေခြူသံပေါက်နေ၏။ ဦးလေးကိုကြည့်ပြီး ကျွန်တော့်ဘက်မေးထိုးမေးလိုက်ခြင်းဖြင့်...

'ဟုတ်တယ်'

ဟု ဦးလေးဖြေသည်၊ ဖြေသံက သံပြတ်။

'မင်းနာမည်က ဟန်ဒီလင်းနော်'

'ဟန်ဒီလင်း... နောက်ကနော်မပါပါဘူးခင်ဗျာ'

ကျွန်တော့်စကားကို ဒေါ်မြသက်ထား သဘောနည်းနည်းတွေသွားဟန်ဖြင့် အသံတိတ်ပြုံးရယ်နေ၏။

'မောင်ဟန်ဒီလင်း'

ဒေါ်မြသက်ထားက ကြိမ်းသေသွားအောင် ထပ်ခေါ်သံ။

'ဟုတ်ကဲ့'

ကျွန်တော် ဒီထက်ပိုပြီး ဘာပြောရမှန်းမသိဘူး။ ဦးလေးလည်း ငြိမ်လျက်သား။

ဒေါ်မြသက်ထားက အကဲဖမ်းသလို လှမ်းကြည့်လိုက်သည်။

'ဒါဆိုရပြီ၊ ကိုစိန်နိုင်မှာကော အခြားအတွေ့အထူး ကိစ္စရှိသလား'

'မရှိပါဘူး၊ ဟန်ဒီလင်းကို မြသက်ထားတို့ဆီအပ်ဖို့ သက်သက်အတွက်ပဲ လာတာပါ၊ ကဲ... ဟန်ဒီလင်း မင်း ဒီမှာ အကောင်းဆုံးဖြစ်အောင် အမြဲနေထိုင်ပါ၊ ဦးလေး သွားမယ်၊ မြသက်ထား... ကျွန်တော် သွားမယ်'

'ကောင်းပါပြီ၊ ကောင်းပါပြီ'

ဘယ်လောက်နွေးထွေးလိုက်တဲ့ ဆက်ဆံရေးလဲ။ ဒါလားအမျိုးတွေ။ ဒါလား သွေးသားဖွဲ့စည်းစပ်တော်ရတဲ့အမျိုးကွ။ ကျွန်တော် စိတ်ပျက်လက်ပျက် နှုတ်ဆိတ်နေချိန်မှာပဲ ဦးလေးပျောက်ကွယ်သွားပြီ။

'မင်းကို ညစာစားမယ့် ထမင်းဝိုင်းကျမှ အိမ်သားတွေနဲ့မိတ်

www.burmeseclassic.com

www.burmeseclassic.com


ဆက်ပေးမယ်၊ မင်းနေရမယ့်အခန်းကို ဒေါ်ကျစ်လိုက်ပြလိမ့်မယ်၊ ဒီအိမ်မှာ နေရင် မင်းဘာမှလုပ်စရာမလိုဘူး၊ ဒါပေမဲ့ စည်းကမ်းတော့ လိုက်နာရမယ်၊ အန်တီရဲ့စည်းကမ်းမဟုတ်ပါဘူး၊ မင်းနဲ့ဆိုအစ်မတော်တဲ့ အန်တီ့သမီး ထားထားအောင်ဝေထုတ်ထားတဲ့ စည်းကမ်း၊ တစ်နည်းပြောရရင် မင်းအတွက် သီးသန့်ထုတ်ပြန်ထားတဲ့စည်းကမ်းပေါ့'

ခက်ပြီ။ လွတ်လပ်တဲ့ ကောင်းကင်ထင်၍ ပျံဝဲခဲ့မိခါမှ ကောင်းကင်ယောင်ဆောင်ထားသော လှောင်အိမ်ကြီးနဲ့ လာတိုးနေရပြီ လေ။

'ဒါနဲ့ မင်းကို ပြောသင့်တာ ပြောရဦးမယ်'

'ဟုတ်ကဲ့'

'မင်း ဒီနှစ်ဆယ်တန်း စာမေးပွဲကို မဖြစ်မနေ ပြန်ဖြေရမယ်၊ မင်းဘဝအတွက်ပြောတဲ့ စေတနာကို မင်းနားလည်ပါ'

'ဟုတ်ကဲ့'

'မင်းကိုယ်တိုင်ရော ပြန်ဖြေချင်စိတ်ရှိရဲ့လား၊ ပညာတတ် မဖြစ်ချင်ဘူးလား'

'ဟုတ်ကဲ့၊ ကမ္ဘာကျော်တဲ့ ပညာတတ်ကြီးဖြစ်ချင်ပါတယ်'

'ဖြစ်ချင်ရင် ကြိုးစားပေါ့ကွ'

'ကြိုးစားတာ ဆယ့်နှစ်ကြိမ်လောက်ရှိပါပြီ၊ မိုက်ပြည့်တာပဲ အဖက်တင်ပါတယ်'

ကျွန်တော့်စကားကြောင့် ဒေါ်မြသက်ထား အနည်းငယ် ကြောင်သွားရာ မျက်မှောင်ချိုးသွား၏။

'နောက်ထပ်တစ်ချက် ထပ်ပြောရဦးမယ်၊ လူကြီးကိုမနောက် ပြောင်ပါနဲ့'

'ဟုတ်ကဲ့'

ဒေါ်မြသက်ထားရဲ့ အချိုးမပြေတဲ့အကြည့်မှာ ဒေါသငြိုးတွေ တပ်ဆင်ထားတယ်။ ဒီအချိန်မှာ ဒေါ်ကျစ်ဝင်လာပြီး ကျွန်တော့်အိတ်ကို ကြည့်၏။ ထိုအခါမှ ဒေါ်မြသက်ထားက သတိထားမိသွားဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း အဝတ်အစားတွေ မပါဘူးလား၊ ဒီကျွတ်ကျွတ်အိတ်ထဲက ဘာတွေလဲ၊ အကျီတွေလား'

'မပါပါဘူးခင်ဗျာ၊ ဒီအိတ်က ချေးသုတ်လက်ကိုင်ပဝါတွေပါ၊ ဒါတွေသုတ်ပြီး လွှင့်မပစ်တာက ပြန်လျှော်ဖွတ်ပြီး ကျွန်တော့်အတိုးကို အမှတ်တရလက်ဆောင်ပေးချင်လို့ပါ၊ သူ့အတွက် နောက်တစ်ခါအမှားမရှိအောင် ချေးသုတ်ပဝါများများဆောင်ထားဖို့ လိုတယ်လေ၊ ဒီအတွေးနဲ့ ကျွန်တော် အဲဒီလိုဝယ်လာခဲ့တာပါ'

ဒေါ်မြသက်ထား နားမလည်။ ဒေါ်ကျစ်လည်း ခေါင်းကုတ်ပြီး သန်းဥချွဲသွားပါရော။ ကျွန်တော်က ကိုယ့်အိတ်ကိုကိုယ်အမြတ်တနိုးဆွဲလိုက်ပြီး ဒေါ်ကျစ်ကို ရှေ့ကသွားဖို့ လမ်းပြလိုက်တယ်။ သွားခင်လေးမှာ…

'သြော်… အန်တီ၊ ဒီမှာကစည်းကမ်းချက်တွေများလို့ သိထားအောင် ကြိုမေးထားတာပါ၊ ဒီလိုလေ၊ ကျွန်တော်တို့နယ်ကလူတွေက ဘာမဆို ပွင့်ပွင့်လင်းလင်းပဲ၊ သိတယ်မဟုတ်လား'

'ကဲ… မင်း ဘာပြောချင်တယ်ဆိုတာ လိုရင်းပဲပြော'

'လေလည်ရင်ကော အသံမြည်ခွင့်ရှိပါသလားခင်ဗျာ'

ဟင်ခနဲဖြစ်သွားတဲ့ ဒေါ်မြသက်ထားမျက်နှာအဖြေကိုစောင့်မနေဝံ့တော့လောက်အောင် ဖြစ်သွားသည်မို့ ကျွန်တော် သုတ်ခနဲလှည့်ထွက်လာခဲ့ပါရော။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ဒါကတော့ လွန်လွန်းအားကြီးတယ်။

ကဲ… ကြည့်… အခန်းထဲမှာရှိသမျှ နံရံအားလုံးပေါ်မှာ စည်းကမ်းချက်တွေ ရိုက်ကပ်ထားလိုက်ပုံက အခန်းနှင့်လမ်းညွှန်ဆိုင်းဘုတ်များနိုင်လောက်၏။

စကားကျယ်ကျယ်မပြောရ။

ဒီလိုမနေနဲ့. ဒီလိုနေ (ဘောလုံးပုံကြီးပြုံးနေပုံ)

ကျေးဇူးမဆပ်ချင်နေပါ၊ ကျေးဇူးမကန်းပါနှင့်ဆိုသော ဆိုင်းဘုတ်ကကြားညှပ်ပါလိုက်သေးတယ်။

သင်၏စိတ်နှင့်ခန္ဓာကိုယ်အား မင်္ဂလာတရားနှင့်အညီ နေထိုင်သင့်ပေသည်။ ဟင်း… သူ့ကိုယ်ပိုင်စာသားတွေလည်း ထွင်ထည့်လိုက်သည်။

တွေ့မယ် နောက်နေ့မှ အဲဒီစာတန်းတွေနေရာမှာ စိတ်ညစ်တယ်၊ စိတ်လေတယ်၊ ဆရာမလုပ်နဲ့၊ ဘောလုံးနဲ့တူအောင် မပြုံးနိုင်ဘူး၊ တော်ပါတော့စတဲ့ စာသစ်တွေ ပြောင်းကပ်လိုက်ရဦးမယ်၊ အခု တော့ ရှိစေတော့ပေါ့။

တကယ်ပါ။ ပန်းချီကားဆိုလို့ ပြတင်းပေါက်ဖွင့်ကြည့်တော့မှ ပြင်ပကမြင်ရတဲ့ မြင်ကွင်းပဲရှိလိမ့်မယ်။ ခြင်လုံဆန်ခါတပ်ပြီး လိုက်ကာကြီးဆယ့်နှစ်ရာသီချထားတဲ့ ဒီပြတင်းကို ဘယ်လိုဖွင့်ခွင့်ပေးမှာ မလဲ။ ဟူး မောပြီ။ ဖြူလွှသော မွေ့ရာကြီးပေါ် ဒိုင်းခင်ထိုး ဦး တစ်ရေးလောက်နှပ်လိုက်ဦးမည် စိတ်ကူးသီဆဲ…

www.burmeseclassic.com



'ဝင်ခွင့်ပြုပါကွယ်'

'ဘယ်သူလဲ'

'အကျစ်ပါ'

'ဘယ်က အချစ်လဲ၊ ငါ့နားမှာအချစ်မရှိဘူး၊ အချစ်မရှိမဝင်ရ'

'အို… ကလေးကလည်း တယ်နောက်သကိုး၊ အချစ်မဟုတ်ပါဘူးကွယ်၊ ခေါက်ကျစ်ပါ၊ ကိုယ့်ဘာသာပြောရင်း အကျစ်၊ အကျစ်ဆိုတာထည့်ပြောတတ်တဲ့ အကျင့်ပါပြီး နှုတ်ကျိုးနေလို့ အဲဒီလိုပြောလိုက်မိတာပါ'

'ဝင်ခဲ့လေ'

'ကလေးအတွက် ညအိတ်ဝတ်စုံ လာပို့တာပါကွယ်'

'ဗိုက်ဆာလို့ တစ်ခုခုစားစရာရှိနိုင်မလား'

'ဒီအိမ်မှာက ထမင်းကို အချိန်နဲ့စားကြတယ်ကွယ့်၊ အဆာပြေဖြစ်ဖြစ် ကော်ဖီနဲ့မုန့်ရှိတယ်'

'ကော်ဖီမကြိုက်ဘူး၊ ဘာမုန့်ရှိသလဲ'

'ဘီစကစ်နဲ့ ကိတ်မုန့်'

'အဲဒီမုန့်တွေလည်း မကြိုက်ဘူး၊ အပြင်ထွက်စားလိုက်ဦးမယ်၊ ပြန်လာမှပဲ တစ်ရေးလောက်နှပ်လိုက်တော့မယ်'

'အပြင်ကိုသွားမယ်'

'ဟုတ်တယ်လေ၊ အပြင်ကိုသွားမယ်ပြောတာနဲ့ ဘာလို့မျက်လုံးကြီး ပြူးနေရတာလဲ'

'မမလေး အခွင့်ရှိမှ အပြင်ထွက်နိုင်မှာကွဲ့၊ မမလေးက အိမ်ရောက်လို့မှ သိပ်မကြာဘူး၊ အပြင်ပြန်ထွက်တတ်တဲ့သူမျိုးကို သူ ဘယ်လိုစဉ်းစားပေးနိုင်မလဲ မသိဘူး၊ ခြေများတယ်ထင်တာမျိုးကိုတော့ သူမကြိုက်တာအမှန်ပဲ'

ကျွန်တော် ကိုယ့်နဖူးကိုယ်ရိုက်ပြီး လက်မြှောက်လိုက်အလေးပြုလိုက်လုပ်ကာ…

www.burmeseclassic.com

www.burmeseclassic.com



'ဒီအိမ်မျိုးကတော့ ရှာမှရှား၊ ကမ္ဘာရှားပဲ၊ သူ့တို့ပြောသမျှတို ကျွန်တော်က ကျေးဇူးတင်ပါတယ်လို့သာ ပြောလိုက်ပါ၊ ပေး… အဲဒီဝတ်စုံ… ဒီဝတ်စုံက ဘယ်အချိန်ကနေ၊ ဘယ်အချိန်အထိ ဝတ်ရမှာလဲ'

'ညဝတ်အိတ်တာပဲကွယ်၊ မနက်မိုးလင်းလို့ ချွတ်လိုက်ရင် ရပါတယ်'

'ကျွန်တော် မနက်သုံးနာရီလောက်လည်း နိုးချင်နိုးတာပဲ'

'အိပ်ကောင်းတဲ့အချိန်ကြီး ဘာထလုပ်တာလဲ'

'ကျန်းမာရေးလေ့ကျင့်ခန်းလုပ်တယ်၊ ဘုရားရှိခိုးတယ်၊ တရား ထိုင်တယ်၊ ဘာလဲ မယုံလို့ ပြုံးကြည့်နေပြန်တာလား'

'ဒီလို ဒီလို မထင်ပါနဲ့ကွယ်၊ မင်းအရွယ်လေးနဲ့'

'သေခြင်းမှာအရွယ်မရှိဘူး၊ လူတိုင်း အချိန်မရွေး သေနိုင်တယ်၊ ဒေါ်ကျစ်က ဘယ်အရွယ်မှာ ကောင်းတာလုပ်သင့်တယ်ထင်လို့လဲ'

'မထင်ပါဘူး၊ လုပ်နိုင်လေ ကောင်းလေပါပဲ၊ ကလေး အတွက် အဝတ်အစားတွေ မနက်ဖြန်ယူလာပေးမယ်၊ ကလေးကိုယ် တိုင်းလေး ယူသွားမယ်နော်'

အသင့်ချုပ်လုပ်ပြီးသား ဝယ်ဝတ်သည်မို့ ကျွန်တော့်ဆိုဒ် နံပါတ်ကို ပြောပြလိုက်၏။

'အကျစ်… နောက်တော့မှပဲ အိမ်ကအလုပ်သမားတွေ မိတ် ဆက်ပေးမယ်နော်၊ လိုအပ်ရင် ခေါ်ရလွယ်အောင်ပေါ့'

'ဒေါ်အကျစ်… အလုပ်သမားခေါင်းလား'

ဒေါ်ကျစ်က ခေါင်းညိတ်ပြ၏။

'ဒီအိမ်မှာ အလုပ်သမား ဘယ်နှယောက်ရှိလဲ'

'ရှစ်ယောက်ရှိတယ်၊ အကျစ်နဲ့ပိုင်းပြီး မီးဖိုချောင်ဝင်ပေးရတဲ့ အကူကောင်မလေးနှစ်ယောက်၊ ခြံဝင်းသန့်ရှင်းရေးအတွက်နှစ်ယောက်၊ ပန်းခြံပြုပြင်ပေးတဲ့သူကတစ်ယောက်၊ ဒရိုင်ဘာကနှစ်ယောက်၊

www.burmeseclassic.com

www.burmeseclassic.com



ရေစက်နဲ့ ရေကူးကန်အတွက် တာဝန်ယူရတဲ့ အလုပ်သမားက တစ်ယောက်'

'တစ်ယောက်ကို လခဘယ်လောက်ပေးလဲ'

'တစ်လကို ခုနစ်ထောင်ကနေ သုံးသောင်းအထိရှိတယ်၊ အဆင့်လိုက်လို့ပေါ့ကွယ်'

'ဒါနဲ့ ဆရာမကြီး ထားထားအောင်ဝေက ဘယ်သွားနေလဲဗျ'

'သူက အလုပ်များတယ်၊ သူ ဘယ်သွားသလဲဆိုတာ အကျစ်တို့ စပ်စုပိုင်ခွင့်မရှိပါဘူးကွယ်'

'ဒေါ်မြသက်ထားရဲ့ ခင်ပွန်းကကော ဘယ်သွားနေလဲ'

'မြို့ထဲက တာဝါတစ်ခုမှာ ရုံးခန်းကျယ်ကြီးဖွင့်ထားတယ်၊ အဲဒီကိုသွားပြီး အုပ်ချုပ်ကွပ်ကဲနေတယ်'

'ကုမ္ပဏီပေါ့'

'အင်းပေါ့'

'သူတို့က ဘာတွေလုပ်တာလဲ'

'အစုံပဲ၊ ပုစွန်ငါးရော၊ သစ်တော၊ လက်ဝတ်ရတနာကော၊ ပြည်ပက ကုမ္ပဏီတွေနဲ့ အကျိုးတူ အပြန်အလှန်ဆက်သွယ်ပူးပေါင်းလုပ်နေကြတာလို့တော့ သူတို့ခဏခဏပြောတာကြားဖူးတယ်'

'ဒေါ်မြသက်ထားက အိမ်မှာ အခန့်သားထိုင်ပြီး စီမံယူနေတာပေါ့'

'အဲဒါကိုက အလုပ်ကွဲ့'

ဒေါ်ကျစ်စကားကြောင့် ကျွန်တော် ရယ်နေမိ၏။ ခဏဝင်လာသော ဒေါ်ကျစ်ကြီးက အခန်းထဲမှာ အပါးခိုသလို အချိန်ဖြုန်းနေတာ ဒေါ်မြသက်ထား တွေ့သွားလျှင်...

'ဟာ... ဟိုမှာ ဒေါ်မြသက်ထား'

'အမယ်မင်း... သွားမှ၊ သွားမှ၊ မေ့ပြီးစကားကောင်းနေတာ ကလေးရေ၊ မမလေးသိသွားလို့ကတော့ ဆင်ရိုင်းမုန်ယိုတာထက် ဆိုးသွားလိမ့်မယ်၊ လန့်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက လျှာကြီးတစ်လစ်ထုတ်ပြပြီး နောက်ပြန်တံခါး ဆွဲပိတ်ထွက်သွားသော ဒေါ်ကျစ်ကြီးကို သူ တမင်ပြောင်နောက်ပြော လိုက်ခြင်းပင်။ ဟာနေသော တံခါးမှ အပြင်ဘက်ကို မြင်ရသော်လည်း ဖြတ်သွားဖြတ်လာမရှိ။ သို့ငြား ယုံသင့် မယုံသင့် မစဉ်းစား။

ဒေါ်မြသက်ထားဆိုတာနဲ့ အကျစ်ကြီးတို့မှာ ပွဲပြီးမီးသေပြီး သား။ အရှိန်အဝါ...

ဟော့ဒီအိမ်သားတွေနဲ့ သူတို့ရဲ့ အဆောင်ဆောင်အခန်းခန်း အရှိန်အဝါတွေ ကျွန်တော့်အပေါ် ဘယ်လောက်တောင် လွှမ်းမိုးနိုင် မှာတဲ့လဲ။

ကောင်းကင်ကြီး ဘယ်လောက်ကျယ်ကျယ်။
မြေကြီးကို မပြီးမသယ်နိုင်ပါဘူး။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင်း ညစာထမင်းဝိုင်းမှာပင် ပွဲတက်ဝတ်စုံတွေအလား ဝတ်ဆင်ထားကြ၏။ ဧည့်သည်အသစ်နှင့် မိတ်ဆက်ရမည့်ညမို့လား သေ၊။

လှပါသည်။ ပြုံးနေသည်ထင်ရသော မျက်လုံးလေးများ ဝိုင်းစက်နေကြသည်။

ရှူးခြွေဝန်ပိုးထားသော နှုတ်ခမ်းလေးများ ကိုင်းညွတ်ပြေကျသွားပုံက အနုလက်ရာဆန်လွန်းလှ၏။ ပျော့ပျောင်းသော ကေသာက ကျောပြင်ဖုံးအောင် ဖြာဆင်းလွှမ်းဖြန့်။

တစ်ခုချင်းစီ ခွဲခြားကြည့်လျှင်လည်း ကြည့်ကောင်း၏။

မျက်နှာနှင့် ခန္ဓာဗေဒကို ပေါင်းရုံကြည့်လျှင်လည်း လှပရှင်းကြော့နေ၏။

ထိုအညွှန်းတို့ဖြင့် ပြီးပြည့်စုံနေသော ထားထားအောင်ဝေက ကျွန်တော့်ကို အထပ်ထပ်စိတ်ဖြာကြည့်လိုက်၊ တစ်စစီဆွဲထုတ်ကြည့်လိုက်နှင့် မသိမသာတစ်မျိုး သိသိသာသာတစ်နည်း ကြည့်ပြီးရင်းသာ ကြည့်နေ၏။

ထားထားအောင်ဝေနှင့်မခြား မိဘနှစ်ပါးကလည်း ကျွန်တော့်ကို အထူးအဆန်းဂြိုဟ်သားတစ်ယောက်လို ကြည့်နေကြပြန်၏။

ကျွန်တော် ထမင်းစားကောင်းသော်လည်း ထမင်းမထည့်ရ။ ဒေါ်ကျစ်လာဖြည့်ပေးသွားသော အချိုရည်ခွက်ကို ဒုတိယအကြိမ်မြောက် တစ်ငုံချင်းသောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းမစားခင် မိတ်ဆက်ပေးလို့ရလျက်သားနဲ့ ကျွန်တော့်ကို မျောက်တစ်ကောင်လို သဘောထားပြီး မျက်လုံးတွေနှင့် စကြတာ လွှန်လွှန်းပါသည်။

စားသောက်ပြီးစီး၍ လာရောက်သိမ်းဆည်းသွားကြသည်။ အချိုပွဲတွေ ဆက်ခင်း၏။

'မောင်ဟန်ဒီလင်းကို မိတ်ဆက်ပေးရမယ်'

'ဟုတ်ကဲ့'

'အန်တီ့ကိုတော့ အထူးမိတ်ဆက်ပေးစရာမလိုတော့ဘူးပေါ့ နော်'

'ဟုတ်ကဲ့'

'ဒီ အန်ကယ်နာမည် ဦးခင်အောင်ဝေတဲ့၊ အလုပ်အကိုင်ကို တော့ မင်းသိပြီးထားလောက်ရောပေါ့'

'ဟုတ်ကဲ့'

'ဒီဘက်က သမီးက မင်းနဲ့ဆိုမောင်နှမတော်တယ်၊ မင်းရဲ့ အစ်မဆိုလည်း မမှားဘူး၊ နှစ်ဝမ်းကွဲမောင်နှမတွေပါ၊ သမီးရဲ့နာမည် က ထားထားအောင်ဝေတဲ့၊ သေသေချာချာမှတ်ထားနော်'

'ဟုတ်ကဲ့'

'ဦးတို့အိမ်မှာ ပျော်သလိုသာနေပေါ့ကွာ'

ဦးခင်အောင်ဝေထံမှ ပျော်သလိုသာနေပေါ့ကွာဟု ညှို့ဝတ် စကား။

'ဟုတ်ကဲ့'

'မင်း ဒီမှာ နေတတ်အောင် နေရလိမ့်မယ်'

ထားထားအောင်ဝေ ညှို့ခံစကားပြောပြီး စပျစ်သီးမှည့်တစ် လုံးကို ဖောက်ခနဲ ကိုင်စားလိုက်ပုံမှာ သရေယိုချင်စရာ။ ကျွန်တော် စပျစ်သီးသုံးလုံးလောက်ဖြုတ်ပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။ အားလုံးက ကျွန်တော့်အပြုအမူအပေါ် သဘောတွေ့ပုံတွေ့ကြည့်နေ ကြ၏။ အရေးထဲ နှာချေချင်လာ၍

www.burmeseclassic.com

www.burmeseclassic.com



'ဟပ်ချိုး… ဟပ်… ဟပ်ချိုး'

လက်နှစ်ဖက်နှင့် အုပ်ကာပြီး ချိုလိုက်သောကြောင့် လက်ထဲမှာ နှာရည်အာရည်နည်းနည်းပေသွား၏။ တစ်သျှူးစထုတ်ယူပြီးလက်ကို သုတ်ပစ်လိုက်၏။ စပျစ်သီးကလည်း အရသာရှိလှ၏။ နောက်ထပ်သုံးလုံးလောက် ဖောက်ခနဲ ဖောက်ခနဲ စားချင်လာပြန်၏။ လက်နှင့်နှိုက်ဖို့လည်းမသင့်။ တစ်သျှူးခပ်ကြီးကြီးထုတ်ယူပြီး လက်မှာအုပ်လိုက်၏။

ကျွန်တော် လုပ်သမျှကို ရုပ်ရှင်ပြကွက်လို လိုက်ကြည့်နေကြပြန်၏။ ဒါတွေ ဂရုိက်နေရင် ကိုယ်ပဲငတ်မှာ၊ တစ်သျှူးအုပ်ထားသော လက်နှင့် စပျစ်သီးလေးငါးလုံးကို ဖြုတ်လိုက်၏။ ဖြစ်ချင်တော့ တစ်သျှူးစပေါက်ပြီး လက်ခလယ်တစ်ချောင်း ကျွံထွက်သွားပြီး စပျစ်သီးမှည့်တွေနှင့် သွားထိကုန်၏။

နှပ်ရည်ဆိုလျှင် ကျွန်တော် ရွံတတ်သလို သူများလည်း ရွံမှာစိုး၍ ကျွန်တော့်လက်ကို ဆေးသင့်နေပြီ။

'မင်း… အဲဒါ ဘာလုပ်နေတာလဲဟင်'

'စပျစ်သီးမှည့်ကို သန့်ရှင်းစင်ကြယ်စွာ လှမ်းဖြုတ်ယူတာပါ၊ လက်မှာခုနက ပေရေသွားလို့လေ'

ထားထားအောင်ဝေ မျက်နှာမှောင်တန်းသွား၏။ ဒေါ်မြသက်ထားကတော့…

'မင်းခုနတစ်သျှူးနဲ့ သုတ်ပြီးသွားပြီပဲ'

'မသန့်သေးဘူးထင်လို့ပါ'

ဦးအောင်ဝေက သိက္ခာပြုံးကြီးပြုံးလိုက်ပြီး…

'ဘေစင်မှာ ထဆေးလိုက်ပါလား ဟန်ဒီလင်း'

'ဦး… အနံကယ်လ်'

'ဦးလို့ ခေါ်ပါကွာ၊ အနံကယ်လ်တပ်မနေပါနဲ့'

'ဟုတ်ကဲ့၊ ကျွန်တော် ထပြီးသွားဆေးမလို့ပါ၊ ဒါပေမဲ့…'

ကျွန်တော့်စကားကို အသာငံ့လင့်နေသော မျက်လုံးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြ၏။ ကျွန်တော် ကြာရှည်ရေငုံနေသောအခါ ဦးခင်အောင်
ဝေက...

'ဒါပေမဲ့ ဘာဖြစ်သလဲ မောင်ဟာန်ဒီလင်း'

ကျွန်တော်က ဒေါ်မြသက်ထားနှင့် ထားထားအောင်ဝေတို့ကို
မပွံ့စားသလို ကြည့်လိုက်ပြီး

'ထမင်းစားချိန်မပြီးကြသေးဘဲ ထမင်းဝိုင်းကထမသွားရဘူး
ဆိုတဲ့ စည်းကမ်းချက်များ ထုတ်ပြန်ထားသလားလို့ပါ'

ကျွန်တော့်စကားကြောင့် သားအမိသားအဖသုံးယောက်သား
အကြည့်တွေ ကူးလူးယှက်ထွေးသွားကြ၏။

ကျွန်တော့်စိတ်ထဲမှာတော့

'ဟီ... ဟိ'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

'မေတ လိုအပ်တဲ့ စည်းကမ်းချက်ကိုပဲ ထုတ်ပြန်ထားတာပါ၊ ခေတ်ကြားတယ်၊ မင်းဟာ လူဆိုးလေးဆိုတာကြားတယ်၊ ဒီလိုနေသွားလို့ ဘယ်ဖြစ်မလဲ၊ လူကောင်းဖြစ်လာအောင် ပုံသွင်းပေးရမယ်'

'ကောင်းသလိုသာ လုပ်ကြပါတော့'

အပေါ်ဆုံးထပ်လေသာဆောင်မှာ ထားထားအောင်ဝေနှင့် ကျွန်တော် စကားပြောခွင့်ရနေခြင်းပင်။ ထားထားအောင်ဝေက စကပ်ဖားဖားကြီးဝတ်ဆင်ထားပြီး ဒူးချိတ်ထိုင်နေ၏။ ကျွန်တော်ကတော့ ပျင်းကြောကိုကြောင်လို ဆန့်လိုက်ခြသေ့ကြီးလို သမ်းဝေလိုက်နှင့်···

'မင်း မနက်ဖြန်ကစပြီး စာကျက်ရမယ်'

'ဗျာ'

'မင်းကို သဘာက်ခါ အလှည့်ကျဆရာ၊ ဆရာမတွေနဲ့ စာသင်ပေးမယ်၊ ဘော်ဒါထားရင် မင်းလွတ်နေဦးမှာ၊ အဲဒီတော့ ဒီအိမ်မှာပဲ တစ်ကိုယ်တော်ဝိုင်းယူပြီး စာသင်ရမယ်'

'ကျွန်တော်တစ်ယောက်တည်းတော့ မသင်တတ်ဘူး'

'ဘာဖြစ်လို့လဲ'

'စာမေးတိုင်း ကျွန်တော့်ချည်းပဲ မေးမှာပေါ့'

'အဲဒီလို မေးမှကောင်းတာပေါ့'

'ကျွန်တော့်အတွက် မကောင်းဘူးထင်တယ်'

'ကောင်းကိုကောင်းရမယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဖွတ်ကြီးပါလား'

'အေး… မမကတော့ ဖွတ်ပဲ'

'ပြဿနာပဲ'

'အေး… မမကတော့ ပြဿနာပဲ'

ကျွန်တော် ပါးစပ်ကို လက်နှင့်ပိတ်ထားလိုက်ရ၏။ အဆိုး ရောင်သလို '……'လို့များ ယောင်ထွက်လိုက်မိလျှင်…

'အေး… မမကတော့ ဟီး… ဟီ… ဟီ'

'ကြည့်စမ်း ဘာလို့ အလကားနေရင်းက ရယ်နေရတာလဲ'

'ရယ်ချင်တာ တွေးမိလို့ပါ'

'ဘာရယ်ချင်တာလဲ ပြောစမ်း'

'မပြောတတ်တော့ဘူး'

'မောင်ဟန်ဒီလင်း'

'ဗျာ… ဆရာမ၊ ဗိုလ်မ၊ မစ္စတာမ၊ သခင်မ'

'တိတ်စမ်း၊ မင်းကို ဘယ်သူနောက်ပြောင်ခိုင်းလို့ ဒီလောက် တောင် အတင့်ရဲလွန်းရတာလဲ'

သူများအိမ်မှာနေရတာ မလွယ်။ ယခင်အိမ်တွေ လွတ်လပ် အနေချောင်သလောက် ယခု အိမ်မှာ ကျပ်စည်းခံနေရသလို ခံနေရ၏။

'ကျွန်တော် မထားထားအောင်ဝေကို ဘယ်လိုခေါ်ရမလဲ'

'မမလို့ခေါ်ရင်ဖြစ်တယ်၊ မောင်နှမလေသံပဲဖြစ်ပါစေ၊ ချော် တော်တော်လေသံနဲ့ခေါ်မယ်မကြံနဲ့၊ ဒီမှာတွေ့လား'

ထားထားအောင်ဝေက သူမ၏ ညာလက်သည်းရှည်တွေကို ကုတ်ဆွဲမည့်ဟန်ပြုလုပ်ထောင်ပြ၏။ ကျွန်တော်က လက်သည်းတွေ ကို အဝေးကြည့်အနီးကြည့် ကြည့်ပြလိုက်ပြီး…

'လက်သည်းတွေက လှတော့လှတယ်၊ လက်သန်းမှာ ခြေ ဖတ်နည်းနည်းတွေ့တာ မသင်္ကာဘူး၊ ကေ့နှ နှပ်ချေးခွာထားတာ မဟုတ်လား'

'ဟန်ဒီလင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'ဒီနေ့အဖို့ မင်းနဲ့စကားဆက်ပြောလို့ ဖြစ်မှာမဟုတ်ဘူး'

'အဲဒီတော့'

'ဘာလဲ၊ မင်း ဒီဝရန်တာပေါ်က ခုန်ချလဲသေလိုက်ဖို့ကောင်းတဲ့ လောင်လေးပဲကွ'

ကျွန်တော် ပလက်စတစ်ထိုင်ခုံကြီး မ,ရွှေ့သွားပြီး ထိုင်ခုံပေါ်မှ ဝရန်တာပေါ်တက်ထိုင်လိုက်၏။

'အဲဒါ ဘာလုပ်ရပြန်တာလဲ၊ ရူးနေလား'

'ခုန်ချပြမလို့ပါ'

ကျွန်တော်ပြောပြီး ပလတ်စတစ်ထိုင်ခုံကို ကောက်ယူလိုက်၏။ ထိုင်ခုံကို အောက်ပစ်ချမည့်ဟန်ပြုလိုက်စဉ်...

'တကယ်လူဆိုးပဲ၊ မင်း အခုပြန်ဆင်းစမ်း၊ မဆင်းရင် လာတွန်းချလိုက်မှာနော်'

ကျွန်တော် ခုံကို အသာပြန်ချပြီး ဝရန်တာကြမ်းခင်းပေါ် ပြန်ဆင်းလိုက်၏။ ထားထားအောင်ဝေ အနားမှာ လက်ကလေးနှစ်ဖက် နောက်ပစ်ရပ်လိုက်ပြီး ရိုကျိုးသေလဲဖြင့်...

'ကျွန်တော် ဘာဆက်လုပ်ရမလဲ မမ'

ထားထားအောင်ဝေက ကျွန်တော့်ကို စိမ်းစိမ်းစူးစူးကြီးဖြင့် ကြည့်လိုက်ပြီး နားကွဲမတတ်အောင် အော်ဟစ်ပြောလိုက်သည်မှာ...

'ဒီနေရာက အခုအမြန်ဆုံးထွက်သွား'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ မမ'

'ပြောလိုက်ရင် ဟုတ်ကဲ့ချည်းပဲ၊ လုပ်နေတာက ဗာလဲ၊ ဘယ်လိုဖြစ်ရတာလဲ၊ မနက်စောစော ထတတ်တယ်ဆိုလို့ လူတ အခုအချိန်အထိ အိပ်နေတာ ဟုတ်သေးရဲ့လား'

ရှစ်နာရီတောင် ခွဲနေပြီ၊ ဗွား... ညက မမကျက်ခိုင်းတဲ့ ဘိုင်အိုနှစ်ပုဒ်ကို အလွတ်ရအောင် ကျက်ရင်းနဲ့ အိပ်ရာဝင်နောက်ကျ သွားလို့ပါ'

'ရပြီလား အဲဒီနှစ်ပုဒ်'

'တစ်ဝက်ရမါပြီ'

'ထိုင်းလိုက်တဲ့ ညဏ်၊ တစ်ဝက်ဆိုတော့ တစ်ပုဒ်ပဲရသေး တယ်ပေါ့'

'မဟုတ်ဘူး၊ တစ်ပုဒ်ပြည့်ဖို့ တစ်ဝက်လိုနေတာကို ရသေး တာ'

'မလွယ်ပါလား၊ မဖြစ်ဘူး၊ နောက်နေ့ညကစပြီး သုံးပုဒ် ကျက်ခိုင်းမှဖြစ်မယ်'

'နှစ်ပုဒ်တောင် မရတဲ့ဟာ၊ သုံးပုဒ်ဆို ပိုဆိုးမှာပေါ့'

'မလိုချင်ဘူး၊ မရရင် မနက်စာဖြတ်မယ်၊ နောက်နေ့ထပ် မရရင် နေ့လယ်စာဖြတ်မယ်၊ ဟိုကွာ ညစာပါ ဖြတ်မယ်'

'ညှဉ့်သည်နှင်နည်းအသစ်လား၊ ချွေတာရေးစနစ်အသစ်လား'

www.burmeseclassic.com

www.burmeseclassic.com



'မင်းအတွက်ဆိုတာ သဘောပေါက်လျက်သားနဲ့ ဘာလို့ လေကုန်ခံပြီး မေးနေရတာလဲ'

'ဟုတ်ကဲ့ပါ၊ ကျွန်တော် သန့်ရှင်းရေးသွားလုပ်လုပ်ဦးမယ်'

'နေဦး၊ မမ အလုပ်သွားရတော့မှာကွ၊ ရသလောက်စာပြန်'

'ဟာ… မမကလည်း သွားမှမတိုက်ရသေးတာ၊ အာပုပ်စော်နံမှာပေါ့၊ သွားတိုက်ပြီးမှ ပြန်မယ်'

'ဒီမှာအချိန်သိပ်မရတော့ဘူး၊ မင်းကို စေတနာနဲ့ ဝိုက်လုပ်ပေးတာ၊ နံချင်နံပါစေ၊ စာပြန်'

'အဟဲ… ဟိုလေ ကျက်ထားတဲ့စာတွေကို အဟုတ်မေ့နေတယ်၊ ခဏလေးလောက် ပြောပေးပါလား'

မမက မျက်စောင်းထိုးပြီး စားပွဲပေါ်မှ ဘိုင်အိုစာအုပ်ကို လှန်ကာ အစစာလုံးကို ပြောပြ၏။ အစဝါကျကို သူဆိုပြီးသည်နှင့်

'နောက်ထပ်တစ်နေလို့ အစစာလုံးလေး ပြောပေးပါလား'

တစ်နေသော နေရာမှစာလုံးကို မမပြောပြလိုက်၏။ သုံးလေးလုံးဆိုပြီးသည်နှင့် တစ်နေပြန်၏။

'နောက်ထပ် အစစာလုံးနည်းနည်းလေးလောက်'

မမက မတ်တပ်ရပ်ပြီး ကျွန်တော့်ခေါင်းကို ခေါက်ခနဲခေါက်လိုက်တယ်။ မနာလှန်းပေမယ့် အီသွားတယ်။

'ဒီနေ့ တစ်နေကုန်ကျက်ထား၊ ညနေပြန်လာရင် မေးမယ်၊ နှစ်ပုဒ်လုံး မေးမှာ နားလည်လား'

'မမ လက်မပါကြေးလေ'

'စိတ်တိုအောင် လုပ်ရင်တော့ ပါသင့်ရင် ပါရမှာပဲ'

'ဒါဆိုရင် မမ သွားတာနဲ့၊ မန္တလေးကို ဖုန်းဆက်ပြီး ဘွားဘွားနဲ့ လှမ်းတိုင်လိုက်မယ်'

'ကြိုက်သလိုတိုင်၊ မင်းရဲ့ဘွားဘွားက ကိုယ်တိုင်ဖုန်းနဲ့လှမ်းဆက်ပြီး မမကို အပ်ထားတာ၊ လိုအပ်ရင် စေတနာရှေ့ထားပြီး ဆုံးမသွန်သင်ပေးပါတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကောင်းရော'

မမ အပြင်ထွက်သွားသည်နှင့် အခန်းထဲမှာ ကျွန်တော် ခုန်ပေါက်ကန်ကျောက်နေမိ၏။ မပြေးနဲ့။ ဒီလောက်တောင်ဖြစ်တဲ့ စေတနာတွေ။

'ကဲကွာ'

'ဝုန်း… ဘုန်း… ဖုန်း'

စေတနာနှင့်လဲလိုက်ရသော ခေါင်းအုံးနှင့် မှို့ယာကြီးခမျာ မသက်မသာ အရိုက်အထောင်းခံလိုက်ရရှာ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ကျွန်တော် အတင်းကာရော ငြင်းဆိုမှုကြောင့် နေ့တက်ကျောင်း တက်ခွင့်ရခဲ့၏။

မကေကိုယ်တိုင် စာသင်ပေးသော ကျောင်းကျောင်း…

မနှင့် လုပ်ဖော်ကိုင်ဖက်တွေ ပေါင်းစည်းဖွဲ့စပ်တည်ထောင်ထားသော အဆင့်မြင့်ဘော်ဒါနှင့် အဆင့်မြင့် စာသင်ဆောင်။ ပြင်ပကျောင်းသားများအတွက် အထူးသီးသန့်ရှယ်စာသင်ဝိုင်းတွေလည်းရှိ၏။ စာသင်ခန်းတွင်လည်းရှိ၏။ ကျွန်တော်က ကျွန်တော့်အတွက် ခဲယဉ်းလှသော ဘာသာရပ်တွေကို စာသင်ခန်းမှာယူပြီး ခဲယဉ်းသည့် ဘာသာရပ်တွေကို အထူးပိုင်းမှာယူရ၏။

တစ်သက်လုံး အောင်မည်မထင်ခဲ့သော ဆယ်တန်းစာမေးပွဲကို ဒီနှစ်မှာဖြင့် ကျွတ်တန်းဝင်ခွင့်ရလိမ့်မည်ထင်သည်။

အင်္ဂလိပ်စာသင်သော ကျောင်းဆရာက ကျွန်တော်နှင့်အကျင့်စရိုက်တူ၏။ သူတို့ကျောင်းသားတွေက ဂျက်အားနီးဟု နာမည်ပြောင်ပေးထား၏။ ရုပ်က ဂျက်လီနှင့်တူပြီး ဗလက အာနီးနှင့်တူ၏။ ရှောင်လိန်ဘုန်းကြီး သမထထိုင်၍ အရိုးပြိုင်းနေသလို ဗလမျိုးနှင့် စာသင်လျှင် မာန်ပါပါသင်တတ်၏။ တရုတ်ကပြားမျက်နှာပေါက်ဂျက်လီကို ကတုံးဘိုကေဆီရွှဲရွှဲသထားတတ်၏။

အနောက်အရွှတ်လည်း အလွန်ပြော၏။ ပျော်တတ်လွန်းသောကြောင့် စာသင်လျှင် ရယ်စရာတွေညှပ်ပြီး အာရိုက်လွန်းသဖြင့် တစ်ပတ်စာကို တစ်လလောက်ကြာအောင် သင်ယူရသူလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အချိန်ဆိုလျှင် ကျောင်းသားကျောင်းသူတွေ ပိုများသည်။ တဝါးဝါး တဟားဟားဖြစ်လွန်း၍ ကြီးကြပ်သည့် ဆရာတွေ လူယောင်ပြပြီး လာထားရတတ်၏။

ဆရာ့အမျိုးသမီးက ခရစ်ယာန်အသင်းဝင်လေ။

တစ်နေ့တော့ သူအိပ်ပျော်နေရင်း သူ့ဝိညာဉ်တွေက သူတို့ ဘုရားသခင်ဆီ ရောက်သွားတယ်။ အဲဒီအဆောင်ကြီးမှာ နာရီတွေ ချိတ်ထားလိုက်တယ်။ မနည်းမနောပဲတဲ့။ ဒါနဲ့ ဆရာ့မိန်းမက အဲဒီ အဆောင်ကြီးကို စောင့်နေတဲ့ အစောင့်တစ်ယောက်ကို မေးလိုက်တယ်။

'ရှင်တို့ ဒီနာရီတွေ ဘာလုပ်ထားတာလဲ'

'ဒီနာရီတွေက လူသားတွေရဲ့ အပြစ်ကို ဖော်ပြနေတာပါ၊ နာရီတစ်လုံးမှာ လူသားတစ်ယောက်ရဲ့ နာမည်ရေးထိုးထားတယ်၊ ဥပမာ ခင်ဗျား အပြစ်တစ်ခုကျူးလွန်ရင် နာရီလက်တံက တစ်စက္ကန့် ကို ရွေ့ပြလိမ့်မယ်။ အပြစ်နှစ်ခုလုပ်ရင် နှစ်စက္ကန့်ကို ရွေ့သွားတယ်၊ တချို့က အပြစ်တွေ တစ်နာရီထိုးလောက်လုပ်ကြတယ်၊ ဒါဆို တစ်နာရီ မှာပြတယ်၊ တချို့က အပြစ်တွေဆယ့်နှစ်နာရီလောက်စာလုပ်ကြတယ်။ ဒါဆို ဆယ့်နှစ်နာရီမှာပြတယ်။ အဲဒီလို အပြစ်တွေပြတဲ့အနေနဲ့ ဒီနာရီ တွေကို လုပ်ထားတာပါ'

'ဒါဆို ကျွန်မရဲ့ နာရီကော'

'ဒီမှာ ချိတ်ထားတယ်၊ ခင်ဗျားနာရီက တစ်နာရီဖြစ်နေတယ်၊ ခင်ဗျားအပြစ်တွေ တစ်နာရီလုပ်ထားတယ်၊ ဘုရားသခင်ထံမှာ အမြန် ဆုံး ဝန်ချတောင်းပန်ဆေးကြောပါ'

'ဟုတ်ကဲ့၊ ဘုရားကျောင်းတက်ရင် ကျွန်မ ဝန်ချတောင်းပန်ပါ့ မယ်၊ ဒါနဲ့ ကျွန်မ ခင်ပွန်းရဲ့ နာရီကောမတွေ့ပါလား'

'ခင်ဗျား ခင်ပွန်းရဲ့ နာရီလား၊ သူ့အပြစ်တွေ ဘယ်လောက် လုပ်ထားသလဲတော့ မသိဘူး၊ အခု သူ့နာရီကို ဘုရားသခင်က ပန် ကာ လုပ်ထားတယ်'

ဆရာ့စကားအဆုံးမှာ သဘောပေါက်သူတွေ ဝါးခနဲထရယ်

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ သေသေချာချာ နားမထောင်မိ၍ နားမလည်သူတွေက ကြောင်စီစီဖြစ်နေကြ၏။ ကျွန်တော်က ခပ်တည်တည်ဖြင့် ထောက်မေးလိုက်၏။

'ဆရာ ဘယ်လိုအပြစ်တွေ ကျူးလွန်ထားလို့လဲ'

'နင့်ကြီးတော်ကြီးကို ပြန်မေးကြည့်ဟေ့'

ဆရာပြန်ပက်လိုက်၍ ကျွန်တော် ပြန်ထိုင်ကျသွား၏။ ကျွန်တော့်ထက်ပိုကြီးသော မျက်နှာပြောင်သော ကျောင်းသားကြီးတစ်ယောက်က…

'နောက်ဆိုရင် သူ ဘုရားသခင်က ဆရာ့နာရီကို လေရဟက်လုပ်ပစ်လိမ့်မယ်ထင်တယ်'

'ဖောက်သည်ကြီးက နောက်တတ်သားပဲ၊ တကယ်ပြောတာ အခုလုမ်းပြောနေတဲ့ ကျောင်းသားကြီး မောင်တိုးတိုးနိုင်ဆိုတာ ဆယ်တန်းကို ဆယ်နှစ်ဖြေဖို့ ကြွေးကြော်ထားတာ ဆရာတို့ကျူရှင်မှာ ဖောက်သည်အဆင့်ဖြစ်နေပြီ၊ သူ့လောက်စာကျက်တာ သူပဲရှိတယ်၊ ကျူရှင်က ဒီဟာတွေ ဒီဟာတွေ အရေးကြီးတယ်ပြောလိုက်ရင် မှတ်ပြီး သူ့စာအုပ်ထဲ စတားတွေပြပြီး အရေးကြီးတဲ့သင်္ကေတတွေပြ၊ ပြီးရင် ဘေးနားက မှတ်ချက်ကလေးချလိုက်သေးတယ်၊ ဘာတဲ့၊ အသေကျက်၊ ဟဲ…၊ ဟဲ… ဟဲ… တကယ်ပြောတာ၊ သူ့စာအုပ်ဟောင်းကြီးမှာ အသေကျက်တွေပဲ ထပ်သွားတယ်၊ စာမေးပွဲပြီးတိုင်း ဒီသုံးလုံးနဲ့ ဒီအတန်းမှာ ဒီလိုထိုင်ပြီး ဒီစာတွေ ပြန်သင်နေတော့တာပါပဲ'

တိုးတိုးနိုင်ဆိုသော ကျောင်းသားကြီးကုပ်သွားရှာ၏။

ကျွန်တော်က…

'အဟမ်း… အဟမ်း'

'ဝေါပကလူကြီးစကားပြောမလို့ ချောင်းဆိုးနေတယ် ထင်တယ်။ ဒိုက်ထိုးပေးလိုက်ကြပါ။ မိုက်ခနဲဖြစ်သွားအောင်ပဲ ထိုးကြနော်၊ တော်ကြာမေ့သွားဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆရာက ဆက်တိုက်အုပ်နေသဖြင့် ကျွန်တော်တို့ နောက်တန်းကျောင်းသားတွေ ခွိခွိကွိကွိနှင့် အသာကုပ်ပြီး ရယ်နေကြ၏။ ထိုနေ့ကျူရှင်ဆင်းသောအခါ ကျွန်တော်နှင့်အဖွဲ့ကျ ခင်မင်လာသော တိုးတိုးနိုင်နှင့် ကောင်းမြတ်ကျော်တို့နှင့် တိုင်ပင်ပြီး နောက်အကောင်းစားလက်ကိုင်ပဝါတစ်ထည်ဝယ်လိုက်သည်။ ပဝါထောင့်စွန်းမှာ···

ချစ်သော မောင့်အတွက် အမှတ်တရသိမ်းဆည်းထားဖို့···

ခင်···

ထိုစာလေးရေးပြီး ကျူရှင်အနီးသို့ ပြန်လာလိုက်၏။ နောက်ဆက်ရှင်အတွက် အခန်းထဲမှာ အနားယူနေသော ဆရာ့နားကို သုံးဖောက်သား စကားရောဖောရောနှင့် စကားပြောပြီး ဆရာအလစ်မှာ ယာယီချိတ်ထားသော ဆရာ့တိုက်ပုံအင်္ကျီအောက် အိတ်ထဲလက်ကိုင်ပဝါကို သေသေသပ်သပ် ခေါက်ထည့်လိုက်၏။

ထင်ထားသည့်အတိုင်းပင် နောက်နေ့ဆရာကျူရှင်မလာ။ တစ်ပတ်တိတိကြာမှ ကျူရှင်ပြန်လာပြီး စာသင်၏။ ဆရာ့ထိပ်နားမှာ ဆံပင်ကွက်ကလေးကို ခပ်ထင်းထင်းမြင်လိုက်ရပါသည်။

ဆရာတို့နေသော လမ်းထဲမှာ စုံစမ်းကြည့်သောအခါ ဆရာတစ်ယောက်၏ လက်ချက်ကြောင့် ဆရာ့ထိပ်ကွက်ဖြစ်လာရခြင်းပင်။

လက်ကိုင်ပဝါကြောင့် စကားများရာက ဆရာကတော်က အော်လိုက် ဒေါသဖြစ်ဖြစ်နှင့် နီးရာဆွဲပြီး ကောက်ထုလိုက်၍ သုံးလေးချက်ချုပ်လိုက်ရကြောင်း သိရ၏။

(ခွင့်လွှတ်ပါ ဆရာ၊ ကျွန်တော် စကားများရန်ဖြစ်လို့ပြန်ချစ်ကြရုံလောက်ထင်လို့ ချိတ်ခဲ့မိတာပါ၊ ဆရာ့ကို နောက်နောင် အဲဒီလို ကျွန်တော်တို့ကို မနောက်ဝံ့တော့ပါဘူး)

ကျွန်တော်တို့အပြစ်တွေက ဆရာ့ကို ဖွင့်ပြောပြပြီး ကျောင်းဝန်းမှ ဆရာပိုဒေါ်ထပြီး ရှက်မွန်သွား၏။ သို့ဖြား သွေးအေးသွားသောအခါမှ နားလည်ခွင့်လွှတ်ရှာပါသည်။ ဆရာက ကျွန်တော့်ကို ဆရာ့ခ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားအောင်ဝေ၏ အမျိုးအခွေမှန်းသိသောအခါ…

'ဆရာမ မောင်ကတော့ တကယ့်ဖော်ပဲ'

'စိတ်မကောင်းပါဘူး၊ ဆရာ ဒီအတွက် ဆရာကြိုက်သလို သာ အရေးယူပါ ကျွန်မတို့ကျေနပ်ပါတယ်'

'နောက် အဲဒီလိုသာ မဖြစ်ရင် ပြီးတာပါပဲဗျာ၊ ကိုယ့်တပည့် တွေပဲ ရှိပါစေတော့ဗျာ'

ဤမျှနှင့်ပြီး။ ထိုပြဿနာကို ထားထားအောင်ဝေက အိမ် အထိ သယ်လာပြီး ညစာထမင်းစားပွဲလူစုံချိန်မှာ ဖောက်ခွဲ၏။ ည ဘက်မှေ့လေးကို ဖုန်းလှမ်းဆက်ပြီး ဖောက်ခွဲ၏။ စည်းကမ်းချက် အသစ်တွေ ထပ်ထုတ်၏။

ကျွန်တော်က အရုပ်လိုသာ နေပေးလိုက်ပါသည်။ စိတ်ညစ် တယ်။ ကိုယ့်အတွက် ဘာပဲလုပ်လုပ် အပြစ်ဖြစ်နေရတဲ့ လောကကြီး ထဲမှာ နေထိုင်ခွင့်ရနေတာကို စိတ်ညစ်တယ်။

ထစ်ခနဲရှိ ဆရာမ ပါဝါကို ဒီဂရီကုန်အောင် အစွမ်းဖွင့်ပြချင် တဲ့ ထားထားအောင်ဝေကို စိတ်ညစ်တယ်။ အထက်တန်းကျတဲ့ ယဉ် ကျေးမှုတဲ့။ သူတို့ဘာသာ သူတို့သတ်မှတ်ချက်ပေးထားတဲ့ ဟန် ဆောင်ပန်ဆောင် ယဉ်ကျေးမှုကြီးကို စိတ်ပိန်တယ်။ တော်ရုံစံနှုန်းနဲ့ ဝှဏ်ဒြပ်တွေ လေးလံပိတ်ဖုံးနေတဲ့ မျက်လုံးအကြည့်ကြီးတွေကို အမြင် ကတ်တယ်။ တော်ပါတော့။ ခင်ဗျားတို့လူတန်းစား အနံ့ကြီးကွင်းပြဲ တွေ ဓိစချဲ့ပြတာတွေ ရပ်ပါတော့ ခင်ဗျားတို့ပြောသမျှဆို ဆိုသမျှ ကိုင်သမျှ နေသမျှ ထိုင်သမျှ အိပ်သမျှ စားသမျှအားလုံး အားလုံးဟာ အရမ်းရယ်စရာကောင်းတယ်။ ရယ်စရာတွေ ထပ်မပြောပါနဲ့။

ကျွန်တော် အူစာက်ပြီး သေရင် ခင်ဗျားတို့ လျော်ကြေးပေးရ မယ်။

(အဲဒါ လူတွေထဲမှာ နေထိုင်တဲ့ လူသားအဆန်ဆုံးလူသား တစ်ဦးရဲ့ကျိန်စာ)

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်တာဖြစ် စိတ်ညစ်တဲ့ ဒဏ်ကိုမခံနိုင်လို့ အဲဒီအိမ်ကြီးက လစ်ထွက်ပြီး ကျွန်တော် လမ်းလျှောက်သွားလိုက်ပစ်တယ်။

ဘယ်နေရာရောက်လာတာရယ်လို့တော့ ကျွန်တော် မသိဘူး။ အဲဒီလမ်းမှာ ကုံကော်တန်းကြီး တမျှော်တခေါ်နဲ့ နေရောင်ဆိုလို့ နေပြောက်ကလေးတွေကလွဲရင် ပြင်းပြင်းပြပြ ခ,မနေရဘူး။

လေရူးဝေ့ရာလျှောက်တိုက်ပါသွားတဲ့ ကုံကော်ရွက်ခြောက်တွေကို ကျွန်တော် ငေးနေမိတယ်။ ကတ္တရာလမ်း အနက်ရောင်ရဲ့ အလယ်ခေါင်မှာ ကျွန်တော်ရပ်ပြီး ကုံကော်တန်းများ ဟိုဘက်ဒီဘက်ကို မျှော်လှမ်းကြည့်ဖြစ်တယ်။ ကိုယ်ပိုင်ကားတွေ ဝင်ထွက်သွားလာတာနဲ့ ကြုံရင် ရှောင်တိမ်းပေးရတယ်။

ပင်မြင့်မှာ ကုံကော်တွေ လက်ကျန်ပွင့်ချင်ပွင့်နေကြမှာပေါ့။ ဝင်နားမှာ ကုံကော်တစ်ပွင့်ကလေးမှတောင် မတွေ့ရဘူး။ ကုံကော်ရနံ့ကိုလည်း ကျွန်တော် မကြိုက်ဘူး။ လူသွားလူလာကျဲပါးတဲ့ ဒီနေရာမှာ ခုံတန်းတွေဖွဲ့ပေးပြီး အပန်းဖြေလို့ရရင် ကောင်းမယ်။ လူ့ဘဝမှာ ဒီလို ရှုမျှော်ခင်းထွက်ပေါက်တွေနဲ့ လေကောင်းလေသန့်တွေ အမြဲရနေဖို့ အရေးကြီးတယ်။

ကျွန်တော် ပျောက်သွားတာ ထားထားအောင်ဝေလို့ ခေါ်တဲ့ ဗိုလ်မကြီးလည်း သိရောပေါ့။ သူအလုပ်သွားပြီးမှ ကျွန်တော် ထွက်လာခဲ့တာ မှန်ပေမယ့် သူ့အမေ ကျွန်တော့်အန်တီစပ်စုစိန်ကြီးက ကျွန်တော် ရှိတာနဲ့ သူ့သမီးဆီ ဖုန်းဆက်ပြောမှာ သေချာပါတယ်။ ဒီနေ့ အခန်းကျူရှင်မရှိပေမယ့် ဗိုင်းကျူရှင်ရှိတယ်။

www.burmeseclassic.com



တစ်ရက်လောက်တော့ အပျက်ခံလိုက်ပါ့မယ်လေ။ စိတ်ညစ်နေတုန်း စာသင်ရရင် စိတ်ညစ်တာပဲ အဖတ်တင်မယ်မဟုတ်လား။ ဆရာမကြီး ထားထားအောင်ဝေသိရင် ဆူငေါက်ရုံကလွဲပြီး ဘာအရေးများဝင်လာစရာရှိမလဲ။

အဲဒီအချိန်မှာ အငှားကားတစ်စီး မောင်းလာတယ်။ ကားမောင်းလာရင်းနဲ့ ကားနောက်ခန်းတံခါးဖွင့် ပွင့်ထွက်လာတယ်။ ကျွီခနဲ ဘရိတ်အုပ်သံနဲ့အတူ အရှိန်တုံ့ထိုးရပ်သွားတဲ့ကား၊ ထိုကားပေါ်က မိန်းကလေးတစ်ယောက် ဒေါက်ဒေါက်ဒေါက်ဒေါက်နဲ့ ဆင်းလျှောက်ပြီး ကားသမားကို ပိတ်အော်ပြောနေတယ်။

'လူကိုဘာမှတ်သလဲ သေသွားမယ်၊ ဒီနေရာမို့ ရှင် ကံကောင်းတယ်မှတ်၊ မြို့ထဲဆို တစ်ချက်ထဲအော်လိုက်တာနဲ့ ရှင်တစ်စီးကျိုးပဲ့ကုန်မယ်၊ လူပုံကြည့်ထား၊ ရှင်အခုချက်ချင်း ဒီကထွက်သွား၊ ကြာရင် ရှင့်နွားမျက်လုံးကြီးကို ကုတ်ဖဲ့မိလိမ့်မယ်'

ကားက အရှိန်နှင့် ပြန်အထွက်မှာ ကားဘော်ဒီကို စလင်းဘတ်အိတ်နှင့် ဒေါသတကြီးပိတ်ရိုက်လိုက်သော မိန်းကလေး။

ကားထွက်သွားပြီး ဝေးဝေးရောက်သွားသောအခါမှ ဒေါသအဟုန်တန့်ပြီး မိန်းမသားပီပီ ရှိုးတိုးရှန်းတန်းဟန်ဖြင့် ဝင်လာ သို့ငြားနှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ပြီး ကားထွက်သွားရာလမ်းကို မကျေမချမ်းကြည့်နေသေး၏။

ခက်တာက ကားထွက်သွားရာ လမ်းမှာ ကျွန်တော် ရပ်နေ ခြင်းပဲဖြစ်သည်။

သွယ်နွဲ့သော ခါးလေးပေါ်မှာ လက်ကလေးထောက်ပြီး နှ ခမ်းကပွစိပွစိရေရွတ်နေပြန်၏။

ကျွန်တော့်ကို ဘာမှမဖြစ်မှန်း သိပေမယ့် ကျွန်တော့်ကို မိုက်မိုက်ကြည့်ပြီး အသံတိတ်ဆဲသလိုဖြစ်နေ၍ ကျွန်တော် အနေရခ သွားမိ၏။

'ရှင်က ဘာကြည့်နေတာလဲ၊ အူလယ်ကြောင်ကြားနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကံမကောင်းသောနေ့များ ဘာလုပ်လုပ်ပြဿနာအကိုင်းအဖျား နှင့်မလွတ်။

ဗေဒင်မေးရလျှင် ယတြာချေရလျှင် ကောင်းမည်လားမသိ။

'ကျွန်တော် လိုအပ်ရင် အကူအညီပေးမလို့ ရပ်ကြည့်နေမိတာပါ၊ ခင်ဗျားတစ်ခုခုဖြစ်နေသလား'

'ဘာမှမဖြစ်ဘူး၊ အကျင့်ယုတ်တဲ့ ကားသမားနဲ့ တွေ့လို့ လူကိုရိသဲ့သဲ့ပြောတာနဲ့ ကားရပ်ခိုင်းပြီး ဆင်းနေခဲ့တာ ရှင်းလား'

'ဒါဆိုလည်း လမ်းမတန်းဘက်မှာကျမှ ဆင်းလိုက်ရင် ပိုကောင်းမှာပေါ့၊ ဒီနေရာမှာဆိုတော့ Taxi ပြန်တားစီးဖို့ ခက်တယ်၊ ဪ… Taxi စီးရမှာ လန့်သွားလို့နဲ့တူတယ်'

'ဘာမှမလန့်ဘူး၊ ကားသမားတိုင်း ဒီလိုမဟုတ်ဘူးနဲ့တူတယ်'

'ဘာမှမဟုတ်ပါဘူး၊ ကားသမားတိုင်း ဒီလိုမဟုတ်ဘူး၊ တချို့လူတွေက ထိန်းမနိုင်သိမ်းမရ ဘူးကျတာ၊ အဲဒီလူက ဒီဖြတ်လမ်းထဲ ဓဝင်ခင်ပြောလို့ ဒီနေရာမှာ ချက်ချင်းဆင်းတာ နားလည်လား'

လာပြန်ပြီ နောက်ထပ်ဆရာလေးသံ။ ဘယ်ဘဝကဝဋ်ပါလိမ့်။

'ဒီမှာ ရှင့် ဟိုဘက်ကလာတာ မဟုတ်လား'

'ဟုတ်တယ်'

'ဒီလမ်းက ဖြတ်လမ်းမှန်းတော့ သိတယ်၊ တစ်ခါမှဖြတ်သွားဖြတ်လာမရှိဘူး၊ ဒီတည့်တည့်လျှောက်ရင် လမ်းမပေါ်ရောက်သလား'

'ရောက်ပါတယ်၊ ဒါပေမဲ့ ဝေးလွန်းတယ်၊ နောက်ပြန်လျှောက်တာမှ လမ်းမတန်းပေါ်ရောက်တာ ပိုမြန်လိမ့်မယ်'

ကျွန်တော့်စကားအဆုံးမှာ နောက်ပြန်ချာခနဲ လှည့်၏။ ကြိုးသိုင်းဒေါက်ဖိနပ်ပေါ်မှ လှုပ်ခနဲ့သွားသော ခန္ဓာ မိမိကိုယ်မိမိ ယုံကြည်မှုဖြင့် လမ်းလျှောက်ထွက်ခွာသွားပါလေပြီ။

'ဒီမှာ… ဒီမှာ'

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ရပ်ပြီး သမင်လည်ပြန်လှည့်ကြည့်၏။ မျက်နှာကြော တင်းတင်းကို တစ်စက်လေးမှ မလျှော့။

'ကျွန်တော် လိုက်ပို့ပေးမယ်'

'မလိုပါဘူး ရတယ်'

'ရွှေနှစ်ခြံကျော်က ခွေးတွေသောင်းကျန်းတယ်'

ကျွန်တော့်စကားကြောင့် မိန်းကလေး မျက်လုံးဝိုင်းသွားပြီး ခပ်လှမ်းလှမ်းကို ကြည့်၏။ ကုံကော်ပင်တွေ ကွယ်နေ၍ ခြံစည်းရိုးသိပ်ကိုပင် မမြင်နိုင်။

ခေတ်နှင့်ယှဉ်သော အပြင်အဆင်ကို ရှုရှုလေးပြင်ပြီး လှလှလေး လျှောက်လှမ်းရင်း သွားနေသော မိန်းကလေးနှင်းဆီပန်းရောင် သန်းသော မျက်နှာမှာ သန်းဆန်းရှင်းသန့်၍ွာ။

သွယ်လျလျကျစ်လျစ်သော ခန္ဓာကိုယ်က ဟန်ချက်ညီမျှနေ၏။

'ဒီမှာ ရှင်လိုက်ပို့ပေး'

လက်ညှိုးလေးတစ်ချောင်းထဲ လှုပ်ခေါ်လိုက်၍ ဘဝင်မကျသော်လည်း သူ့အနားမှာ တွဲလျှောက်ရခြင်းကိုဖြင့် ဘဝင်ခွေ့နေမိ၏။ မွှေးပျံ့သော ရနံ့က စွဲမက်ဖွယ်ရာ လိုအပ်တာထက်ပိုပြီး အရောဝင်တတ်ပုံမရ။

'ကျွန်တော့်ဘက် တိုးလျှောက်ပါ'

'ဘာ… ဘာရယ်'

'ကျွန်တော့်အနားကို တိုးလျှောက်ပါ'

'လာ… ပြန်ပြီလား၊ နောက်ထပ်ရှိသဲ့သဲ့တစ်ယောက်'

'စေတနာကို မစော်ကားပါနဲ့'

'ဘာစေတနာလဲ'

'ကျွန်တော် ထင်သည့်အတိုင်း ဖြီခနဲ နင်းမိသွားလေပြီ'

'ခွေးချေးပုံကို နင်းမိမှာစိုးလို့ ကျွန်တော့်ဘက် တိုးလျှောက်ခိုင်းတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟင်… ရှုံစရာကြီး၊ သွားပါပြီကွာ၊ သေသာသေ လိုက်ချင်တော့တာပဲ'

'ခွေးချေးပုံနင်းမိရင် ကံကောင်းတယ်လို့ ပြောကြတယ်'

'တောက်'

'လမ်းဘေးကို ခဏလျှောက်ပြီး သဲမှုန်တွေနဲ့ ကောက်ပွတ် လိုက်ပါလား'

'ဒီအနံ့ဆိုးကြီးက ဘယ်လိုပျောက်မှာတဲ့လဲ'

'အိမ်ပြန်ရေဆေးသန့်စင်ပေါ့'

'သွားစရာရှိလို့ ထွက်လာတာ ဒုက္ခပဲနော်၊ အချိန်တောင်မီ ပါတော့မလား မသိဘူး'

'ကဲ… ဒါဆိုရင်တော့'

'ဒီလိုလုပ်ပါ၊ ရှင်တတ်နိုင်မှာပါ'

မိန်းကလေးစလင်းဘတ်ကို ထောက်ခနဲ ဖွင့်လိုက်ပြီး အထဲမှ စာအုပ်ကို ထုတ်လိုက်၏။ ဒိုင်ယာရီစာအုပ်အရွယ်စာအုပ်တစ်အုပ်။

'လမ်းမတန်းပေါ် ကားပြေးငှားပေးပါလား'

'ဒီလောက်ဆိုရင် တတ်နိုင်ပါတယ်'

ကျွန်တော် လမ်းမတန်းပေါ်ပြေးပြီး အငှားကားတစ်စီးတားကာ သူမရပ်သော ကုံကော်လမ်းသွယ်ထဲ ကားမောင်းဝင်နှိုင်းလိုက်၏။ သူမ အနားရောက်သော်…

'ရှင်ကားပေါ်က မဆင်းနဲ့ဦး၊ ရှင်ခဏလိုက်ခဲ့ပါလား'

'ဘယ်ကိုလိုက်ရမှာလဲ'

'ခဏလေးပါ အချိန်မရှိတော့လို့ မြန်မြန်'

မိန်းကလေးကားပေါ်တက်သည်နှင့် အမြန်ဆုံးမောင်းထွက် လာခဲ့၏။ မောင်းနေဆဲမှာ…

'ကျွန်တော်က ဘာဆက်ကူညီရမှာလဲ'

'ဒီစာအုပ်ကလေးကို အိမ်တစ်အိမ်ရှေ့မှာ ကားရပ်၊ ဒေါ်ခေ သန်းဦးရှိပါသလားရှိဆိုရင် ဒီစာအုပ် ဝင်ပေးခဲ့လိုက်၊ မရှိဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ယူလာခဲ့လိုက်ရုံပဲ၊ ကျွန်မက ဒီအနံ့ဆိုးတွေနဲ့ ဒီလိုအိမ်ကြီးအိမ်ကောင်းထဲကို မဝင်တွေ့ချင်ဘူး’

‘ဩော်... သိပြီ၊ သဘောပေါက်ပြီ’

ဘေးက လမ်းမအတိုင်း ပြေးလွှားနေရာမှ...

‘ကားဆရာ ရှေ့လမ်းသွယ်ထဲ ချိုးကွေ့မယ်’

မိန်းကလေး ညွှန်ပြရာ ကားဆရာ ချိုးဝင်လိုက်၏။

‘ဒီစာအုပ်ကို ပေးရမှာတော့ ဟုတ်ပါပြီ၊ ဘယ်သူပေးခိုင်းတာလို့ ပြောရမလဲ’

‘ပန်ဆုမိုလို့ ပြောလိုက်ရင်ရတယ်’

‘မင်းနာမည် ပန်ဆုမိုပေါ့’

‘ဟုတ်တယ်၊ ဘာထူးဆန်းလို့လဲ’

‘မထူးဆန်းပါဘူး၊ သိရတာပေါ့၊ မဟုတ်ဘူးလား ပန်ဆုမို’

‘ရှင့်နာမည်ကကော ဘယ်သူလဲ’

‘ဟန်ဒီလင်း’

‘နာမည်ကြီးကလည်း’

‘ဘာဖြစ်လို့လဲ’

‘မဖြစ်ပါဘူး၊ မကြားဖူးလို့ပါ’

‘ဘာလို့ ဒီရောက်လောနေတာလဲ’

‘ဒေါ်မေသန်းဦးက ပန်ဆုရဲ့ ဆရာမ၊ ပန်ဆုတို့အိမ်မှာ ညလာတည်းရင်းနဲ့ သူ့ဒိုင်ယာရီစာအုပ်ကျန်ခဲ့တာ၊ သူ့အတွက်အရေးကြီးတာတွေ ပါချင်ပါနိုင်တယ်လေ၊ သူက ဒီနေ့ပဲ ဖလိုက်နဲ့ သူ့တာဝန်ကျတဲ့ ရှမ်းပြည်ဘက်ကို ပြန်မှာ၊ အဲဒါကြောင့် သူ့ကိုမီအောင်လိုက်ပေးရတာ၊ အခုတောင် မီပါ့မလားမသိဘူး၊ ကားဆရာ... ရှေ့လမ်းသွယ်... အဲ... အဲဒီထောင့်က တစ်ထပ်တိုက်၊ အဲဒီရှေ့မှာ ခဏရပ်ပေးပါ’

တိုက်လှလှလေးတစ်လုံး၏ ခြံဝင်းရှေ့မှာ ကားရပ်လိုက်၏။

‘ရှင်... ဆင်းပေးလိုက်ပါနော်၊ ကျွန်မရဲ့အသိလို့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်မ ပါမလာဘူးလို့လည်း ပြောလိုက်၊ တော်ကြာပါတယ်ထင်ပြီး ထပ်တွေ့နေမှာ’

‘ခွေးချေးစော်တွေ နံနေဦးမယ်၊ ကားဆရာတော့ နှာခေါင်းတရှုံ့ရှုံ့နဲ့’

ကားဆရာက ဆိတ်ပြုံးပြုံးပြီး…

‘ရပါတယ်ဗျာ၊ ကျွန်တော်က ဒီအနံ့မျိုးနဲ့ ယဉ်ပါးနေပြီ။ လုပ်စရာရှိတာသာ လုပ်ကြပါ’

ကျွန်တော် လူခေါ်ဘဲလ်နှိပ်လိုက်၏။ အသက်ငါးဆယ်ကျော်လွန်ပြီးထင်ရသော လူကြီးတစ်ယောက်ကို တွေ့၏။ အကျိုးအကြောင်းပြောပြသောအခါ အိမ်ထဲမှ ဒေါ်မေသန်းဦး ထွက်လာပြီး စာအုပ်ကိုယူ၏။ ကျေးဇူးတင်စကားပြော၏။ အသိမိတ်ဆွေ လားမေး၏။ ပန်ဆုမပါဘူးလား ထပ်မေး၏။

အားလုံးကို ပန်ဆု သင်ပေးသည့်အတိုင်း ပြန်ဖြေပြီးသောအခါ…

‘သွားခွင့်ပြုပါဦး ခင်ဗျ’

‘အေးကွာ၊ ကျေးဇူးကမ္ဘာပါပဲ၊ ဒီစာအုပ်က မမအတွက် သိပ်အရေးကြီးတာ၊ ကျေးဇူးနော်၊ ကျေးဇူး’

ကျွန်တော် ကားပေါ်တက်လိုက်သောအခါ ကားနောက်အခန်းထဲမှာ အသာလှဲ၍ ပုန်းဝပ်နေသော ခွေးချေးစော်နံ့မကလေးက…

‘ကားဆရာကြီး စပ်ဖြီးဖြီးနဲ့ ဆရာမကို လှမ်းငမ်းမနေနဲ့၊ မြန်မြန်မောင်းပါတော့ရှင်၊ ဒီမှာ ညောင်းလှပြီ’

ကားဆရာကတော့…

‘ဟဲ… ဟဲ… ဟဲ…’ ယင်း ကားဆရာဖြစ်၍အားရသွားသောအခါမှ…

‘ခုန ညီလေးတို့ ညီမလေးတို့ နာမည်မှည့်ပုံတွေက တစ်မျိုးတမည်ကြီးဖြစ်တေယ်ဆိုတာ ပြောဆိုဝေဖန်နေကြသေးတယ်နော်’

‘ဟုတ်တယ်’

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ခြံလောက်ရောက်လာမှ ပန်ဆုမို ပြန်၍ မတ်ထိုင်လိုက်ပြီး…

'ကျွန်မနာမည်က တစ်မျိုးမဖြစ်ပါဘူးနော်၊ ပန်ဆုမိုဆိုတာ မှည့်ရိုးမှည့်စဉ်ပါ၊ သူ့နာမည်က မှည့်ရိုးမှည့်စဉ်မှ မဟုတ်တာ၊ ဟန်ဒီလင်းတဲ့၊ ဘယ်လိုကြီးမှန်းမသိဘူး'

အသားလွတ်လူချနေသော စကားကြောင့် ဒေါဖောင်းသွားသော် ကားဆရာကဝင်၍…

'ဒီတ ညီလေးနာမည်က ဟန်ဒီလင်းတဲ့လား၊ ညီမလေးပြောတာ ဟုတ်သားပဲကွ၊ မင်းနာမည်ကြီးက ဘယ်လိုကြီးလဲ'

ကားဆရာကပါ ဘူးသံပါလာ၍ ကျွန်တော် စိတ်ပေါက်ပေါက်ဖြင့် ကောက်မေးလိုက်၏။

'နေစမ်းပါဦး၊ ကားဆရာ နာမည်ကော ဘယ်လိုခေါ်လဲ'

ကားဆရာ ကြောင်သွားရာမှ ပြန်ဖြေလိုက်သော စကားကြောင့် ကျွန်တော် ဝါးခနဲထဟားပစ်လိုက်၏။ ကြည့်လေ ကားဆရာ နာမည်က…

'လပီတိုး'တဲ့။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ဒီနေ့ ကျွန်တော် ဒရိုင်ဘာ ဝင်လုပ်ရ၏။ ဦးခင်အောင်ဝေ အတွက် ဒရိုင်ဘာတစ်ဦးပါသွားပြီး ထားထားအောင်ဝေအတွက် ဒရိုင် ဘာငှက်ဖျားတက်နေရှာ၏။ ထားထားအောင်ဝေ အလုပ်ဝင်စာသင်နေ ရာ ကျူရှင်ကျောင်းမှာ ကားရပ်ထား၏။ ကျွန်တော်တက်ရမည့်နောက် ဆက်ရှင်ကို ဆက်ရှင်တစ်ခုလိုကတည်းက ထိုင်စောင့်နေ၏။ ထားထား အောင်ဝေက ရှစ်တန်းကိုးတန်းကို ကိုင်တွယ်သင်ကြားသူဖြစ်သော ကြောင့် ကျွန်တော်နှင့်မဆုံ…။

ကျူရှင်ဆက်ရှင်တစ်ခုအဆင်းမှာ ကျောင်းသားတွေရောထွေး ထွက်လာ၏။ ထိုအထဲမှာ ထင်းခနဲရှင်းနေသော မိန်းကလေးတစ် ယောက်…

'မပန်ဆုမို မဟုတ်လား'

'ဩော်… ဟန်ဒီလင်း ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ'

'ကျွန်တော်လည်း ဒီကျူရှင်မှာတက်တယ်လေ၊ ဆက်ရှင်တစ် ခုကွာနေတော့ မဆုံဖြစ်ကြတာပါ၊ အံ့ဩစရာပဲနော်၊ နီးနီးလေးနဲ့ ဝေးပြီး မတွေ့ကြရတာကိုလေ'

'ရှင်က ဆယ်တန်းအပြင်ဖြေပဲလား'

'ဟုတ်တယ်၊ သက်တန်းငါးနှစ်ပြည့်'

'ကျွန်မက ဒီနှစ်မှ အပြင်ဖြေတာ၊ စာမကြိုးစားလို့ စာမေး ပွဲကျတာမဟုတ်ပါဘူး၊ စာတွေအားလုံးရပြီး စာမေးပွဲခန်းထဲရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ စာတွေအလိုလိုမေ့ကုန်တယ်၊ အဲဒီစာမေးပွဲကိုကြောက်တဲ့ ရောဂါကြောင့် ခုလို နှစ်နှစ်ကျခဲ့ရတာ'

'စိတ်အားနည်းမှုတစ်မျိုးကြောင့် ဖြစ်လိမ့်မယ်တူတယ်'

'ကိုယ့်ကိုယ်ကိုယ်လည်း ဝင့်ကျွတ်အောင် ကြိုးစားပါဦး'

'ဒီနှစ်တုန်းက အဖြေပေါ်မှာပါ၊ တကယ်ပြောတာ၊ ပထမနှစ်က အရမ်းဖြေနိုင်တယ်၊ ဆေးလိုင်းဝင်မှာစိုးလို့ ပြန်လျှော့လိုက်တယ်'

'လူတိုင်း ဆေးလိုင်းဝင်ချင်လို့ အသေအလဲကြိုးစားနေကြတာပဲ၊ ရှင်က ဘာလို့ ဆေးလိုင်းမဝင်ချင်တာလဲ'

'လူနာတွေကို ဆေးထိုးပေးရမှာ၊ ချုပ်ပေးရမှာ၊ အနာအခေါင်းထဲက ပြည်တွေနှိုက်ထုတ်ပေးရမှာ၊ ခွဲစိတ်ပေးရမှာ၊ အဲဒါတွေကို ကျွန်တော် သွေးလန့်တယ်၊ အင်ဂျင်နီယာလိုင်းကို တန်းဝင်နေတာပဲ၊ ဒါပေမဲ့ ကျွန်တော် ပြန်လျှော့တယ်'

'ဘာဖြစ်လို့လဲ၊ တိုက်ပြိုမှာစိုးလို့လား'

'ဟုတ်တယ်၊ မြို့ပြအင်ဂျင်နီယာဆိုလည်း ဝန်ချီစက်နဲ့ ဆွဲတဲ့ သံပေါင်တွေကြားမှာ အလုပ်လုပ်ရမှာ လျှပ်စစ်အင်ဂျင်နီယာလည်း ဓာတ်လိုက်ခံရမှာတွေ'

'သဘောပေါက်ပြီ၊ တတိယနှစ်ကျတော့'

'သစ်တောကို တန်းနေတာပဲ'

'တောထဲမြွေကိုက်ခံရမှာစိုးလို့လား'

'အဲဒါမျိုးတွေပဲပေါ့၊ စတုတ္ထနှစ်ကျတော့ ဗိုလ်သင်တန်းကို တန်းနေတာပဲ'

'သဘောပေါက်ပြီ၊ ဆက်မရှင်းနဲ့တော့၊ သွားတော့မယ်'

'ကားပါလား'

'လိုင်းကားတွေရှိတယ်'

'ကျွန်တော့်မှာကားပါတယ်၊ လိုက်ပို့ပေးမယ်လေ'

'နေပါစေ၊ ရှင် ကျူရှင်တက်ရဦးမှာ မဟုတ်လား'

'တစ်နာရီလောက်ကို ပိုသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သွားတော့မယ်၊ မပို့ပေးနဲ့တော့'

'ပို့ပေးပါရစေဗျာ၊ နောက်ဆို ပို့နိုင်အောင် ပန်ဆုတကတ်တဲ့ အချိန်တွေပဲ လိုက်တက်တော့မယ်'

'ဘာသဘောလဲ'

'ရိုးရိုးသားသားပါ'

'မျက်လုံးတွေက မရိုးသားသလိုပဲ'

'မျက်စိမှိတ်ထားလိုက်မယ်လေ'

'လူတွေကိုတွေ့တိုင်း မှိတ်ထားမှာလား'

'ဒါပေါ့'

'သတ္တိရှိရင် အဲဒီလို မျက်စိမှိတ်လျက်နဲ့ ကားမောင်းပို့ရဲ သလား'

'ရပါတယ်၊ အားလုံး ပန်ဆုအလိုအတိုင်း ဖြစ်ရပါစေမယ်'

'တယ်လာတဲ့လူပဲ'

'သွားစို့'

'မစီးရဲပါဘူး'

'မျက်လုံးဖွင့်ပြီး လမ်းတည့်တည့်ကိုကြည့်မောင်းပေးမယ်'

'လမ်းမှာအအေးဆိုင်ကောင်းကောင်းတွေ့ရင် ရပ်ပေးရမယ် နော်'

'ပန်ဆုအအေးသောက်ချင်လို့လား'

'အဲဒါလည်း ပါတယ်၊ ဟိုတစ်နေ့ကရယ်၊ ဒီနေ့ရယ် ရှင် ကူညီပေးထားတဲ့အတွက်တွေကို အအေးတိုက်မယ်'

'သဘောတော်မြတ်အတိုင်းပါပဲ'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ ဘာလဲ။

ပန်ဆုမိုကို ကျွန်တော် ရင်ခုန်မိသလား။

ဒီအသက်ဒီအရွယ်မခံစားဘူးသော အချစ်ကို ကျွန်တော် သိချင်လာ၏။ သိချင်စိတ်ဖြင့် ရင်ခုန်၏။

ရင်ခုန်မှုတစ်စစီ ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ ပန်ဆုမို၏ လက်ချောင်းဖောင်းကစ်ကစ်ကလေးတွေကို တွေ့ရ၏။ ပန်ဆုမို၏ မျက်တောင်ကော့ကြီးတွေကြားက ရွှန်းလဲ့တောက်ပနေသော ညို့မျက်ဝန်းကြီးများကို မြင်ယောင်လာ၏။

ပန်ဆုမို၏ စွဲမက်ဖွယ်ကောင်းသော ပန်းနုရောင်နှုတ်ခမ်းသားနှင့် ဝင့်စားသော နှလုံးသားနှင့်ထပ်တူညီမှုတွေ့မြင်ခွင့်ရလာ၏။

ပန်ဆုမိုနှင့် စတွေ့စဉ်က သတိတရဖြစ်မိ၏။

ဒုတိယအကြိမ်မြောက် တွေ့ဆုံမှုမှာ ကျွန်တော် လုံးဝနှစ်မျော သွား၏။ တွေ့ဆုံစဉ်က အသေးစိတ် အချက်အလက်ကလေးတွေက အစ တစိမ့်စိမ့်ပြန်တွေးမိ၏။ တွေ့ဆုံစဉ်ကပြောခဲ့မိသော စကားတွေ တစ်လုံးမကျန်အပြန်ပြန်အလှန်လှန် ထပ်မံထပ်မံ စဉ်းစား၏။ စဉ်းစားရင်းဖြင့် ပိုနေးသော ရင်တွေလှပ်ဖိုလာ၏။ တွေ့ဆုံစဉ်က ပန်ဆုမို၏ အပြုံးမှာ လိုက်ခံနဲလိုက်ခံနဲ ခုန်သွားသော ရင်ကို ဘာသာပြန်ပြီး နားမလည်နိုင်ခဲ့။ အသေအချာစီကာစဉ်ကာ တွေးတောသုံးသပ်မိမှ သေချာပါပြီ။

www.burmeseclassic.com


သစ်ရွက်ကလေးလှုပ်သွားတာကို ကြည့်ပြီး ရယ်ချင်တာထက် ပိုပြီး ရယ်ချင်လာ၏။

'တစ်ယောက်နဲ့တစ်ယောက် ခင်မင်တာက လွယ်ပါတယ်၊ တစ်ခုတော့ ရှိတယ်နော်၊ လူကိုခင်ရင် ရည်းစားစကား မပြောရဘူး'

'စည်းကမ်းချက်အဖြစ် သတ်မှတ်တာလား'

'ဟုတ်တယ်'

'ဒီအတိုင်းလေး ခင်သွားကြတာပေါ့'

'အင်းပေါ့'

'အအေးက သောက်လို့ကောင်းရဲ့လား'

'ကောင်းသားပဲ၊ ဘာဖြစ်လို့လဲ'

'ပြောစရာစကားမရှိရင် ပျင်းနေမှာစိုးလို့ စကားရှာတာ'

'ကိုယ့်အအေးခွက် ကိုယ်သောက်နေတာပေါ့ မကောင်းဘူးလား'

'ကောင်းပါတယ်၊ နောက်နေ့ ပြည်း ဒီလိုပဲ၊ လိုက်ပို့မယ်နော်'

'ဆီဖိုးမနှမြောဘူးလား'

'ထည့်ပြောဖို့တောင် မလိုအပ်ဘူး'

'အလဲ့... တကယ့်ဘော့စ်ကြီးစတိုင်လ်နဲ့'

'ကျွန်တော်က ဘော့ကလေးလေ'

'ဆေးပေါ့ ဘော့လိပ်ကို ပြောတာလား'

'နောက်တတ်သားပဲ'

'မကြိုက်လို့လား'

'စရိုက်တူနေလို့ပါ၊ ကျွန်တော် ပြန်နောက်ရင် စိတ်ဆိုးဘူးလား'

'ရပါတယ်၊ လွယ်လွယ်နဲ့ စိတ်မဆိုးတတ်ပါဘူး'

'ပန်ဆုကို ကျွန်တော် ချစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟော... ဟော့... ဘယ်လိုကြီးလဲ၊ ကြိုပြောထားရက်သားနဲ့'

'နောက်တာပါ'

'အဲဒီလိုမနောက်နဲ့ကွာ'

'ဘယ်လိုနောက်ရမလဲ'

'ပြောပြ'

'မျက်နှာပြောင်ပြရမှာလား'

'အင်း'

'ဟီး'

'ခြေမြင်းကြီးနဲ့တူတယ်'

'အဟဲ... ဟဲ'

'ဆိတ်သိုးပုံကြီးပေါက်သွားပြီ'

'ခွိ... ခွိ'

'မျောက်မင်း ဂူခုံးအတိုင်းပဲ'

'အဟင့်... ဟင့်'

'အချောက်ဖြစ်ပြန်ပြီ'

'ကျွန်တော့်ကို အဲဒီလောက် ချီးမွမ်းခန်းဖွင့်လွန်းလို့ ဝမ်းနည်းစိတ်နဲ့ ငိုပြနေတာတောင် မလွယ်ပြန်ဘူး'

'မသိဘူးလေ၊ ဒီကပြောင်ပြတယ်ပဲ ထင်နေတာ'

'ပန်ဆုပျော်နေလားဟင်'

'ပျော်သလိုလိုပဲ'

'နောက်နေ့တွေ ပျော်ကိုပျော်လာစေရမယ်'

'ဆပ်ကပ်လူရွှင်တော်တွေ လုပ်ပြမလို့လား'

'မျက်လှည့်ပြတတ်တယ်'

'တကယ်'

'တကယ်ပေါ့၊ မယုံဘူးလား၊ ဒီမှာကြည့် ဒီလက်ထဲမှာ ဘာမှ မရှိဘူး၊ ဟောဒီလက်သီးဆုတ်ကို စက်ဝိုင်းလို ဝိုင်းပြမယ်၊ လိုက်ကြည့်နော်၊ တစ်ပတ်လှည့်မယ်၊ ဟုတ်ပြီ၊ အမြန်လိုက်ကြည့်နောက်တစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



လှည့်မယ်၊ လှည့်မယ်၊ ပန်ဆုမျက်လုံးတွေကို လှည့်ပြနေတာ ရှက် လှည့်ပေါ့'

'အလကား လူညာကြီး လက်ထဲက ဘာထွက်လာမယ်ဆိုတာ ကို လုပ်လည်းမလုပ်ပြနိုင်ဘဲနဲ့'

'မပေးပါဘူး၊ စကားရော ဖောရော့နဲ့ သူတောင်းမယ့်အရာကို ဒီကကြိုသိနေပြီးသား၊ နားလည်လား'

'ကျွန်တော် ဘာတောင်းမယ်ထင်လို့လဲ'

'ခုနပြောတဲ့ဟာ မဟုတ်လို့ဘာလဲ'

'ဘာမသိချင်ယောင်ဆောင်နေတာလဲ၊ တော်ပြီ၊ ဖျင်းတယ်၊ အိမ်ပြန်တော့မယ်'

'အိမ်က ထွက်မပြေးပါဘူး'

'သူက ထွက်ပြေးအောင် လုပ်နေတာကိုး'

'ကျွန်တော် ဘာမှမလုပ်မိရပါလား'

'သုံးခါမြောက်ညာရင် ခင်မင်မှု ဖြတ်တောက်မယ်'

'ဟို… ဟို'

'ဟိုမနေနဲ့ ကဲပါထ၊ သွားကြရအောင်'

'အိမ်ထဲအထိ လိုက်ပို့ရမှာလား'

'သိပ်အတင့်မရဲနဲ့၊ လမ်းထိပ်အထိပဲပို့၊ ဟိုတစ်ခါကူညီပေး တဲ့ မျက်နှာကြောင့် ဒီလောက်လိုက်လျောထားတာနော်'

'ခင်မင်မှုကို အလွဲသုံးစားလုပ်ဖို့ မကြိုးစားပါနဲ့။ အအေးဖိုး ငွေရှင်းထားခဲ့လိုက်ပြီး သွားစို့'

'လူတွေမှာ နေစရာအိမ်မရှိရင် ကောင်းမယ်'

'အို… ဘာဖြစ်လို့လဲ'

'အိမ်ပြန်စရာမလိုတော့ဘူးပေါ့၊ ဒီကမ္ဘာကြီးက မဟာ မဟာ အိမ်ကြီးပဲ'

'ဟန်ဒီလင်း'

'ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟန်ဒီလင်း'

'ပြောလေ'

'ဟန်ဒီလင်း… ဒီကိုသေသေချာချာကြည့်စမ်း'

'ကြည့်နေတယ်လေ၊ ပြော'

'ဟဲ့'

ကျွန်တော်က ကျောကုန်းကို ဘုတ်ခနဲ ပုတ်ရိုက်လိုက်မှလက်ရှိကာလကို သတိရလာ၏။

ထားထားအောင်ဝေ…

'ကြည့်နေတယ်ဆိုပြီး ပန်းအိုးကြီးပဲ စိုက်ကြည့်နေရသလား၊ မမ ခေါင်းကိုကြည့်နေတာ ကြာပြီ၊ ဒီပန်းအိုးက ဘာထူးဆန်းလို့လဲ၊ တစ်ယောက်တည်း ဟိုပြောဒီပြောနဲ့ အိုက်တင်တွေထုတ်လိုက်တာ၊ အရူးတချနေတာလဲ၊ စာအုပ်ရှေ့ချပြီး စာမကျက်ဘဲ ဘာရူးပေါပေါတွေ တွေးနေတာလဲ'

'ဟို… အဲ… ဒီလိုပါ၊ အင်္ဂလိပ်စာကို စိတ်ထဲမှာ စကားပြောသလို ကျက်မှတ်နေလို့ပါ မမ'

'ညတာပါတေးကတော့ ဘာတ်သလား မမေးနဲ့၊ ရပြီလား ရရင် အခုစာပြန်ရမယ်'

'မရသေးဘူး မမ၊ အချိန်နာရီဝက်လောက် ထပ်ပေးပါဦး မမ'

'သေသေချာချာကျက် စာထဲမှာပဲ စိတ်ရှိပါစေ၊ အာရုံမပျံ့လွင့်စေနဲ့၊ ကြားလား'

'ဟုတ်ကဲ့'

မမ မကြည်သလိုကြည့်ပြီး လှည့်ထွက်သွား၏။ ကျွန်တော် မကြားတကြားပြောလိုက်မိ၏။

'ပိုက်ဆံနဲ့ပေးငှားရတဲ့ ဂိုက်တောင် သူ့လောက်မကဲဘူး၊ လူကိုဝက်အူများမှတ်နေသလားပဲ၊ အလကားနေရင်း လာလာကျပ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဟိတ် မင်းပြောတာ အကုန်ကြားတယ်၊ ဘယ်သူ့အတွက် အမှန်းခံပြီး ပြောနေရတာယ်ထင်သလဲ'

'သိပါတယ်၊ စေတနာလေ၊ စေတနာ မမတို့ ရွှေစေတနာကို သဘောပေါက်ပါတယ်၊ ကျေးဇူး အင်ဖနက်တီ တင်လိုက်ပါတယ် မမ'

'ဟင်… ပြောလိုက်ရင် ဒီလိုချည်းပဲ၊ အချိုးကို မပြင်ချင်ဘူး'

မမပြန်ထွက်သွားမှ မျက်နှာမှာအပ်ထားသော စာအုပ်ကို ပြန်ခွာချရ၏။ ပန်းအိုးကလေးကို ပြန်ကြည့်လိုက်သည်။

ပန်ဆုမို၏ မျက်နှာလေးကို ပြန်မြင်ယောင်လာ၏။ ကျွန်တော် မျက်လုံးစုံမှိတ်ပြီး ပန်ဆုမိုကို အတွေးထဲမှ ခါထုတ်ကာ စာစကျက် လိုက်၏။ ကြက်တူရွေးနှုတ်တိုက် ရွတ်ဆိုမိလိုက်သော စာမှာ…

'ပန်ဆုမိုကို ချစ်တယ်၊ ပန်ဆုမိုကို ချစ်တယ်၊ ပန်ဆုမိုကို ချစ်တယ်၊ ချစ်တယ်၊ ပန်ဆုမို ချစ်တယ်၊ ချစ်တယ်'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

'ဘယ်လိုလဲ ဦးလေး၊ ယာယီ တစ်လနှစ်လဆိုပြီးနေလိုက်တာ၊ အတင်းတချူရှင်ပြန်တက်ခိုင်းပြီး တစ်နှစ်ပတ်လုံးနေရကိန်းဆိုက်နေပြီ'

'မင်းအသွားနဲ့ ဒေါ်မြသက်ထားတို့သားအမိ ပူးပေါင်းစီစဉ်လိုက်ကြတာ နေမှာပေါ့'

'နေရတာ တကယ်ကျုပ်တယ်'

'တစ်နှစ်လောက် သည်းခံနေပြီး စာမေးပွဲကို ကောင်းကောင်းဖြေလိုက်ပါ ဟန်ဒီလင်းရာ၊ မင်းကို ငါ စာသင်ပေးလဲ မင်းကငါ့ဆို အရုပ်မှတ်နေတာ မင်းကို အဲဒီလို အထိန်းအကွပ်လေးလုပ်ပေးမှလည်း ဖြစ်မှာ'

'ကျွန်တော် ဦးလေးဆီ ပြောင်းနေချင်တယ်'

'မရတော့ဘူး၊ နောက်ဆို အဲဒီလို ပူဆာမှာစိုးလို့ အိမ်ကို တောင် မလွှတ်ချင်တော့ဘူးလို့ ထားထားက ဖုန်းနဲ့ လှမ်းပြောနေပြီ'

'အဲဒါမို့လို့ ဒီအိမ်ကို ခဏလာလည်ဖို့ အကြိမ်နှစ်ဆယ်လောက် တောင်းဆိုနေရတယ်'

'ဟိုတလောက မင်းစိတ်ညစ်ပြီး လျှောက်သွားနေတယ်ဆို'

'ဟုတ်တယ်'

'ဘယ်တွေသွားနေတာလဲ၊ မင်းအဲဒီလို လုပ်ပြီးကတည်းက မြသက်ထား မင်းအပေါ် အစာမကျေသလို ဖြစ်နေတာ မင်းအနေ

www.burmeseclassic.com

www.burmeseclassic.com



ချောင်ချင်ရင် လိမ္မာပြလိုက်ပေါ့ကွာ၊ မင်းလိမ္မာလာလေလေ စည်းကမ်းချက်တွေ လျော့ပါးသွားလေလေပဲ မှတ်'

'စိတ်ညစ်ရင် ခြေဦးတည့်ရာ သွားတတ်တာ၊ ကျွန်တော့်အကျင့်ပဲ၊ မထင်ပါဘူးဗျာ၊ သူတို့လား စည်းကမ်းချက်လျှော့မှာ၊ လှုပ်တာနဲ့ ထပ်ထပ်ထုတ်နေတာကိုများ အလကားအန်လွန် ငွေငင်းပြီ လူတန်းစားကွ'

'ဟန်ဒီလင်း… ဟန်ဒီလင်း… မင်းမိဘတွေက မင်းတစ်ယောက်တည်းမွေးခဲ့လို့ပဲ၊ နှစ်ယောက်သာဆို ကမ္ဘာပျက်လိမ့်မယ်'

'ညစ်နေပါတယ်ဆိုမှ ဦးလေးကလည်း တစ်မျိုး'

'ဒါနဲ့ မင်းအဖေက သူ့တာဝန်ကျတဲ့ နယ်ဘက်မှာ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားရှာတာနော်၊ မင်းအမေကတော့ မင်းအဖေစိတ်နဲ့စိတ်ရောဂါလိုဖြစ်ပြီး အိပ်ယာထဲလဲရာက တစ်လလောက်အကြာမှာ ဆုံးသွားရတယ်၊ သူတို့လင်မယားသိပ်ချစ်ကြတာကွ၊ တစ်ယောက်နဲ့တစ်ယောက်နဲ့ မျက်စိအောက်က အပျောက်ခံတာမဟုတ်ဘူး၊ အင်း… ချစ်ကြသူတွေ၊ ချစ်ကြသူတွေ'

'အချစ်ဆိုတာ မခွဲနိုင် မခွာရက်ဖြစ်တာကို ခေါ်တာလား ဦးလေး'

'ငါလည်း အတိအကျ မသိပါဘူးကွာ၊ ဒါကြောင့်မို့ လူပျိုကြီးဖြစ်နေတာပေါ့'

'ရင်ခုန်စရာကောင်းတဲ့ မိန်းမတွေ မတွေ့ခဲ့ဘူးလား၊ ဒုံနဲ့အေးပဲ၊ ငါ့ကိုက ဓီစာကြောင်ပြီး အသုံးမကျခဲ့လို့ တစ်ယောက်နဲ့မှ မရခဲ့တာပေါ့'

'ဦးလေးပြောတော့ အပူမရှာချင်လို့ဆို'

'ရတာမလို လိုတာမရ အရှက်ပြေပြောတာကွ၊ အပူမရှာချင်မှတော့ ဘုန်းကြီးဝတ်တော့မှာပေါ့'

'ဒါဆို ဦးလေးအတွက် ကျွန်တော် အောင်သွယ်ပေးမယ်'

'မင်းအမေဘက်က အမျိုးလက်ကျန်ထဲမှာ တောင့်တောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြောင့်တစ်ယောက်လောက်များ ရှိသေးလို့လား’

‘မရှိဘူး၊ ဒေါ်မြသက်ထား အိမ်က အလုပ်သမား ခေါင်းဒေါ်ကျစ်ကြီးရှိတယ်’

‘ထပ်သရီး… မင်း ငါ့ကိုနှပ်ချေး ငါးပိလုပ်ကျွေးဖို့ မကြိုးစားနဲ့’

ကျွန်တော်က အားရပါးရ ရယ်နေမိလိုက်၏။

‘မင်းကော… တွေ့နေပြီလား’

‘ရည်းစားလား’

‘အေးပေါ့ကွာ’

‘တွေ့တော့တွေ့နေပြီ၊ ရည်းစားတော့ မဟုတ်သေးဘူး’

‘ကျူရှင်ကပဲ မဟုတ်လား’

‘သိနေပါလား’

‘သိရမယ်လေ၊ မင်းကျူရှင်ပဲ သွားနေရတာကိုး’

‘ကျွန်တော့်ကို သူက ပြောတယ်၊ လူကိုခင်ရင် ရည်းစားစကားမပြောပါနဲ့တဲ့’

‘တစ်မျိုးလေးပါလား’

‘ဟုတ်တယ်၊ သူ့နာမည်က ပန်ဆုမိုတဲ့၊ ဦးလေးပြောသလိုသူဟာတစ်မျိုးလေးပဲ၊ သူနဲ့တွေ့ရတာ ပျော်စရာကောင်းတယ်’

‘မင်းအသွား လက်ခံနိုင်လောက်ပါ့မလား’

‘လက်ခံနိုင်ပါ့မလား၊ ကျွန်တော် ပြီးရင်ပြီးပြီ၊ ခက်တာကပန်ဆုမိုကို ကျွန်တော် အချိန်မပေးနိုင်ဘူးဖြစ်နေတယ်’

ကျွန်တော့်အချိန်တွေက မမကို ချုပ်ထိန်းထားတယ်။

‘အဲဒါလည်း ဟုတ်တာပေါ့၊ ရည်းစားဘဝမှာ တစ်ယောက်ကိုတစ်ယောက် အချိန်ပေးနိုင်ဖို့လိုတယ်၊ ဒါပေမဲ့ကွာ ဆယ်တန်းအောင်ပြီးမှ ဒါတွေကို စဉ်းစားစမ်းပါ’

‘ကျွန်တော့်အရွယ်က ကျောင်းတောင်ပြီးသင့်နေပြီ၊ သူများလက်ထဲဖါသွားမှာ ကြောက်တယ်၊ အခုကတည်းက စဉ်းစားထားချင်

www.burmeseclassic.com

www.burmeseclassic.com



တယ် ဦးလေးရာ၊ ဒီလိုလုပ်ပါလား၊ ဦးလေးဆီမှာ ကျွန်တော် သင်္ချာ သင်မယ်၊ ဒါဆို အပြင်ထွက်ချိန်ရလာပြီ'

'ထပ်... သင်္ချာမသင်ဘဲ မင်းဘာသာ စာမေးပွဲကျရော၊ အမှတ်စာရင်းတောင်းကြည့်လို့ သင်္ချာကျရင် ငါပဲအပြစ်ရှာကြမှာ'

'အဝေးကြီး လျှောက်တွေးနေတယ်၊ ကျွန်တော် တစ်ခါမှ အမှတ်စာရင်း ထုတ်မကြည့်ဖူးဘူး'

'မင်းမကြည့်ပေမယ့် ထားထားက ကြည့်မှာကွ၊ မဖြစ်ပါဘူး ကွာ'

'ဖြစ်ပါတယ် ဦးလေးရာ၊ ကျွန်တော် သင်္ချာမညံ့ပါဘူး၊ မယုံ ဘူးလား (၁)နဲ့(၁)ပေါင်းရင် (၂)ရတယ်၊ (၁)ထဲက (၁)နုတ်ရင် (၀)ရတယ်၊ (၁)တစ်လီ(၁)ဗျာ၊ ကဲ... ကျွန်တော် သင်္ချာကျွမ်းတယ် ဆိုတာ ယုံပြီလား'

'တော်လိုက်တဲ့ သင်္ချာပေါင်မုန့်ခြောက်ကြီး'

'ပါမောက္ခကြီးလုပ်ပါ'

'မင်းက ပေါင်မုန့်ခြောက်ပဲဖြစ်မယ့်ကောင်'

'ကဲပါဗျာ၊ ဦးလေးက ဖုန်းနဲ့ဆက်ဆက်လှမ်းဆက်ပြီး တိုက်တွန်းပေး၊ ဆယ်တန်းသင်္ချာကို ငါးနှစ်ဆက်တိုက် အတွေ့အကြုံရှင် ထားပြီးသူပါ၊ မသိတာ နားမလည်တာလောက် ဦးလေးကို အခြေအနေ သွားရင်လည်းဖြစ်တာပါပဲ၊ ကျွန်တော့်ကို ဦးလေးလို လူပျိုကြီးဘဝ ရောက်အောင်တော့ မလုပ်ပါနဲ့၊ ဒီဘဝမှာ ဦးလေးပါရမီဖြည့်အေးရင် နောက်ဘဝမှာ ဦးလေးပါရမီဖြည့်ဖက်ချောချောလှလှလေး ဖြစ်ရမှာ ပါ၊ စေတနာသည် တူသောအကျိုးပေး၏တဲ့'

'မှန်လှပါ ဆရာတော်ဘုရား'

'ဦးလေးကို အဲဒါလေးတွေ ချစ်ရတာ'

'ဟေ့ကောင်... ငါ့ယောက်ျားကြီးကွ'

'ဟာ... အလိုက်သိတတ်တာလေးတွေ၊ ပျော်ရွှင်နေတတ် တာလေးတွေကို ပြောတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဒီညဦးလေး မမဆီ ဖုန်းဆက်လိုက်'

'သတ်မှတ်ချိန်က ဘယ်လိုပြောရမှာလဲ'

'သန်္ချာ ဒီထွက်အောင် နေ့တိုင်းတက်ရတယ်လို့ ပြောလိုက်ဗျာ'

'ဟော့ကောင်… ငါလည်း နေ့တိုင်းအားတာမဟုတ်ဘူး၊ မနက်ပိုင်းက နေ့လည်အထိ ကျောင်းတက်ရတာ၊ မင်းလည်း သိသျက်သားနဲ့'

'အဆင်ပြေပါတယ်… အချိန်တွေကို ကျွန်တော့်အတွက် ချကြည့်ပြီးမှ မမထားကို အဆင်ပြေသလို ကျွန်တော် ကြည့်ပြောလိုက်မယ်'

'မင်း ငါ့ကို ကတိတစ်ခုတော့ပေးရမယ်'

'ဘာကတိပေးရမှာလဲ'

'ဒီနှစ်စာမေးပွဲကို အောင်ရစေမယ်ဆိုတဲ့ ကတိ'

'စိတ်ချ၊ ပေးတယ်'

'ဟော့ကောင်… အဲဒီလိုပြောလာတာ လေးနှစ်ဆက်တိုက်ရှိပြီ၊ ကတိကို လွယ်လွယ်မပေးနဲ့'

ကျွန်တော် လက်နှစ်ဖက်ဆုတ်ကိုင်ပြီး အလေးဂရုပြုဟန်ဖြင့်

'ဒီနှစ်ဆယ်တန်းဝင်္ကျတ်ကို ကျွတ်စေရမယ်၊ မအောင်ရင် ကျွန်တော် တစ်သက်လုံး မိန်းမ မယူတော့ဘူး၊ လူပျိုကြီးပဲ လုပ်တော့မယ်'

'မင်းဟာက ဘာဆိုင်လို့လဲကွ'

'ဦးလေးယုံအောင်လောင်းကြေးသဘောမျိုး ထပ်ပြလိုက်တာပါ၊ ဒီနှစ်စာမေးပွဲရှုံးလို့ကတော့ ပန်ဆုမိုကို တစ်သက်လုံးစွန့်လွှတ်ပစ်လိုက်မယ်၊ နှလုံးသားကို လောင်းကြေးထပ်လိုက်တာပါ ဦးလေး'

'ပန်ဆုမိုက မင်းရည်းစားမှ မဖြစ်ဘူးသေးတာ၊ ဘာလဲကွ၊ မင်းလောင်းကြေးကြီးက'

'မကြာခင်ဖြစ်လာမှာပေါ့ ဦးလေးရာ'

www.burmeseclassic.com

www.burmeseclassic.com



'မန္တလေးတစ်ပိုင်းကတော့ ရန်ကုန်သူအရိုင်းလေးနဲ့တွေ့တော့မှာပဲ'

'ဟာ… အခုမှ နာရီကြည့်မိတယ်၊ အချိန်မရှိတော့ဘူး၊ ကျွန်တော့်ကို ခေါ်နေပြီ၊ ကျွန်တော် သွားတော့မယ်၊ ခေါ်နေပြီ'

'ဟော့ကောင်… ဟန်ဒီလင်း၊ ပြောနေရင်း ထဖောက်တယ်၊ ဘာခေါ်နေတာလဲ၊ ဘာခေါ်သံမှလည်း မကြားပါဘူး'

'ကြားတယ်၊ ကျွန်တော် ကြားတယ်'

'ဘာခေါ်သံလဲ'

ဦးလေးက စိတ်မရှည်၍ ဖနောင့်နဲ့ထပေါက်မည့်ဟန်ပြင်ပြီး ပတ်ဝန်းကျင်ကို နားစွင့်၍ ထပ်မေးလိုက်ခြင်းပင်။ ကျွန်တော့်နှလုံးသားရဲ့ အရှင်သခင်မ၊ ကျွန်တော့်အချစ်ရဲ့ နတ်ဘုရင်မ ကျွန်တော့်အသက်ရဲ့ ထိပ်ထားကေရီ၊ ကျွန်တော့်ဘဝရဲ့ မဟာဒေဝီခေါ်သံကို ဦးလေးတင်စားမှုဖွင့်ဆိုခဲ့ဖူးသော စကားနှင့် အဓိပ္ပာယ်ဖွဲ့ဖော်ပေးလိုက်သည်မှာ…

'အရိုင်းခေါ်သံ။ ရင်ခွင်ရိုင်းခေါ်သံ၊ အချစ်ရိုင်းခေါ်သံ'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်ုရှင်ချိန်ပြီးတာနဲ့ လူကိုဒီလိုပဲ လျှောက်ခေါ်သွားဖို့ ငြင်းစားနေသလား'

'ကျွန်တော်နဲ့ ပန်ဆုက ဒီဘိုင်အိုအချိန်ပဲ ကွဲလွဲနေတာ၊ ပန်ဆုကို တွေ့ချင်တဲ့စိတ်က ချုပ်ထိန်းမရဘူးဖြစ်နေတယ်၊ ကျွန်တော့်တွေ့လိုမှုအတွက် ပန်ဆုအခုလို အချိန်ဖွဲ့ပေးတာ ကျေးဇူးအများကြီးတင်ပါတယ်'

'အင်း… အိမ်ရောက်ရင် စာကျက်ရင်ကျက်၊ စာမကျက်ဖြစ်ရင်လည်း အိမ်မှာလုပ်စရာရှိတာ နည်းနည်းပါးပါးကူလုပ်ပေးပြီးရင် သီချင်းနားထောင်ရင်ထောင် အခွေကြည့်ချင်ကြည့် မကြည့်ချင်ရင် ထိုင်ပျင်းနေပြန်ရော'

'ကိုယ့်ထမင်းကိုယ်စားပြီး ဒိတ်ပျက်စရာပဲနော်၊ အဲဒီလိုအချိန်တွေကို ကျွန်တော်နဲ့တွေ့ပေးတာ ကျွန်တော့်အတွက်တော့ တကယ့်ရွှေတွေဖြစ်နေပါတယ်'

နောက်ဆုံးတော့ ပန်ဆုမှိ စိတ်မဝင်စားတဲ့အကြောင်းကိုပဲ သူ ဦးတည်လာနေသည်။

'အရာရာဟာ သံသရာသဘောကို ဆောင်နေတယ်၊ စက်ဝိုင်းသဘောကို ဆောင်နေတယ်၊ တစ်ပတ်လည်တတ်တာ သဘာဝပဲ'

'စက်ဝိုင်းသဘာဝ သဘောတွေ နားမလည်ချင်ဘူး၊ လေထောင့်စကားတွေပဲပြော'

www.burmeseclassic.com

www.burmeseclassic.com



'ပန်ဆု နေကောင်းရဲ့လား'

'ရော်… နေကောင်းလို့ ထိုင်နေတာပေါ့'

'ထမင်းစားပြီးပြီလား'

'ဘာတွေလာမေးနေတာလဲ၊ နေ့လည်နှစ်နာရီထိုးနေပြီ၊ စားပြီးပြီပေါ့'

'မင်္ဂလာပါ ပန်ဆု'

'စိတ်ရှုပ်လာပြီ၊ သူ ဘယ်လိုဖြစ်နေတာလဲ'

ကျွန်တော်တို့ မြန်မာစကားမှာ နှုတ်ဆက်စကားမရှိဘူး။

ဟယ်လို ဟိုင်းဆိုပြီး နှုတ်ဆက်တာက ဘိုသံကြီး။

မင်္ဂလာပါဆိုတဲ့ နှုတ်ဆက်စကားရှိပေမယ့် ဟိုတယ်၊ ဧည့်ကြိုကောင်တာနဲ့ လေယာဉ်မယ်တွေလောက်ပဲ ပြောကြတာများတာ၊ များသောအားဖြင့် နေကောင်းလား၊ စားပြီးပြီလား၊ ဘယ်သွားမလို့လဲ၊ ဘယ်ကပြန်လာလဲ၊ ဒါမျိုးတွေလောက်ပဲ ရှိတယ်၊ ပန်ဆုပဲ လေးထောင့်စကားပြောဆိုလို့ အချစ်အကြောင်းဘက် တစ်ပတ်မလည်နိုင်တဲ့ စကားတွေရှာကြံပြောနေတာလေ'

'တခြားလူတွေအကြောင်း ပြောစမ်းပါလေ၊ ဘာမှမဆိုင်တာတွေ လျှောက်ပြောနေတယ်'

'အိုကေ… ပြောမယ်၊ တစ်ခါက မန္တလေးကလာတဲ့ ကောင်လေးတစ်ယောက်ဟာ ရန်ကုန်သူအရိုင်းလေးရဲ့ဘေးမှာ စကားတွေဖောင်ဖွဲ့နေလေသတဲ့'

'လက်စသတ်တော့ သူက မန္တလေးသားကိုး'

'မန္တလေးသားဆိုပေမယ့် နေရာစုံနေခဲ့ပြီးမှ နောက်ဆုံး မန္တလေးမှာ အထိုင်ချဖြစ်တာပါ၊ မန္တလေးမှာ အဘိုးနဲ့အဘွားရှိတယ်၊ မိဘနှစ်ပါးကတော့ ကွယ်လွန်သွားကြပြီ'

'သြော်… ပန်ဆု စိတ်မကောင်းပါဘူး၊ သူ့ကို မိစုံဘစုံနဲ့ ခဲ့ထင်နေတာ လူကြီးရောဂါနဲ့ ဆုံးသွားကြတာပေါ့နော်'

'ဆိုပါတော့၊ ပန်ဆုရော မိစုံဘစုံနဲ့ပဲလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဖေဖေက ရုံးတစ်ရုံးမှာ အရာရှိဘဝနဲ့ အငြိမ်းစားယူထားတယ်၊ မေမေက အိမ်မှာစတိုးဆိုင်လေးဖွင့်ထားတယ်၊ အစ်ကိုတစ်ယောက်နဲ့ အစ်မတစ်ယောက်က ဂျပန်ရောက်နေတယ်၊ ပန်ဆုက အငယ်ဆုံး၊ သူကော မောင်နှမဘယ်နှယောက်ရှိလဲ'

'ကျွန်တော်တစ်ယောက်တည်းရှိတယ်'

'ဒါကြောင့် ပျင်းတဲ့သူတွေထက် ပိုပျင်းတတ်တာကိုး၊ နိုး… အခု ဘယ်အိမ်မှာနေတာလဲ'

'အန်တီ့အိမ်မှာ၊ အသွား အပ်ပေးတာ၊ အစ်မဝမ်းကွဲတစ်ယောက်ရှိတယ်၊ သူက ကျွန်တော့်ရဲ့ဂိုက်၊ ဒီနှစ်စာမေးပွဲအောင်ဖို့ နည်းအမျိုးမျိုးနဲ့ ဝက်အူလှည့်သလို လှည့်နေတယ်လေ'

'ပန်ဆုလည်း စာမေးပွဲအောင်ဖို့ အပြတ်ကြိုးစားမယ်၊ စာမေးပွဲခန်းထဲမှာ မကြောက်အောင် ဘုရားစာရွတ်ဖတ်ဖို့ စဉ်းစားထားတယ်'

'ကောင်းတယ်၊ လောကသုံးပါးရဲ့ အတုမဲ့ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်တွေဟာ မကောင်းတဲ့စိတ်မကောင်းတဲ့ အရိပ်လက္ခဏာတွေ အဖြစ်အပျက်ကို သန့်ပယ်ရှင်းငြိမ်းပေးနိုင်တယ်၊ ဒီနှစ်နှစ်ယောက်လုံး အောင်မှာ ကြိမ်းသေပါတယ်၊ ဂိုက်လုပ်ပေးမဲ့သူရှိလို့ ကျွန်တော်တောင် စာတွေတော်တော်ရနေတာ၊ ပြန်တွေးပြီး ကိုယ့်ကိုယ်ကိုယ် အံ့ဩနေမိတယ်'

'သူ့အစ်မနဲ့သူနဲ့က ဘယ်နှစ်ဝမ်းကွဲလဲ'

'နှစ်ဝမ်းကွဲ၊ စိတ်မချစရာမရှိပါဘူး'

'အောင်မယ်၊ အဲဒါကြောင့်မေးတာ မဟုတ်ပါဘူးနော်'

'ဒါဆို ဘာကြောင့်မေးတာလဲ'

'သိချင်ရုံသက်သက်နဲ့ မေးတာ'

'သိချင်မှုကိုထပ်ပြီးအဓိပ္ပာယ်ဖွင့်ပေးပါ'

'ဟန်ဒီလင်း'

တည်တည်ခန့်ခန့်လေးကြည့်နေသော ပန်ဆုကို ကျွန်တော် မျက်ခုံးမင့်ပြခြင်းဖြင့် တုံ့ပြန်လိုက်၏။ ပန်ဆုမိုက ဖွတ်ခမ်းကို ဖွေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်သောသွားတန်းလေးနှင့် အသာဖိကိုက်ကာ မျက်လွှာချ၏။

'ပန်ဆု'

ကျွန်တော့်ခေါ်သံကို မျက်လွှာပင့်ကြည့်ခြင်းဖြင့် တုံ့ပြန်၏။

'မပြောနဲ့တော့၊ အဓိပ္ပာယ် ဖွင့်မပြပါနဲ့တော့၊ ဘာဖြစ်လို့လဲ ဆိုတော့...'

ကျွန်တော့်စကားကို တိခနဲရပ်ထားလိုက်ပြီး ပန်ဆုလည်တိုင်ထိုကြည့်မိ၏။ ပန်ဆုလက်ကလေးတွေကိုကြည့်မိ၏။ ပန်ဆုနှုတ်ခမ်းလေးရဲပြင်ညီတန်းနေတာ ကြည့်လိုက်မိပြန်၏။ မျက်ဝန်း...

ကျွန်တော့်ရဲ့ နောက်ဆုံးစကားကို မျှော်လင့်နေတဲ့ မျက်ဝန်း။

ဖွင့်ထားသော ပန်ဆုမို၏ နှလုံးသားလေးသာ သီးသန့်ဖွားဆင်စေလိုသော စကားကို ကျွန်တော် တိုးတိုးလေး ဆိုလိုက်မိ၏။

'ကျွန်တော် သိလိုက်ပြီ'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

'ကျွန်တော် သိလိုက်ပြီဆိုတဲ့ အကြောင်းကို မမ နားလည်အောင် ရှင်းပြ မင်းသိလိုက်တာက မမတို့စေတနာတွေအမျှော်အမြင် ဆောင့်စားနေတဲ့ သိလိုက်ခြင်းမျိုးလား'

'ကျွန်တော့်ကို ချောင်ပိတ်မမေးပါနဲ့'

'မင်းဘာသာ ချောင်ထဲရောက်အောင် ကိုယ့်ဘဝကိုယ်ဆွဲခေါ်သွားတာကွ၊ မင်းအခုတွဲနေတဲ့ ကောင်မလေးပေါ် ဘယ်အထိ ရည်ရွယ်ထားသလဲ'

'ဘာမှမပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘာမှမဖြစ်ကြသေးလို့ပဲ'

ကျွန်တော့်စကားကြောင့် မမ မျက်ခုံးတွန့်ခေါက်ထားရာက ပြန်ဖြေလိုက်ပြီး...

'ဟန်ဒီလင်း... ဟန်ဒီလင်း.... ဒီလောက်ပိတ်ပင်မှုတွေ ကြားထဲက လစ်ရင်လစ်သလို ဖောက်ထွက်သွားသေးတယ်၊ မင်းနဲ့ ပန်ဆုမိုစတွေ့တဲ့နေ့ကတည်းက မမသိတယ်၊ မင်းကိုယ်မင်း သိပ် လည်လှပြီမထင်နဲ့'

'ဘယ်နေ့က စတွေ့တာလဲ မမ'

'အိမ်က ဒရိုင်ဘာ ဖျားတဲ့နေ့က မင်း မမကို လိုက်ပို့တဲ့နေ့ ကလေ၊ အဲဒီနေ့ကပေါ့'

ကျွန်တော် ရယ်ချင်သလိုဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြား . . .

'မမထားက သိပ်ထက်တာပဲ'

'မင်း အဲဒီမိန်းကလေးနဲ့ ဆက်မတွဲသင့်ဘူး၊ ဒီအချိန်က စပြီး စာကိုပဲ စိတ်ဝင်စားသင့်တယ်၊ ပညာရေးမှာ ဘွဲ့လက်မှတ်တစ်ခု လောက်ရထားကြည့်ပါလား၊ မင်းအဘွားရဲ့ အရှိန်အဝါဂုဏ်ဒြပ်တွေနဲ့ ကြိုက်တဲ့မိန်းမကို ရွေးယူလို့ရတယ်'

'ပန်ဆုမိုက ဘာဖြစ်နေလို့လဲ မမ'

'မင်း အဘိုးအဘွားရဲ့ ပိုင်ဆိုင်ခွင့်တွေကို မင်းတစ်ယောက်တည်း ရပိုင်ခွင့်လွှဲပေးထားတာ၊ အဲဒီမိန်းကလေးသိထားရင် မင်းကို ဘယ်လိုနည်းနဲ့မှ သူလက်လွှတ်ချင်မှာမဟုတ်ဘူး'

'မဖြစ်နိုင်ဘူး၊ ပြီးတော့ ကျွန်တော့်အဘွားလည်း အဲဒီလောက် မချမ်းသာပါဘူး'

'ဖေဖေထူထောင်ထားတဲ့ ကုမ္ပဏီရဲ့ အစုရှယ်ယာ ငါးဆယ် ရာခိုင်နှုန်းကို မင်းအဘွားပိုင်တယ်၊ မြတ်သမျှကို ပြန်မထုတ်ဘဲ ပြန် ထည့်ထည့်ရင်းခဲ့လို့ ဒီလိုပိုင်ဆိုင်မှုကို ရခဲ့တာပဲ၊ မင်းအဘွားကတော့ လုပ်ငန်းပိုင်ဆိုင်ရာတွေ သိပ်နားမလည်ဘူး၊ ဖေဖေကလည်း ရိုးရိုးသား ပဲ အကျိုးဆောင်ပေးတယ်၊ ဒါ အပြင်ပိုင်း အဝေးရောက်ရင်းနှီးမြှုပ် နှံမှု အမြတ်အစွန်းသက်သက်ပဲ၊ ဒါတွေကို တစ်နည်းအားဖြင့် မင်းပိုင် တယ်လို့ပဲ ပြောလို့ရတယ်၊ ပန်ဆုမိုကို မင်းက ပေါ့ပေါ့လေး တွက် ထားတာကိုး၊ မင်းအကြောင်းရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းကို သူ စုံစမ်း ထားပြီးပြီ၊ ဒါတွေမယုံဘူးဆိုရင်တော့ မင်းဘာသာ မေးမြန်းစုံစမ်း ကြည့်ပေတော့'

မယုံကြည်နိုင်စရာ ဆင့်ကဲကြားနာလိုက်ရ၍ ကျွန်တော်ခေါင်း တွေ ချာချာလည်နေမိ၏။ ထားထားအောင်ဝေက နားလည်ရခက်သော မျက်နှာထားဖြင့် . . .

'မင်းအနေနဲ့ ပညာရေးနောက်ကျပေမယ့် အရွယ်ရောက် နေပြီ၊ မဖြစ်သာလို့သာ တကယ့်တကယ် စိတ်ဝင်စားရမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းနဲ့လိုက်ဖက်သင့်တော်မယ့် စိတ်ဝင်စားစရာ မိန်းကလေးတွေနဲ့ မမ ကိုယ်တိုင် မိတ်ဆက်ပေးမယ်လေ'

'ဗျာ'

'အံ့ဩသွားလား၊ မနက်ဖြန်ဆို ဒီထက်အံ့ဩသွားစေမယ်၊ မင်းရဲ့ဘွားဘွားကိုယ်တိုင်လည်း သဘောကျနိုင်လိမ့်မယ့် မိန်းမလှလေးမျိုးကို မမရွေးချယ်ပေးမှာပါ၊ သုံးယောက်တောင် ရှိတယ်၊ မင်းစိတ်ကြိုက်ရွေးချယ်ပေါ့'

'အချစ်မှာ အဲဒီအရာတွေပါသလား မမ'

'ပါတာပေါ့၊ အရေးကြီးတဲ့အဆင့်အနေနဲ့ကိုပါတာ'

'အဲဒါ မမတို့အတွက်ပဲဖြစ်လိမ့်မယ်တူတယ်'

'မင်းက တို့အမျိုးအနွယ်ထဲကပဲ၊ မမထားအတွက်ဖြစ်နေရင် မင်းအတွက်လည်း ဖြစ်နေစေရမယ်'

'ကျွန်တော့်မှာ လူတန်းစားအမြင်မရှိဘူး၊ မျက်မှန်စိမ်းတပ်အမြင်တွေမရှိဘူး၊ ရိုးသားမှုမှာ အခြေခံခဲ့တယ်၊ ချစ်ခြင်းရဲ့ ကြွေးကြော်သံပဲရှိတယ်'

'ကွာ… မင်း တော်တော်ပြောရခက်ပါလား'

'လွယ်ချင်ရင် မမထား ဘာမှမပြောပါနဲ့တော့'

'မပြောဘဲနေလို့ ရတယ်၊ မပြောဘဲနေလို့မရဘူး'

'ဘာပြမှာလဲ မမထား'

'မမထား ပြောတဲ့အရည်အချင်းပြည့်ဝတဲ့ မိန်းကလေးချောချောလှလှလေး သုံးယောက်ကိုပြမှာ'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

တကယ့်ကို ချောမောလှပတဲ့ မချောသုံးယောက်ပါပဲ။

တစ်ယောက်က ဘိုကပြားမလေး။

ဘိုမရုပ်ကလေးလို ဆံပင်ရှည်တွေ နောက်စည်းထားၿပီး မှည့်ခြောက်အနည်းငယ်သက်သည့်မှအပ ကြည့်ကောင်းပါသည်။

ဒုတိယတစ်ယောက်မှာ ဆံပင်ကို ဘေးခွဲထားပြီး အိန္ဒိယမင်းသမီးအလှပေါ်အောင် ဆေးခြယ်ထား၏။ နှာတံပေါ်လွင်ပြီး နှုတ်ခမ်းသေးသေး ဝိုင်းဝိုင်းကလေးနှင့်။

တတိယတစ်ယောက်မှာ ခေတ်ဆန်ဆန် လည်ပင်းမှာလည်း အနက်ရောင်လည်ပတ်နှင့်။ မျက်မှန်ကို ငယ်ထိပ်ချိတ်ထားပြီး ညှို့အားပြင်းပြင်းကြည့်တတ်၏။ ရယ်လိုက်လျှင် လခြမ်းပုံ နှုတ်ခမ်းကလေး ကွေးတက်သွားတတ်ပြီး အပေါ်လန်ချင်ချင်ဖြစ်နေသောနှာခေါင်းလေးမှာ လူရှေ့သူရှေ့မှာ မရှောင် နှပ်ချီးအခွာကြမ်းထားပုံရ၏။

တစ်ယောက်ချင်းစီ ပြလိုက်၏။ ပထမတစ်ယောက်ထာအမည် မေစန္ဒာဘို (မျိုးရိုးကောင်းသည်။) (မထင်ပါ။ ဘိုရုပ်ဖြစ်နေ၍ဖြစ်သည်)

မိဘတွေ ချမ်းသာသည်။ (မထင်ပါ။ အထည်ကြီးပျက်ငွေမို့ ပိုင်းလုံးကျသည့်အသွင်တွေ ပေါ်နေသည်။) ရူပဗေဒတတိယနှစ်ကျောင်းသူ (တစ်ပါတည်းအလှအပအတွက် ငွေကုန်ကြေးကျများစွာကုန်ခံထားပုံရသည်။)

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ရွေးချယ်နိုင်အောင် ဒုတိယမြောက်ထံ ရောက်သွားပြန်၏။ အမည် လှစုကျော်။ ရုပ်မျိုးရိုး (မယုံပါ။ သွေးနှောပုံရသည်။) ရုပ်မိဘ (မယုံပါ အထက်ပါအတိုင်း)။ ရုပ်အသိုင်းအဝိုင်း (မယုံပါ ပထမတစ်ယောက်အတိုင်းပဲ)။

အင်္ဂလိပ်စာအဓိကဖြင့် ကျောင်းပြီးထားသူ။ (သံရုံးတစ်ခုမှာ အလုပ်ဝင်နေသူဟု သိရသည်။)

တတိယမြောက် နောက်ဆုံးတစ်ယောက်။ အမည် ယမင်းအိမ်စည် (အားလုံးအထက်ပါနှစ်ယောက်အတိုင်း)။

မမထားက အေးဆေးငြိမ်သက်စွာနေရာမှကားထိုးရပ်နိုင်းလိုက်၏။

'သုံးယောက်လုံးကို ပြပြီးသွားပြီ၊ မင်း ဘယ်သူ့ကို သဘောကျသလဲ'

'ကျွန်တော့်တစ်သက်မှာ တစ်ဦးတည်းသောမိန်းမတစ်ယောက်ရဲ့ ရင်ငွေ့နဲ့ ပေါက်ဖွားလာတဲ့အချစ်ကိုပဲ လိုချင်တယ်'

'အဲဒီတစ်ဦးတည်းသော မိန်းမနေရာကို ရွေးချယ်ခိုင်းနေတယ်'

'သူတို့သုံးယောက် မဖြစ်နိုင်ဘူး'

ကျွန်တော့်စကားကြောင့် မမမျက်နှာ ရဲတောက်တင်းမာသွား၏။

'ဘယ်သူဖြစ်နိုင်တာလဲ၊ ပန်ဆုမိုပဲဖြစ်နိုင်မယ်လို့ ပြောတာလား၊ ပြောစမ်း ဟန်ဒီလင်း'

'ဟုတ်တယ်'

'တောက်'

အဲဒီ တောက်ခေါက်သံတစ်ချက်တည်းနဲ့ စကားပြောခြင်းအမှုကို မမ ဖြတ်တောက်လိုက်ပြီး ကားကို အိမ်ပြန်မောင်းခိုင်းသယ်။

'ကျွန်တော် ဒီနေ့ ကျုရှင်အချိန်မီ ပြေးရဦးမယ်'

'မနက်ဖြန်မှတက်'

www.burmeseclassic.com

www.burmeseclassic.com



'စာနောက်ကျကုန်လိမ့်မယ်၊ ဒီနေ့ဘာဖြစ်လို့လဲ'

'မမကိုယ်တိုင် ဒီနေ့သင်မယ့်စာ အိမ်မှာသင်ပေးမယ်'

'ဘာလို့ကျွန်တော့်ကို ကျူရှင်သွားခွင့်မပေးတာလဲ'

'မင်းအတွက် အရံအတားတွေ အသင့်မပြင်ရသေးဘဲ ယန်ဆုမိုနဲ့ ပေးမတွေ့ချင်သေးလို့ပေါ့ကွာ'

ထားထားအောင်ဝေကို ကျွန်တော် နားမလည်နိုင်တော့ ရင်ခုန်သံပြင်းပြင်းနဲ့ ရင်ခုန်သံတင်းမာနေတဲ့ ကာလမှာ အချစ်နဲ့မတွေ့ရခြင်းဟာ ဘယ်လောက်ခံရခက်တဲ့ ဝေဒနာလည်းဆိုတာ သူမ မသိ။ မသိ၍လည်း အပျိုကြီးစာရင်းဝင်နေတာဖြစ်လိမ့်မည်။

'ဒီမှာ မမထား၊ မမထား တကယ်ချစ်ရင် တကယ်ချစ်တဲ့သူနဲ့ တွေ့လာရင် အဲဒီလူဟာ မမထားအသိုင်းအဝိုင်းက လက်မခံတဲ့ လူမျိုးဖြစ်နေရင် မမထား ဘယ်လိုလုပ်မလဲ'

'အစကတည်းက လက်မခံနိုင်လောက်တဲ့ သူကို မရွေးချယ်ခဲ့တဲ့အတွက် အဲဒီအသိုင်းအဝိုင်းကို ခေါင်းထဲထည့်စရာတောင်မလိုဘူး'

'ဒါကြောင့်မို့ ကိုယ်ချင်းမစာတတ်တာ'

'ဘာရယ်တဲ့၊ မင်းဒုက္ခရောက်မှာ ကိုယ်ချင်းစာတဲ့ စေတနာနဲ့ ပြောနေတာ၊ ကိုယ်ချင်းမစာတတ်တာတဲ့လား'

'မမထား တကယ်ချစ်တဲ့လူနဲ့ မတွေ့သေးလို့ပါ၊ ကျွန်တော့် စကားကို အဲဒီတော့မှ နားလည်လိမ့်မယ်'

'အဲဒီတော့ လွယ်ပါတယ် ချာတိတ်ရယ်၊ နားလည်ရင်တောင် နားမလည်ချင်ယောင် ဆောင်နေလိုက်မယ်'

(ကဲ ပြီးရော)

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ယခုလို အချိန်မျိုးမှာ မမထား စာကျက်ပျက်ခံပေးနိုင်၏။ အိမ်တိုလာလည်သော မေစန္ဒာဘိုနှင့် ညှော်ခံစကားပြောရ၏။ ပို၍ လွတ်လပ်မှုရှိစေရန် ရေကူးကန်ဘေးနားမှာ ထိုင်စကားပြောရ၏။ ညှော်သည် စိတ်ညစ်သွားဖို့မပြောနှင့် စိတ်ပြုငြင်မှုလေးပင် မဖြစ်စေရဟု ရာသေချမှတ်ပြီး အလုပ်ရှိရာ ထွက်သွား၏။ ယခုဖြင့် ကျွန်တော်နှင့် မေစန္ဒာဘိုကို မျက်နှာချင်းဆိုင်ပြီး စကားတွေလှိုင်လှိုင်နေရလေပြီ။

'သူ့ကိုကြည့်ရတာ မျက်နှာမအီမသာနဲ့၊ ဘာလဲ နေလို့ မကောင်းဘူးလား'

'ကောင်းပါတယ်... ဒီလိုပဲ နေတတ်လို့ပါ၊ နေတောင်နည်းနည်းမြင့်လာပြီနော်၊ အအေးတွေ သောက်လိုက်ပါဦး'

'အိမ်နေရင်း ဘာလို့ ဘောင်းဘီတိုမဝတ်တာလဲ၊ မအိုက်ဘူးလား'

'ပုဆိုးက ပိုလွတ်လပ်တယ်၊ ဘောင်းဘီတိုက ခြေသလုံးမှာ အနာရွတ်တွေဘာတွေကင်းနေမှ ကြည့်ကောင်းတာ၊ အဲဒါဝတ်ထားရင် မလုံမလဲ ဟာတာတာဖြစ်လွန်းလို့ မဝတ်တာ'

'ယောက်ျားလေးဖြစ်ရတာ ကောင်းတယ်နော်၊ ပုရင်အပေါ်ပိုင်း ဗလာကျင်းထားလို့ရတယ်၊ အပူအဖိုက် သက်သာတာပေါ့၊ မိန်းကလေးတွေကျတော့ ချုပ်နှောင်မှုတွေ များတယ်၊ သိတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးတွေလည်း အပူအအိုက်သက်သာတာတွေ ရွေး ဝတ်လို့ရပါတယ်'

'မြန်မာပြည်မှာတော့ ယဉ်ကျေးမှုနဲ့ မလျော်ညီဘူး'

'အိုက်ရင် ရေကူးပါလား'

'ထိုင်ကြည့်ချင်လို့လား'

'မကြည့်ချင်ပါဘူး၊ ဒီအချိန်မှာ ဟာဗားနားဆေးပြင်းလိပ် ကို ခဲပြီး ရွှေသွေးပေါင်းချုပ်ကို ပြောင်းပြန်ဖတ်ချင်တယ်'

'တစ်မျိုးကြီးပါလား'

'ကျွန်တော်က လောကကြီးကို မသရော်ချင်ပါဘူး၊ လူတွေကို သရော်ချင်တယ်၊ အမြီးအမောက်မတည့်တဲ့ အယောင်ဆောင်လူတန်း စားတွေ အထည်ကြီးပျက်မျက်မှန်စိမ်းတပ်လူတန်းစားတွေ၊ ဘိုဆန်မှ ပိုထန်တယ်ထင်တဲ့ လူတန်းစားတွေ၊ အဲဒီလိုလူမျိုးတွေကို သရော်နေ ရရင် ပျော်တယ်'

'အဲဒီလူတန်းစားတွေထဲမှာ မေတို့ရောပါနေသလား'

'ကျွန်တော် ပြောခဲ့တဲ့ အချက်တွေနဲ့ တိုက်ကြည့်ပေါ့၊ ငြိရင် ပါတယ်၊ မငြိရင်မပါဘူးပေါ့'

'မတိုက်တတ်ဘူး၊ သူပြောတာပဲ ကြားချင်တယ်'

'မပြောတတ်ဘူး၊ မေနားလည်သလိုသာ ယူဆလိုက်'

'ဒါဆို ပါတယ်ပေါ့'

'ငြိတဲ့အချက် တွေ့ပြီလား'

'ဒါ မသိဘူး၊ ပါသလား၊ မပါသလားပဲ ပြောကွာ'

'မေက လူတစ်ဖက်သားကို ခင်ချင်ရင် အလွန်ခင်တတ်ပုံရ တယ်နော်၊ မေ့ကို ဆန်းစစ်ကြည့်တာ ဟုတ်ရဲ့လား'

'ခင်စရာကောင်းတဲ့လူမှ ခင်တာနော်'

ကျွန်တော်က စကားလမ်းလွှဲရာ မေပါလာ၏။

'မမထား မေနဲ့ ကျွန်တော့်ကြားမှာ ဘာဖြစ်လို့ပေါ်လာရသလဲ ဆိုတာကို အရမ်းစိတ်ဝင်စားနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ရှက်စရာကြီး'

'ရှက်တဲ့ချက်နှာ လက်နဲ့မကာထားပါနဲ့၊ မြင်ဖူးအောင်ခဏ ဟောက်ပြစမ်းပါ'

'ဟယ်... တော်ပြီ၊ တော်ပြီ၊ လူကိုများ'

'စိတ်မဆိုးပါနဲ့၊ စိတ်ဆိုးရင် ဒီကောင်က ရေကူးကန်ထဲ တွန်းချတတ်တဲ့အကျင့်ရှိတယ်'

'အဲဒါဆို မြန်မြန်ပြန်မှပဲ'

'နေပါဦး၊ အခုမှ တစ်နာရီပဲရှိသေးတယ်၊ ပြောစရာရှိတာ ဆက်ပြောရအောင်ပါ'

'ဘာပြောမှာလဲကွ'

'မေက ချစ်စရာကောင်းတယ်'

'အို'

'မအိုသေးပါဘူး၊ အခုမှအပျိုလေးနဲ့ ချွတ်စွပ်တူနေတုန်း'

'ဘာစကားလဲကွာ'

'မေက ညီမလေးတစ်ယောက်လို ချစ်ဖို့ခင်ဖို့ကောင်းတာကို ပြောတာပါ'

'ဟွန်း'

'ကားထဲမှာတပ်ထားတယ်၊ မေ နှိပ်ချင်လို့လား'

'ဘာတွေပြောနေမှန်းလဲ မသိဘူး၊ စိတ်ရှုပ်လာပြီ၊ သွားတော့မယ်'

'လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါလောက်တော့ ချစ်ခဲ့ကြဖူးတာပါပဲ'

'အဲဒီတစ်ခါချစ်မိတဲ့ အချစ်ကို တန်ဖိုးထားတဲ့လူဟာ အဲဒီ အချစ်ပေါ်မှာပဲ တစ်သက်လုံး သစ္စာစောင့်သိသွားတယ်၊ ချစ်ခြင်း တရားပေါ် သစ္စာစောင့်သိရှိသေခြင်းမျိုးကို ပြောတာ၊ တန်ဖိုးထားတယ် ဆိုတာ တန်ဖိုးရှိလို့ပေါ့။ တန်ဖိုးမရှိရင် တန်ဖိုးမထားတော့ဘူး။ သစ္စာ မစောင့်တော့ဘူး။ ချစ်ခြင်းအပေါ် မယုံကြည်တော့တဲ့အတွက် စည်း

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဝါးပျက် လွတ်ထွက်သွားတတ်တယ်။ ကျွန်တော့်မှာ အခုလေ တန်ဖိုးရှိမယ်ထင်နေတဲ့အချစ်နဲ့ ထိတွေ့မှုအစပျိုးနေခဲ့ပြီ'

ကျွန်တော့်စကားကြောင့် မေစန္ဒာဘို အရုက်ပိုကာ လက်ချင်း ပွတ်သပ်နေ၏။ မျက်တောင်ကြီးတွေက ယပ်ခတ်နေသည့်အလား မဝံ့မရဲကြည့်လိုက်သော မျက်ဝန်းရွဲကြီးတွေက ဆန့်ကျင်ဘက်လိင်ကို ကလိနိုင်စွမ်းရှိ၏။ သို့ပြား ကျွန်တော့်အနေနှင့် ထူးမခြားနား။

'ကျွန်တော်က ချစ်ခြင်းတရားကို ယုံတယ်၊ သစ္စာစောင့်သိ တယ်၊ တန်ဖိုးထားကိုးစားတယ်၊ အဲဒီအချက်ကြောင့် ကျွန်တော်ချစ်ရ တဲ့ တစ်ယောက်သော မိန်းမကလွဲရင် ကျန်တဲ့မိန်းမတွေကို ရိုးသားတဲ့ အမြင်နဲ့ပဲ ထာဝစဉ်ဆက်ဆံသွားမယ်၊ ဒါဟာ ကျွန်တော့်နှလုံးသားရဲ့ ကြွေးကြော်သံ၊ ကျွန်တော့်ရင်အသည်းမှာ ထာဝစဉ်ကိုင်စွဲထားမယ့် ဟစ်ကြွေးသံစစ်စစ်ပါ'

'သူချစ်ရတဲ့မိန်းမဆိုတာ ဘယ်သူ့ကိုပြောတာလဲဟင်'

'မေ··· သူ့ကို သိမှာမဟုတ်ဘူး'

'ဘယ်လိုရယ်'

'မေ့ကို ကျွန်တော် ရိုးရိုးသားသားဆက်ဆံသွားမယ်'

ဝန်းဝိုင်းနေသော မေ့မျက်ဝန်းမှာ စွန်းထင်လာသော အရိပ် အယောင်တွေ။ တောင်ပေါ်မြူခိုးတွေသိုပါပဲ။

'ယောကျ်ားတစ်ယောက် ချစ်တတ်လာအောင် သင်ပေးတတ် တဲ့ မိန်းမမျိုးတွေထဲမှာ မေ မပါဘူး၊ သူ့ရဲ့ ရိုးသားတဲ့အမြင်ကို ကျေးဇူးတင်ပါတယ်၊ တကယ်ကို ရှားပါးတဲ့ သဘောထားရှိသူကို ခုမှမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အံ့ဩစရာပဲ၊ ရင့်ဟစ်ကြွေးထား တာတွေ တစ်နေ့နေ့မှာ အခြေအနေအရပ်ရပ်ကြောင့် ပြောင်းလဲသွား ပါစေနဲ့၊ ဒါပေမဲ့ ကျွန်မဆန္ဒရဲ့ တစ်ဖက်စွန်းမှာ ရင်ပြောင်းလဲသွား မယ့်နေ့ကိုတွေ့အောင်စောင့်ကြည့်ချင်နေတယ်၊ အဲဒီလိုဖြစ်တာဘာလဲ ဆိုတာမသိဘူး၊ ရင်ထဲမှာ တင်းနေတာတွေက ပွင့်လင်းလိုက်တာ သက် သက်ပါပဲနော်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သဘောပေါက်ပါတယ် မေ၊ မေနဲ့ ထိုက်တန်တဲ့ သူကို မေ တွေ့လာမှာပါ၊ တစ်ဦးတစ်ယောက်ရဲ့ စေ့ဆော်လုပ်ကိုင်မှု ကြောင့် အချစ်ဆိုတာ ဖြစ်မလာနိုင်ပါဘူး'

'မမထားက မေ့ကိုပြောဖူးတယ်၊ မမထားပြောသလို ရိုက် ချက်ပြင်းပြင်းနဲ့ ချစ်ခြင်းကို ပဋ္ဌလက်လိုပြောင်းလဲပေးလိုက်မယ်ဆိုရင် တော'

မေစန္ဒာဘိုက ပြောလက်စစကားတစ်ခုကို တန့်ပြီး ကျွန်တော် တို့ဖြစ်နိုင်အခြေကို ငုံ့လင့်သလို ကြည့်နေ၏။ လှုပ်ရှားနေသော လက်ဟန် ခြေဟန်တွေပါ တန့်ပြီး ကြည့်နေခြင်းမျိုးကို ကျွန်တော် ရိုးရိုးလေးသာ ပြန်ပြောလိုက်ပါသည်။

'အဲဒီအဆင့်အထိဆိုရင်တော့ ကြုံဖူးမှ ယုံရတော့မှာပေါ့'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

ကျူရှင်အဆောင်နဲ့ သုံးထပ်ဝရံတာမှာ အဖော်တစ်ယောက်နှင့် ရပ်စကားပြောနေသော ပန်ဆုမိုကို လှမ်းတွေ့ရ၏။

မြေညီမှာရပ်ပြီး ကျွန်တော် ပြွတ်စုပ်လိုက်၏။ ပန်ဆုမို အောက်ကိုလှမ်းကြည့်ပြီး ကျွန်တော့်ကိုမြင်သောအခါ ပြုံးပြ၏။ ကျွန်တော်က ဘေးကလူတွေရှင်းနေသဖြင့် ဆယ်လူလာဖုန်းဆက်ဟန် လက်သန်းနှင့် လက်မကိုင်ဖြပြီး နားရွက်နှင့်ပါးစပ်နားကပ်ပြလိုက်၏။

ပန်ဆုမိုကလည်း ရေိယာတိုထုတ်ပြီး ခလုပ်ဖွင့်ဟန်လက်သန်းနှင့် လက်မကို ဖြပြီး နားထောင်ဟန်လုပ်ပြ၏။ အဖော်ဖြစ်သူက သဘောပေါက်ဟန်ဖြင့် အသာနောက်ဆုတ်လှည့်ထွက်သွား၏။

ဝန်းကျင်မှာလည်း အရာရာစိုပြေစိမ်းလန်း ငြိမ်းချမ်းနေ၏။ ကျွန်တော်က လက်နှစ်ဖက်နှင့် အသည်းနှလုံးပုံစံ လုပ်ပြပြီး ရင်ဘတ်မှာကပ်ပြ၏။ ပြီးလျှင် ပန်ဆုမိုထံ ပို့လွှတ်လိုက်ဟန်ပြလိုက်၏။

ပန်ဆုမိုက လက်ဝါးထောင်ပြ၏။ ထိုလက်ဝါးစောင်းဖြင့် အပေါ်ရောက်လာဟန်ရှိသော အသည်းကို ခုတ်ခွဲပြလိုက်၏။

ကျွန်တော်က ပုလဲတွေခနေဟန် လုပ်ပြ၏။

ပန်ဆုမိုက လေချွန်ဟန်ဖြင့် မထိမဲ့မြင် အိုက်တင်ခံနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပန်ဆုမိုကို လက်ဟန်ဖြင့် အသံတိတ်စကားလုံးတွေ သုံးမိနစ်မျှ ကောင်းနေ၏။ ကားတွေထိုးဆိုက်လာကြ၍ ဆက်မကောင်းကြတော့သဖြင့် ကျွန်တော်က အပေါ်တက်လာမည့်ဟန်လုပ်ပြလိုက်၏။ ပန်ဆုမိုက လက်ညှိုးလေး ပက်လက်လှုပ်ခေါ်၏။

ကျွန်တော် ဆင်ဝင်ထဲဝင်လိုက်ပြီး အပေါ်ထပ်ရှိရာ လှေခါးဆီပြေးသွားလိုက်၏။ လှေခါးတစ်ထစ်ချိုးမှာပင် အပေါ်မှ ဆင်းလာသော ပြဿနာကို တည့်တည့်ကြီးတိုး၏။ မမထား ဝိတ်ရပ်ပြီးခါးထောက် မာန်တင်းထားပုံက…

'ဘယ်လိုလဲ၊ သံရုံးစာကြည့်တိုက်ကို စာအုပ်တွေ သွားပေးပြီးလား'

'မမထားခိုင်းလိုက်တဲ့အတိုင်း အားလုံးလုပ်ပြီးပါပြီ၊ အပြန်ကျရင် မမထားဘာသာ မောင်းပြန်တော့၊ ဒီမှာ ကားသော့၊ ကျွန်တော် ဦးလေးအိမ်သွားစရာရှိတယ်'

'ဟန်ဒီလင်း… မင်း မမကို မလိမ်နဲ့၊ မင်းနဲ့ဟိုကျောင်းသူ ပန်ဆုမို အချိန်းအချက်လုပ်ပြနေတာတွေ ဟိုးဘက်ဝရံတာက မမအားလုံးမြင်တယ်၊ မင်းရဲ့ကျူရှင်ချိန်ပြီးရင် သူနဲ့တွဲပြီးလျှောက်သွားကြမှာမဟုတ်လား'

'ဟာဗျာ မမထားကလည်း'

'မရဘူး၊ မမထားစာသင်ချိန်ပြီးတဲ့အထိစောင့်၊ အိမ်ကိုပဲ ပြန်လိုက်ခဲ့ရမယ်'

'ကျွန်တော် ကလေးမဟုတ်ဘူး၊ လွတ်လွတ်လပ်လပ်နေပါရစေ'

'ကလေးဆို ရိုက်ပစ်လိုက်ပြီပေါ့ကွာ၊ လူကြီးမို့ အမှားကြီးကြီးဖြစ်နိုင်တာတွေ မဖြစ်နိုင်အောင် ထိန်းပေးနေတာ'

'မသိဘူးဗျာ… ဘာကျင့်ဝတ်စည်းကမ်း ထိန်းချုပ်မှုကိုမှ ကျွန်တော့်နှလုံးသားက လက်မခံဘူး၊ မမထား ကျွန်တော့်ကိုကဖယ်'

'မဖယ်ဘူး၊ မင်း ဘယ်လိုဖြစ်နေတာလဲ ဟန်ဒီလင်း၊ မမထား

www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် မင်းမျက်စိထဲ မထားတော့ဘူးလား၊ အစ်မတစ်ယောက် အနေနဲ့ မထည့်နိုင်တော့ဘူးလား'

'မဟုတ်ဘူး၊ အဲဒါတွေအားလုံးထားတယ်၊ ထည့်တယ်၊ မမထားကသာ ကျွန်တော့်ရင်ဘတ်ထဲကို ငုံ့မကြည့်တာ၊ ဖယ်... ဖယ်ဗျာ'

'မဖယ်နိုင်ဘူးကွာ၊ မင်းပိုပြီး အမိုက်စိတ်ပိုပြီးဝင်လာပါလား ဟင်'

ကျွန်တော် မမထားကို ကော်ပတ်ရုပ်ကြီးမရွှေ့သလို လက်မောင်းနှစ်ဖက်မှကိုင်မရွှေ့ပြီး အပေါ်ကိုပြေးတက်လာခဲ့လိုက်၏။

ရုန်းကန်အော်ဟစ်ရင်းမှ ဒေါသတွေတဖွားဖွားပေါက်ကွဲကျန် ရစ်ခဲ့သော မမထားကိုနောက်ပြန်မကြည့်ဘဲ လက်ချောင်းတွေထောင် ပြနှုတ်ဆက်ခဲ့လိုက်၏။

'မင်း လူမိုက်၊ မင်းအသွားနဲ့တိုင်ပြောမယ်၊ အိမ်ရောက်ရင် ဖေဖေနဲ့မေမေနဲ့ကို ပြန်တိုင်မယ်၊ လူဆိုးလူမိုက်ကောင်၊ လက်မောင်း ကို နာသွားတယ်၊ တောက်... ဒင်းတော့လား တွေ့မယ် ဟင်း'

လုပ်ချင်သလိုသာ လုပ်။ ကျွန်တော် မတုန်လှုပ်။

'အချစ်မှာ အဲဒီလိုအစွမ်းသတ္တိရှိတယ်'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

'မတွေ့ရတဲ့နေ့တချို့အတွက် ကျွန်တော် ဝမ်းနည်းကြေကွဲနေရတယ်ဆိုရင် ဖန်ဆု ယုံမလား'

'ညာချွဲကြီး'

'မှန်သောစကားကို ဆိုခြင်းဖြစ်ပါက ဖန်ဆုအချစ်ကို ပိုင်ဆိုင်ရစေ၊ မမှန်သောစကားကို ဆိုမိပါက မက်ဒေါ်နားနဲ့ ပေါင်းရပါစေ'

'နှစ်နာမှုတွေ များသွားမယ်နော်'

'အမြင်ကပ်သူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခဟာ ဘယ်လောက်ဆိုးဝါးမယ်ထင်သလဲ'

'ရှင်နဲ့အတူ ကားနဲ့ပါလာတဲ့ မမက ဒီကျူရှင်က ဆရာမတစ်ယောက်ဆို'

'ဟုတ်တယ်၊ တစ်လောကလုံးကို အုပ်ချုပ်ချင်နေတဲ့ ဆရာကြီးပေါ့'

'ရှင့်ကို ဝိုက်လုပ်ပေးနေတဲ့ နှစ်ဝမ်းကွဲမမဆိုတာ သူပေါ့'

'မှန်တာပေါ့၊ သူ့နာမည်က ထားထားအောင်ဝေတဲ့၊ ဘဝင်မြင့် အခြေလွတ် မြောက်တောက်ကားယား ဟောက်စားဟိန်းလှန့် လူတန်းစားတွေလေ'

'ကိုယ့်အမျိုးကိုယ် ဒီလိုပဲ ပြောရသလား'

'မှန်တာပြောတာ'

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆုမိုက မျက်မှောင်လေးချချိုးကြည့်ပြီး ဖွေးလက်စီရီ ပြုံးကြည့်နေ၏။ ကျေးဇူးပြုပြီး အဲဒီလိုမကြည့်ပါနဲ့။ အဲဒီနှုတ်ခမ်းရဲရဲလေးကို အသည်းယားလွန်းလို့ပါ'

'ရှင် ဘာဖြစ်နေတာလဲ၊ မရိုးမရွဖြစ်နေသလိုပဲ'

'အဲဒီနှုတ်ခမ်းလေး ပြုံးနေပုံကို ကျွန်တော် ညတိုင်းအိပ်မက်မက်တယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် ဆွဲဆောင်မှု ရှိနေရတာလဲ'

'ဒီကတော့ ဒီအတိုင်းပါပဲ၊ သူ့ဘက်ကသာ ဖြစ်ချင်သလိုဖြစ်နေတာ'

'တစ်ခါတလေ စဉ်းစားမိတယ်၊ ကျွန်တော်တို့ မခင်မိခဲ့ကြရင် ကောင်းမယ်'

'ခင်နေရင် ရည်းစားစကားမပြောရလို့'

'မဟုတ်ဘူးလား'

'စာကြိုးစားပါဦး'

'စိတ်ချ'

'စီးပွားကောင်းကောင်းရှာတတ်အောင် အရင်လုပ်ပါဦး'

'ဖြစ်လာမှာပါ'

'ကိုယ်ကျင့်သိက္ခာထိန်းနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ကျင့်ကြံနေထိုင်ကြည့်ပါဦး'

'မင်းကလွဲရင် အားလုံးထွက်သွား'

'ယုံရအောင် လေ့လာဦးမယ်'

'ကိုယ့်ဘက်က အမြဲဖွင့်ပေးထားတယ်၊ စိတ်ရှိလက်ရှိ လေ့လာကြည့်ပါ'

'ကောင်းပြီလေ၊ ဒါနဲ့သူနဲ့ပန်ဆု စတွေ့တဲ့ ကံ့ကော်ပင်လေးတို ရောက်ဖြစ်သေးလား'

'မရောက်ဖြစ်ဘူး၊ တစ်နေ့လောက်ပန်ဆုနဲ့ ကျွန်တော် အမှတ်တရအဲဒီလမ်းမှာ လျှောက်ကြည့်ကြမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနေရာလေးက လှတယ်နော်၊ အဲဒီနားက အိမ်တွေ ကုံ့ကော်ပွင့်ချိန်ဆို မွှေးပျံ့နေမှာပဲ'

'ဟုတ်မယ် ထင်တယ်၊ ကျွန်တော်ကတော့ ကုံ့ကော်ရနံ့ရရင် ခေါင်းမူးချင်တယ်'

'သူ့ကျမှ ထူးထူးခြားခြား'

'ပန်ဆုကတော့ ကုံ့ကော်ရနံ့ ကြိုက်လို့လား'

'ကြိုက်တယ်၊ ပန်းမပန်တတ်ပေမယ့် ပန်းရနံ့ဆို အားလုံး ကြိုက်တယ်၊ အကြိုက်ဆုံးက နှင်းဆီရနံ့'

'တစ်ယောက်နဲ့တစ်ယောက် အကြိုက်တူဖို့ထက် အချစ်တွေ တူဖို့က အရေးကြီးတာမဟုတ်လား'

'ဟုတ်ပါတယ်၊ ကြိုက်တာနဲ့ ချစ်တာ ဘယ်လိုကွာသလဲ ဟင်'

'ကြိုက်တာကတော့ အာရုံငါးပါးနဲ့ ရုပ်တိုက်ဖြစ်ပေါ်လာလို့ ကြိုက်တာ၊ ချစ်တာက အာရုံခြောက်ပါးလို့ဆိုရမလား၊ နှလုံးသားခံစားမှုတစ်ပါးတိုးလို့ ပိုလေးနက်တယ်၊ ကျွန်တော်အတွေးသက်သက်နဲ့ ပြောတာပါ'

'စာမေးပွဲကြီးလည်း မကြာခင်ရောက်လာတော့မယ်နော်၊ စာတွေတော်တော်ရနေပြီလား'

'ရသင့်သလောက် ရနေပါပြီ၊ ပန်ဆုရော'

'အဲဒီလိုပါပဲ၊ ဒါပေမဲ့ သူ့ထက်ပိုရတာကတော့ သေချာတယ်'

'အမှန်တော့ ဒီအချိန်ဆို ကျွန်တော် ကျောင်းပြီးပြီ၊ စီးပွားရေးလောကထဲရောက်နေလောက်ပြီ၊ ပန်ဆုလည်း တတိယနှစ်လောက် ရောက်ရောပေါ့၊ သူငယ်ချင်းတွေ အဲဒီအခြေဆိုက်ကုန်တာမြင်ရရင် ကိုယ့်ဘာသာပြန်ပြီး စိတ်ကသိကအောင့်ဖြစ်ရတယ်'

'ဟုတ်တယ်နော်၊ ပန်ဆု ဒီနှစ်မအောင်လို့ကို မဖြစ်တော့ဘူး၊ ဒီနှစ်နှစ်ယောက်စလုံးအောင်သွားရင် ပျော်လိုက်မဲ့ဖြစ်ခြင်း'

www.burmeseclassic.com



'ငယ်ငယ်တုန်းကလို ဘာကြီးဖြစ်ချင်တယ်လုပ်နေလို့မရတော့ဘူး၊ ဘွဲ့တစ်ခုခုရပြီးလဲ ဧရဲပဲဖြစ်မယ် ဘာပဲပြောပြော ဘွဲ့လက်မှတ်လေးတိုင်ကပ်ပြီး အလုပ်လုပ်မှ အဟုတ်ထင်တတ်ကြတာ မဟုတ်လား'

'နေပါဦး၊ သူက ဘာစီးပွားရေးတွေ လုပ်မှာလဲ၊ ကြည့်ရတာ စိတ်ကူးရှိထားပုံရတယ်'

'အများကြီး စဉ်းစားထားတယ်၊ အဲဒီအထဲကမှ အကောင်းဆုံးကို ရွေးချယ်လုပ်မှာပါ၊ ပန်ဆုကော ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ'

'ရှက်တတ်တယ်၊ ဘယ်တော့မှ ကိုယ့်ရည်ရွယ်ချက်ကို ဖွင့်မပြောတတ်ခဲ့ဖူးဘူး'

'ကျွန်တော်က ပြောသင့်တဲ့လူပါ'

'ဘယ်သူ့ကိုမှ မပြောပါဘူးဆိုမှ၊ ကဲ… ဒီနေ့ဒီလောက်တွေ့ရရင် တော်ရောပေါ့'

'ကျွန်တော် မဝသေးဘူး'

'အအေးနောက်တစ်ခွက် မှာသောက်ဦးမလို့လား'

'မဟုတ်ဘူး၊ ပန်ဆုကို ကြည့်လို့မဝသေးတာ'

'ကိုကဲ… လာသည်းပြမနေနဲ့၊ ယောကျ်ားတွေအကြောင်းကို မသိရင်ခက်မယ်၊ လျှာအရိုးမရှိတိုင်း လေအလကားရတိုင်း ကိုယ့်အကွက်ထဲဝင်လာအောင် မြှူဆွယ်ပြောတယ်၊ ဒါကြောင့် နေရာတကာ သူတို့က ဦးဆောင်ဆရာကြီးလုပ်နေကြတာ'

'ပန်ဆုရဲ့ အမြင်တွေ တစ်ဖက်ဆွဲနေသလားလို့'

'တစ်ဖက်ဆွဲရအောင် ဒီကလေဖြတ်ခံထားရလို့လား'

'မဟုတ်ပါဘူး၊ စိတ်နာစရာများ ရှိသလားလို့ပါ'

'ဘယ်တော့မှ စိတ်မနာဘူး၊ ယောကျ်ားတစ်ယောက်အတွက် ကိုယ့်စိတ်ကို ပင်ပန်းဆင်းရဲခံမယ့်မိန်းမမျိုးထဲမှာ ပန်ဆုမပါဘူး'

'ကျွန်တော်လည်း ပန်ဆုပြောတဲ့ ယောကျ်ားတွေထဲမှာ မပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မပါသေးလို့ ခုလိုဆက်ဆံနေတာပေါ့'

'ပန်ဆု မနှစ်သက်တဲ့အချက် အဲဒီအချက်ကို အဓိကထားပြီး သိပါရစေ'

'ပွေတတ်၊ ရှုပ်တတ်၊ ညာတတ်၊ လှည့်တတ်၊ ပတ်တတ်၊ ဖြီးတတ်ကောက်ကျစ်တတ်တဲ့ ယောကျ်ားမျိုးဆို ပန်ဆု အသေမုန်းတယ်'

'ကျွန်တော် သိပြီ၊ နောက်နေ့ကစပြီး ကျွန်တော့်အခန်းရဲ့ အမြဲမြင်နိုင်တဲ့ နေရာက စာတန်းအသစ်တစ်ခုကပ်မယ်'

'ဘာစာလဲ'

ကျွန်တော် ပြန်ပြောလိုက်သော စကားကြောင့် ပန်ဆုပြုံးသွား [illegible] ခဲ့ပြုံး၊ ခနဲ့ပြုံး ကျွန်တော်ပြောလိုက်သောစကားမှာ…

စာထဲမှာ ရေးမှာက ငါသည် ဘယ်သောအခါမှ ပွေခြင်းရှုပ်ခြင်း၊ လှည့်ခြင်းပတ်ခြင်း၊ ညာခြင်းဖြီးခြင်း၊ ကောက်ကျစ်ခြင်း အလျှဉ်းမရှိသော ယောကျ်ားတစ်ယောက်ဖြစ်နေစေရမည်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

အသည်းမကောင်းဘဲ
ပွဲတောင်းခဲ့သူပါ
ဘဝမှာ
အခွင့်အရေးဆိုလို့
ပယ်နယ်တီတစ်လုံးတောင်မရခဲ့ပါဘူး
မျှော်လင့်ချက်ဆိုတာကလည်း
မျှော်စင်ကြီးသက်သက်ဖြစ်လာခဲ့ရုံပါပဲ။
အိပ်မက်ထဲမှာတောင်
မြို့ပျက်ကြီးလို အယောင်ဆောင်ခဲ့သူပါ
ဘယ်လောက်ပဲအော်အော်
ကောင်းကင်ကြီးက ငှဲလို့တောင်ခေါ်ဖော်မရ
မြေကြီးက ပင့်မထားရတဲ့ အဖိုးဝန်ခကို
တောင်းချင်လှတဲ့ပုံစံ
အခြေအနေကောင်းပေမယ့်
အ…နေတဲ့ ခြေထောက်တွေက နေမကောင်းချင်ပြန်ဘူး
နောက်ပြန်ပက်လက်မူးနေတဲ့ လခြမ်းကလေးတောင်
မိန်းမဆိုးလေးကို မုန်းချင်ယောင်ဆောင်တယ်
ခက်တယ်
ကိုယ်က
လောကကြီးကိုမှ
ရှုံသွင်းပြီး ကန့်လန့်ကာဖွင့်ချင်တဲ့ကောင်…။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

'အချစ်ဆိုတာကို မလှစုကျော့ ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲ'

'အချစ်ဆိုတာ အချစ်ပဲပေါ့၊ ဘာလို့ဦးနှောက်အခြောက်ခံပြီး ငြင်းစားနေမှာလဲ၊ ကြည့်ရတာ ကိုဟာန်ဒီလင်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုတလေ ရှိနေပြီနဲ့တူတယ်'

ကန့်ရေပြင်မှာ ကြက်ခွပ်နေသော လှိုင်းကလေးတွေကို ကျွန်တော် ကြည့်နေရာမှ လှစုကျော့ကိုပဲ ကြည့်လိုက်၏။ (ရုပ်ရှင်ဆန် နေမှာလည်း စိုးရသည်။)

'ကျွန်တော် ထပ်မေးချင်တယ်၊ အချစ်တစ်ခုတည်းကို ယုံ သလား၊ အချစ်အများကြီးကိုပဲ ယုံသလား'

'အချစ်တစ်ခုဆိုတာ ဘာကိုဆိုလိုချင်တာလဲ'

'မလှစုကျော့အတွက်ဆိုရင်တော့ မလှစုကျော့ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ပေါ့၊ အဲဒီလူကို ရာသက်ပန် မသွေမဖောက် လက်တွဲသွားချင်တဲ့ သဘောထားပေါ် ယုံကြည်စိတ်ထားနိုင်သလား'

'အဲဒီချစ်သူက စဖောက်သွားရင်ရော'

'အဲဒါမျိုးဆို အချစ်တစ်ခုတည်းအပေါ် မလှစုကျော့ ယုံကြည် မှု မထားနိုင်ဘူးပေါ့'

'အဲဒါမျိုးဆို အဲဒီလိုပေါ့'

'အချစ်အများကြီးကို ယုံကြည်တဲ့သူမျိုးပေါ့'

'တစ်ယောက်မကောင်းရင် နောက်တစ်ယောက်ပြောင်းကြတာ လူ့သဘာဝပဲ'

'ကျွန်တော်က အချစ်တစ်ခုတည်းအပေါ် ယုံကြည်တဲ့သူမျိုး'

'ကြီးမားတဲ့ ခြားနားချက်ကို ပြချင်လို့ ဒီလိုပြောနေတာလား ကိုဟာန်ဒီလင်း'

'ဆိုနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့နှစ်ယောက်ဟာ နောက်ကတွန်းအားနှစ်ခုတွန်းပို့မှုနဲ့ ဒီလိုအခြေအနေကို ရောက်လာခဲ့ကြတာ၊ ရှင့်ရဲ့မမထားနဲ့ ကျွန်မရဲ့ မနိုင်တို့ကြောင့်ပေါ့၊ နှစ်ဖက်လုံးရဲ့ ရင်ထဲမှာ ဘာမှမရှိတာ သူတို့ နားမလည်ဘူး၊ ရှင်နဲ့ ကျွန်မက နားလည်နေတယ်၊ သူတို့တွန်းအား တွေကို မလွန်ဆန်နိုင်တဲ့အကြောင်းတရားကလည်း ကိုယ်စီရှိနေတယ် လေ၊ ကျွန်မ ထင်တယ်၊ ရှင့်အပိုင်းကို ကျွန်မ ရှင်းမယ်၊ ကျွန်မအပိုင်း ကို ရှင်ဖြေရှင်းပေး၊ အဲဒီလိုဆို တွန်းအားတွေကို ကျေပျက်သွားနိုင်တယ်'

'ကျွန်တော် မမနိုင့်နဲ့တွေ့ပြီး မဖြစ်နိုင်ကြောင်း ရှင်းပြရမယ် ဆိုပါတော့'

'ဟုတ်တယ်၊ ကျွန်မဘက်က မဖြစ်နိုင်ဘူးဆိုလည်း ရှင့်ရဲ့ မမထားသိသွားအောင် ပြတ်ပြတ်သားသား ငြင်းမယ်'

'ကောင်းတယ်'

'ကျွန်မမှာလည်း ချစ်သူရှိတယ်'

'ကျွန်တော့်မှာလည်း... အဲ...'

'ပိုင်သေမပြောနိုင်တော့ဘူး'

'ပြောနိုင်အောင် ဆက်လုပ်ပေါ့'

'မမထားက ရွှေပြောင်းတစ်ဆဲ ပိတ်ဆီးနိုင်တဲ့ နံရံကြီးဖြစ် နေတယ်'

'ရှင်နဲ့ ရှင့်ရဲ့ကောင်မလေးကို မမထားက ဘာလို့သဘော တွေ့နိုင်ရတာလဲ'

'မသိပါဘူးဗျာ၊ စဉ်းစားလို့မရပါဘူး'

'အကြောင်းတစ်ခုခုရှိလို့နေမှာပေါ့'

'ဟာ ဖြစ်နိုင်တယ်၊ ကျွန်တော့်ကောင်မလေးမှာ အကြောင်း တစ်ခုတော့ ရှိတယ်'

'ဘာအကြောင်းလဲဟင်'

ကျွန်တော် ပြန်ပြောလိုက်သော စကားကြောင့် လုစုကျော့ မျက်လုံးတွေ ဝင့်ခနဲပိုင်းပြီး နှုတ်ခမ်းနှစ်လွှာ ပွင့်ဟသွား၏။ ကျွန်တော် ပြောလိုက်သည်မှာ...

'သူက တစ်မျိုးလေးလေ'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ညှိုရီပြာမှောင်သော အခင်းကိုဆောင်ထားသည့် ညနောက်ခံထားရှေ့မှာ ရေပန်းလွှတ်ထား၍ ရေမှုန်ဖွားဖွား လွင့်စင်ပြန့်ကျက်နေ[illegible] ပြန့်ရှာသော ရေစက်တို့ကြောင့် အသက်ရှင်နေသော ကန်ရေပြင်ထဲ ကျွန်တော့်လက်ထည့်ကာ အသာဝေ့ယမ်းမိလိုက်၏။

လေခို၍မရသော ရေ၊ ရေခို၍မရသောလေအကြောင်းကို အစားသွင်းနိုင်မည့် နိယာမတစ်ခုကို ရှာဖွေတွေးတောနေမိဆဲ…။

'ဟန်ဒီလင်း'

ထားထားအောင်ဝေ ရပ်နေ၏။ ညဝတ်အင်္ကျီအိတ်ထဲလက်နှစ်ဖက်ထိုးထည့်ထား၏။

'စာတွေရပြီလို့လား'

'တစ်ပိုဒ်ကျန်သေးတယ်၊ သချာကနှစ်ပုဒ်'

'မင်းက ဒီမှာဘာလာလုပ်နေတာလဲ'

'ခဏအပန်းဖြေတာပါ'

'ဒီနေ့ ထမင်းစားပွဲမှာ မင်းကို မေမေမေးတာ သိပ်များသွားလို့ ရင်ပြည့်ရင်ကယ်များဖြစ်နေသလားလို့'

'မဖြစ်ပါဘူး၊ သူက ကျွန်တော့်အန်တီပဲ၊ ဘွားဘွားကို တလေးတစားရှိတဲ့သူ ကျွန်တော်ကလည်း တလေးတစား ပြန်ရှိသင့်တဲ့လူ၊ အန်တီပြောသလို အိမ်ထောင်ရေးကို အမှန်တကယ်စဉ်းစားခဲ့ရင် မမစီစဉ်ပေးတဲ့အတိုင်း မင်း လိုက်နာသင့်တယ်ဆိုတာကို လက်ခံပါတယ်၊ ကျွန်တော့်ကောင်မလေးအကြောင်း အတွင်းကျကျမေးတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မဖြေတတ်ဘူး၊ မသိတဲ့အလုပ်ဆို ဘာမှမလုပ်သင့်ဘူးလို့ အန်တီပြောတာ မှန်ကန်ပါတယ်၊ ဒါပေမဲ့'

'ဘာဖြစ်သလဲ'

'သိအောင်ကြိုးစားချင်သေးတယ်'

'ခေါင်းမာလိုက်တာကွာ၊ အဲဒီကလေးမလေးက အလှမက်တယ်၊ အပျော်မက်တယ်၊ ဘာကိုမှ တန်ဖိုးမထားဘူး၊ ငဲ့ကို သူ တန်ဖိုးထားမယ်ထင်နေသလား ဟန်ဒီလင်း၊ မင်းပြောတဲ့အချစ်တွေ အသည်းတွေကို သူတန်ဖိုးထားမယ်ထင်သလား၊ တန်ဖိုးထားတယ်ဆို ရင်တောင် မင်းအကြောင်း အတော်များများကို သူတော်တော်များများ သိထားလို့ပဲဖြစ်နိုင်လိမ့်မယ်၊ အဲဒီမိန်းကလေးရဲ့ ဟန်ဆောင်မှုအတတ် ပညာထဲ မင်းရောက်နေပြီ၊ မင်းလို ငချွတ်လေးမျိုးကို မိန်းမတစ် ယောက်ရဲ့ မာယာဟာ ဒီလိုရှိပါတယ်ဆိုပြီး သင်ပေးသွားလိမ့်မယ်ကွ၊ အဲဒီကျမှ သည်းခြေပျက်ကျန်ခဲ့မှာစိုးလို့ အားလုံးက တားနေကြရတာ'

'သူ့ရဲ့နှလုံးသားထဲကို မမဝင်ကြည့်နိုင်လို့လား၊ ကျွန်တော် ဘာဖြစ်နေသလဲဆိုတာတောင် မမ မခန့်မှန်းနိုင်သေးတာပဲ၊ လူတစ် ယောက်ကို ဖြုတ်ချဖို့ ဖိအားတွေ ပြွတ်သိပ်သုံးထားတဲ့ စကားလုံးတွေ ကို ကျွန်တော် နားမလည်နိုင်ဘူး၊ ခေါင်းမာတာ မဟုတ်ဘူး မေး အသည်းမာတာ၊ စိတ်ချ၊ အဲဒီမိန်းကလေးကို မမ ပြောသလို ဖြစ်နေ တယ်ဆိုတာ သိရရင် ဘယ်တော့မှ သည်းခြေမပျက်စေရဘူး၊ အချိန် ဒေါသနဲ့ စိမ်းစိမ်းကြီးမုန်းပြမယ်'

'မင်း တို့ပြောရင် စိတ်တိုတယ်၊ ဆက်ပြောရင် ပိုပြီးစိတ်တို ရတယ်၊ မပြီးသေးဘူး၊ တစ်တိုင်တည်းနဲ့ မင်းနားမလည်နိုင်ဘူး အရေးကြုံလာတိုင်း အဲဒီအကြောင်းကို ဆွေးနွေးရမှာပါပဲ၊ ဒီအချိန်မှာ ဘေးရွှေ့ထားလိုက်ပြီး အခု မမ မင်းကို မေးစရာရှိတယ်၊ မင်း လှစုကျော့ကို ဘာတွေပြောလိုက်လဲ'

'မမထားဆီကို သူ ဖုန်းဆက်ပြီးပြီလား'

'အေး… အခုပဲ နားထောင်ခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'လှစုကျော့မှာ ရည်ရွယ်ထားတဲ့သူရှိတယ်'

'အဲဒါ မင်းညွှံတာ၊ သိပ်ညွှံတာကွ'

'ဘာမှမဆိုင်ဘူး'

'ဆိုင်တယ်၊ သူ့ကိုယ်သူ မပိုင်လို့ တို့စီစဉ်ပေးသလို နေလာ ထေးရတာပဲ၊ မင်းဖြစ်ချင်ရင် ဖြစ်နိုင်တဲ့အခွင့်အရေးကို ရလျက်နဲ့ သတ်သတ်မဲ့ ဖျက်ထုတ်လိုက်တာပဲ'

'ခက်တယ်ဗျာ၊ ရည်းစားမရှိတဲ့ မိန်းမတစ်ယောက်ကို ဒီလို အကြောင်းပြောရတာ သိပ်ခက်တယ်'

'ဘာကွ၊ မင်းက မမကို စော်ကားလိုက်တာလား'

'နားလည်မှု လွဲပြန်ပြီ၊ ကိုယ်ချင်းစာတတ်အောင် ပြောတာပါ'

'စာနာတတ်လွန်းလို့ မင်းတို့ဘဝလေးတွေကို အမုန်းခံတည် ဆောက်ပေးနေတာပေါ့ကွာ'

'အခု လှစုကျော့က ဘာတွေပြောသွားသလဲ'

'မင်းဘက်က ဖျက်သိမ်းလိုက်ပြီဆို'

'အင်း… ဟုတ်တယ်'

'မင်း မဟုတ်လို့ သူ့ဘက်က အပြစ်လွှတ် ရုပ်သိမ်းသွားနိုင် တာပေါ့ကွာ၊ သူ့ဘက်က သဘောတူထားတဲ့သူတွေက မင်းလုပ်ရပ် ကြောင့် မမကို ဘယ်လိုပြောကြမလဲ၊ ဘယ်လိုအပြစ်တင်ကြမလဲ၊ စိတ်ဆိုးကြမလဲ၊ မိတ်ပျက်အောင် ဖျက်လိုက်ကြမလဲ၊ ကဲ… မင်း တွေးလေ'

'ကျွန်တော် လိုက်တောင်းပန်ပေးရမလား'

'မင်း သေသင့်တယ်'

'ဒီကန့်ထဲကို ဒိုင်ပင်ထိုးချပြရမလား၊ တစ်ခုတော့ရှိတယ်၊ ရေကူးတတ်တော့ သေနိုင်လိမ့်မယ်မထင်ဘူး'

'ဒီလိုမဟုတ်မဟပ်တွေနဲ့ မင်းဘဝကြီးကို စုတ်ပြတ်သွားမဲ့ အရေးတွေပဲ အမြဲတွေးခေါ်လုပ်ကိုင်ဖို့ မင်း အလေးထားတယ် မဟုတ် လား၊ မောတယ်၊ ကျွဲပါးစောင်းတီးပြနေမိပြီကိုး'

www.burmeseclassic.com

www.burmeseclassic.com



'ခြသေ့်လောက်တော့ လုပ်ပါ၊ ကျွဲဖြစ်ရတာ သိပ်မကောင်းလို့'

'ငါ မပြောလိုက်ချင်ဘူး၊ ဟင်းနော် ဒီမှာကြည့်စမ်း၊ ဒီနံရံကို ကြည့်စမ်း'

'ဟုတ်ကဲ့… အဲဒါ အဝတ်လဲခန်းဖွဲ့ထားတဲ့ နံရံလေ'

'မင်းကိုပြချင်တာ အဲဒါနံရံက တံလျှပ်တွေကိုပဲ'

'တံလျှပ်တွေထနေတာ မြင်ပါတယ်၊ ဘာဖြစ်လို့လဲ မမ'

'တံလျှပ်ကို ရေထင်နေရင်တော့ မင်းမှားတော့မယ်'

'ကျွန်တော်က တံလျှပ်ကို ရေမထင်ပါဘူး မမ၊ တံလျှပ်ကို မြင်ရုံနဲ့ အဲဒီအနီးအနားမှာ ရေရှိရမယ်ဆိုတာကို ယုံနေတဲ့လူပါ'

ဘာမပြော ညာမပြော ထားထားအောင်ဝေ ကျွန်တော့်ကို ရေကန်ထဲ ဆတ်ခနဲ တွန်းချလိုက်၏။

'ဗွမ်း'

ခဏာ ရေထဲမြုပ်သွားရာမှ ကြမ်းပြင်ကို ကန်၍ ရေပေါ်ဖြန့် တက်ပြီး ကိုယ်ကိုဖော့ကာ ရေတွေကို ထွေးအန်ခါထုတ်ပစ်လိုက်၏။ အိမ်ထဲကို လှမ်းဝင်သွားသော အရိပ်ကိုသာ တွေ့လိုက်ရ၏။ ထားထား အောင်ဝေ ရှိမနေတော့။

ရေပြင်ပေါ် ပက်လက်ကိုယ်ဖော့ယက်ကာနေပြီး ကောင်းကင် ကြီးကို အရူးသာခံကြည့်လိုက်၏။ အို ကောင်းကင်ကြီးရေ…

ကြယ်စင်တွေ လက်ဆင့်ကမ်းပြီး
ကျွန်တော် လွမ်းနေရတာ
အချစ်သိအောင် ပြောပေးပါ။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

'မုန်းတယ်၊ အို… အရမ်းမုန်းတယ်'

ရစ်ဝဲလာသော မျက်ရည်ကို မျက်တောင်ခပ်ထိန်းပြီး အောက်နှုတ်ခမ်းလေး ပြတ်လုအောင် ကိုက်ထားသော ပန်ဆုမို၏ ပခုံးကို ကျွန်တော် ဖွဖွလေး ပုတ်၍ နှစ်သိမ့်မှုပေးလိုက်သည်။

'ကိုယ်ဟာ အသက်နဲ့ဘဝကို မင်းဘက်မှာ ပုံပြီးရပ်တည်နေမယ့်သူပါ။ သူတို့စီစဉ်ပေးမယ့် မိန်းမတွေကို အန္တရာယ် ကြီးမားတဲ့ အဆိပ်ပွင့်တွေလို သတ်မှတ်ပြီး သူ့လမ်းသူ ပြန်သွားအောင် တည့်မတ်ပေးနေတာပါ၊ ဘာမှ မငြိစွန်းစေရဘူး၊ ပန်ဆုမိုအတွက် ဟန်ဒီလင်း ဖြစ်စေရမယ်'

ကျွန်တော့်စကားကြောင့် တောက်ရှန်းသော မျက်ဝန်းကြီးများဖြင့် ပန်ဆုမို မော့ကြည့်နေရာမှ အသာထရပ်၏။ ကျွန်တော်နှင့် အကြည့်ချင်းဆုံနေရာမှ မဝံ့မရဲသော စကားလေးတစ်ခွန်းကို ဖွဖွလေး ဆိုသွားသည်။

'အခုအချိန်မှာတော့ ဟန်ဒီလင်းအတွက် ပန်ဆုမိုမဖြစ်နိုင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်းပဲရှိနေသေးလို့ပေါ့'

'ဒီအတိုင်းထက် ကျော်လွန်ခွင့်ပေးပါလား'

'ရှင်နဲ့တွေ့ခဲ့တဲ့ နှစ်ယောက်ရယ်၊ နောက်တစ်ယောက်ရယ်၊ အဲဒီသုံးယောက်နဲ့ ကျွန်မ တွေ့ခွင့်ရချင်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ တွေ့ချင်ရတာလဲ'

'ရှင်ပြောသလို ရှင်လုပ်ခဲ့တဲ့ လုပ်ရပ်တွေ ဟုတ်မဟုတ် မှန်မမှန်ဆိုတာ သိချင်လို့ပေါ့'

'အိတ်သွန်ဖာမှောက် ရှင်းပြတာတောင် ပန်ဆုမို မယုံချင်သေးဘူးကိုး၊ အေးလေ ဒီသုံးယောက်နဲ့ ညှိနှိုင်းကြည့်မယ်လေ၊ ဖြစ်နိုင်ရင် မိတ်ဆက်ပေးမယ်၊ ခက်တာက နှစ်ယောက်ကိုပဲ ရင်ဆိုင်ဖြေရှင်းရသေးတယ်၊ ကျန်တဲ့တစ်ယောက် အဲဒီတစ်ယောက် ဘယ်လိုလာမယ်ဆိုတာ ပြောလို့မရသေးဘူး'

'အပြောအဆိုတွေ သတိထားဖို့ အများကြီးလိုတယ်နော်'

'အနေအထိုင်ပါ ဆင်ခြင်နိုင်အောင် အမြဲသတိထားပါ့မယ်၊ ကိုယ့်ကိုစိတ်ချ၊ ပန်ဆုကလွဲရင် အားလုံးအလွဲအမှားတွေချည်းပဲ'

'ကြည့်ရသေးတာပေါ့၊ အပြောကောင်းသူကြီးရယ်'

'အပြောကောင်းမှ အကောင်းပြောနိုင်မှာပေါ့၊ မယ်မင်းကြီးမရယ်'

ကျွန်တော်၏ စကားကြောင့် ပန်ဆုမို မျက်စောင်းပိတ်ထိုး၏။ ပိတ်ထိုးစဉ် ကျွန်တော့်ရင်ဘတ်ကို လက်နှင့်အုပ်၍ သေနတ်မှန်ပြီး လည်ထွက်သွားဟန် လုပ်ပြလိုက်၏။

'အဲဒါ ဘာဖြစ်သွားရပြန်တာလဲ'

'မျက်စောင်းမှန်သွားတာလေ'

'ရင်ဘတ်ကို မှန်သွားလို့လား'

'ဟုတ်တယ်'

'သေလိုက်၊ ဒီက မျက်လုံးကို ထိုးလိုက်တာများ၊ အလကားလူညာကြီး'

'မျက်လုံးကတစ်ဆင့် အသည်းနှလုံးထဲထိမှန်သွားတာလေကွာ'

'အဟား'

အဖြစ်သည်းသည်ကို မကြိုက်တတ်သော ပန်ဆုမိုက အဟား

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်လျောင်လျောင်ရယ်ပြီး ဒေါက်ဖိနပ်နှင့် သူ့ရှူးဖိနပ်ထိပ်ခပ် ဆတ်ဆတ် ပေါက်ချကာ လှမ်းထွက်သွား၏။ ဆတ်ခါနာသွားသော ခြေဖျားလေးတွေကြောင့် မြောက်ကြွကားရားဖြင့် နောက်မှလိုက်သွား သော သူ့ကို...

တဟီးဟီး တဟားဟား ကုံကော်ပင်ကြီးက လှောင်ရယ်မော လိုက်၏။ (ကုံကော်ပင်ပေါ်မှာ တက်ချောင်းနေသော လူအချို့ရှိနိုင်၏။ သို့မဟုတ် အပင်ပေါ် ကုံကော်ညွန့်တက်ခူးရင်း ရောက်ချလာသော အတွဲတို သဲသဲမဲမဲ ချောင်းနေသော လူအချို့လည်း ဖြစ်နိုင်ပါသည်။)

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ယမင်းအိမ်စည်

ညို့အားပြင်းပြင်း ကြည့်တတ်ပြီး မွတ်သိပ်သော နှုတ်ခမ်းသားမှာ ဆွဲအားကောင်းလွန်းလှ၏။ လည်တိုင်အလှကို ကြက်ခြေခတ်ကြိုးသိုင်းဝတ်စုံဖြင့် ဖော်လှပ်ထားပြီး စကပ်ဖားဖားကြီးကြားမှ ခြေနှစ်ချောင်းကို ထပ်ချိတ်ထိုင်လျက်သား။

ဘဲလေးကချေသည်နှင့်တူသော ဘိုမရုပ်ရှေ့မှာ ကျွန်တော်တောင့်တောင့်ကြီး ရပ်နေလိုက်မိသည်။

'ထိုင်ပါ'

'လမ်းလျှောက်ပြီး စကားပြောချင်တယ်၊ ကျွန်တော်အညောင်းမိလာလို့'

'ကျွန်မ ခြံထဲကတော့ ကျဉ်းတယ်၊ လမ်းမဘက်ခြမ်းကိုကူမွှေကီ ရုံးဖွင့်ဖို့ ငှားလိုက်ပြီလေ'

'လမ်းမကျယ်အတိုင်း ဘေးသားကနေ လမ်းလျှောက်ပြီးစကားပြောကြတာပေါ့'

'ဆောရီး... ကျွန်မ မနက်ကတည်းက သွားလာထားရတာသိပ်ညောင်းနေပြီ၊ ရှင့်အတွက် တစ်နာရီအချိန်ကို မနည်းဖြစ်ညှစ်ပေးထားတာ၊ ဒီမှာပဲ အေးအေးဆေးဆေးစကားထိုင်ပြောပါလား'

ယမင်းအိမ်စည် အလုပ်များရခြင်းအကြောင်းရင်းကို အေးအေးဘဲနှင့်သိပါသည်။ ကျွန်းမာရေးလေ့ကျင့်ခန်းတွေ၊ အလှအပရေးရာ

www.burmeseclassic.com


အရည်အချင်းပြည့်မယ့် သင်တန်းတွေ အလှပြင်ခန်းတွေ၊ ဖိတ်ကြားသူတွေ ဝိုင်းဝိုင်းလည်သော ညစာစားပွဲတွေ၊ မွေးနေ့ပါတီတွေ၊ အမှောင်အနမ်းနဲ့ ရင်ခုန်ကြမ်းကြမ်းဓာတ်လမ်းတိုတွေ…

သည်လိုမိန်းမမျိုးအတွက်…

'ကျွန်တော်တို့ ကိုယ့်သဘောနဲ့ကိုယ် နေလိုက်ကြရအောင်'

'ကိုဟန်ဒီလင်း ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ပြောလိုက်တာလဲဟင်'

'မယမင်း သိပါတယ်'

သမင်းအိမ်စည် အကြည့်တွေ တောက်ပသွား၏။

'ကိုဟန်ဒီလင်းနဲ့ ယမင်းကို သဘောတူထားကြတယ်လို့ ယမင်းသိသင့်သလောက် သိထားတယ်၊ ဒါလား'

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ ပန်ဆုမိုထက် ပို၍လှသည်။ ပို၍ခေတ်ဆန်သည်။ ပို၍ရဲတင်းပွင့်လင်းသည်။ ပို၍တွေများသော ယမင်းက သားကောင်ကို မိထားပြီး ကစားခွင့်ရနေသော ဖျက်နှာပေးမျိုးဖြင့်…

'ယမင်းကို သဘောမကျလို့လား'

ဖြေလိုက်လျှင် ရိုင်းရာကျမလား။ ကျွန်တော် ငေါင်နေစဉ်…

'ယမင်းက စွဲမက်စရာမကောင်းတဲ့ မိန်းမဖြစ်နေလို့လား'

ဘယ်လိုပြန်ဖြေရမလဲ ကျပ်တည်းလွန်းသောအနေအထား။

'ယမင်းမှာ ဘာပြစ်ချက်တွေရှိနေသလဲ'

သူမနောက်ကြောင်းလှန်ပြန်လိုက်လျှင်လည်း စော်ကားရာကျနေမည်။

'ယမင်းကို လိုချင်တပ်မက်နေကြတဲ့ ယောကျ်ားတွေဟာ ကိုးဆယ်ရာခိုင်နှုန်းလောက်ရှိတယ်၊ ဟင်း… ဟင်း… ဒါပေမဲ့ ကိုဟန်ဒီလင်းမှာရှိသင့်တာမျိုး သူတို့မှာ မရှိကြဘူး၊ မိန်းကလေးတစ်ယောက်ဟာ ဘယ်လိုပဲ အပျိုစင်ဘဝမှာ ပျော်ပျော်နေနေ ရွေးချယ်နေတာမျိုး ပေါ့နော်၊ အဲ… အချိန်တန်ရင် ယောကျ်ားကောင်းတစ်ယောက်ကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ချင်ကြတယ်၊ တစ်ခုလိုနေတာက ကိုဟန်ဒီလင်းက ဘွဲ့ရတစ်ယောက်မဟုတ်ပြန်ဘူး၊ ဒါကလည်း အချိန်ပေးနိုင်ရင် ဆက်ပြီးသင်ယူသွားနိုင်တယ်၊ အချိန်တန် ဘွဲ့တစ်ခုရနိုင်တယ်၊ ကိုဟန်ဒီလင်း ဦးလေးဆီမှာ ဦးခင်အောင်ဝေပေါ့လေ၊ သူ့ဆီမှာ ကိုဟန်ဒီလင်း သင်ယူလိုက်ရင် ကိုဟန်ဒီလင်းရဲ့ အဘိုးအဘွားတွေက ပြန်မတည်ပေးလိုက်ရင် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဘဝကို မဖြစ်မနေရလာလိမ့်မယ်ဆိုတာ ယမင်း သိနားလည်နေတယ်'-

'ကျွန်တော့်ကို အကွက်ချပြီး လိုရာရွေးချယ်ချင်နေတာလား'

'ယမင်းက မိန်းမသားလေ၊ အရာရာ စဉ်းစားထားသင့်တာပေါ့'

'အနုတ်လက္ခဏာနဲ့ တွက်ဆဖို့ ကျွန်တော် ရောက်လာတာပါ'

'အနုတ်လက္ခဏာ... ယမင်းမေးတာတွေ ကိုဟန်ဒီလင်းက မဖြေခဲ့တာ'

'ကျွန်တော့်မှာ ချစ်သူရှိတယ်'

'ဟုတ်လား၊ ယမင်းမှာလည်း တွဲနေတဲ့သူရှိတယ်၊ ဒါတွေက အရေးမကြီးပါဘူး၊ ညှိလိုက်ရင် ပြီးနေတာပဲ၊ အရေးမကြီးပါဘူး'

'အချစ်မှာ လိုအပ်သလို ပြောင်းလဲနိုင်တဲ့ ပါဝါရှိတယ်လို့ ယမင်း ထင်နေသလား'

'အချစ်ကို ဘယ်လောက်အထိ နားလည်လို့လဲ ကိုဟန်ဒီလင်း'

'ကျွန်တော် နားလည်သလောက်ကတော့ ကျွန်တော့်ချစ်သူကို သစ္စာမဖောက်ဖို့နဲ့ သစ္စာစောင့်သိရှိသေဖို့ပဲ'

'လေးစားသင့်တဲ့ စကားပဲနော်၊ လေးစားနိုင်တဲ့ အထုပ်ကို ချုပ်ပြနိုင်တဲ့ ယောကျာ်း ဒီကမ္ဘာပေါ်မှာ ခပ်ရှားရှားပဲနော်'

'ကျွန်တော် ယမင်းနဲ့ အဓိကပြောသင့်တာတွေပဲ ဆက်ပြောရအောင်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ရှင့်ရဲ့အစ်မက ပြောတာ၊ ရှင် အထိမနာဖူးသေးလို့ ဒီလောက်ထိ အသည်းမာနေတာတဲ့'

'ချစ်ခြင်းအစစ်အမှန်မှာ အသည်းကွဲဒဏ်ဆိုတာ မရှိဘူးလို့ ကျွန်တော် ယုံတယ်၊ ကိုးဆယ်ရာခိုင်နှုန်းသော ယောကျ်ားတွေထဲမှာ ခင်ဗျား ပျော်ရွှင်နေနိုင်ပါစေ'

'ပန်ဆုမိုဆိုတဲ့ မိန်းမတစ်ယောက်ဆီက ရလာမယ့်အချစ်စစ်ဆိုတာကြီး ပိုက်ပြီး ရှင် လှိုက်လှိုက်လှဲလှဲ အသည်းကွဲနေမယ့်နေ့ကို ယမင်း တွေ့ချင်သေးတယ်'

'အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီတဲ့ရှင်'

ယမင်းအိမ်စည်တို့ ခြံထဲမှ သူ ပြန်မောင်းထွက်လာခဲ့လိုက်၏။ အယောင်ဆောင်တတ်သော မိန်းမတစ်ယောက်၏ ရင်ထဲကို ကျွန်တော် အတွေးနှင့်ချိန်ဆခွဲထိုးကြည့်လိုက်မိ၏။ ထွက်ကျလာသော အရာတို့သည်ကား…

မာယာ၊ အမျက်၊ ဒေါသ၊ ခက်ဖြာကြံစည်နိုင်ရာ အထွေထွေ လုပ်ဆောင်နိုင်မှုများ…

အကြောင်းမဟုတ်…

အချစ်ရှိရာ

ရင်မထဲလမ်းမကြီးအတိုင်း ဆက်ပြီးမောင်းနှင်သွားမည်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# I

'ထင်ထားသလောက် မဟုတ်ဘူးဆိုပေမယ့် သူ့ကိုတွေ့ တွက်လို့ မရဘူးထင်တယ်နော်'

ပန်ဆုမိုစကားကြောင့် ရှေ့က လာသူကို ရှောင်တွင်းပေးလိုက်ပြီး ခေါင်းညိတ်ပြလိုက်မိ၏။

'အခုလို ရှုပ်ထွေးနေတဲ့ လမ်းပေါ်မှာ လမ်းလျှောက်ရင်း စကားပြောရတာလည်း အရသာတစ်မျိုးပဲလားဟင်'

'ဘယ်လိုလုပ် အရသာဖြစ်နေမှာလဲ ဟန်ဒီလင်းရဲ့'

'မသိဘူးလေ၊ ပန်ဆုကပဲ အမြဲလိုလို တစ်မျိုးလေးဖြစ်နေတတ်တော့ ဒီလိုတစ်မျိုးလေး အပေါ်မှာလည်း ရင်ခုန်နေမလားလို့ပါ'

'ယမင်းအိမ်စည်နဲ့ တွေ့ခဲ့တဲ့အကြောင်းတွေအားလုံး ပြန်မပြောချင်လို့ အာရုံလွှဲတဲ့စကားကို ရှာပြောလိုက်တာပေါ့လေ'

'ဒီလိုလုံးဝမဟုတ်ဘူး၊ အားလုံးကို ပြန်ပြောပြခဲ့တာပါ၊ လျှို့ဝှက်စရာ အကြောင်း တကယ်ကို မရှိတော့တာ ယုံပါ'

'ဒီအတိုင်းဆို ရှင်နဲ့ရှင့်အစ်မ နောက်တစ်ကြိမ်ထိပ်တိုက်တွေ့ကြရဦးမှာပေါ့'

'ထင်တာပဲ'

'ရေကန်ဖက်ထဲ ထပ်တွန်းချခံရဦးမယ်'

'မသေပါဘူး၊ ရေကူးတတ်တယ်၊ အဲဒီ မမထားကို [illegible] လောက်တော့ ညစ်သွားအောင် ထပ်လုပ်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူမှ သူ့နားမကပ်ရဲဘူး၊ ကပ်ရဲတဲ့လူရှိရင် လက်တို့ပြီးတော့ မြှောက်ပေးလိုက်မယ်'

'ကိုယ့်အစ်မကို ရက်ရောလှချည်လား'

'မပြောနဲ့၊ သူ့ကို အလျှုခံမယ့်လူတောင် မရှိဘူး'

'မထားထားအောင်ဝေ ဒီလောက်လှပကျော့ရှင်းနေတာပဲ၊ ရှင်မသိအောင် ကျိတ်ပြီး ရည်းစားထားတာတွေရှိရင် ရှိမှာပေါ့'

'အဲဒီလိုရည်းစားကို သနားလိုက်တာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခေါင်းမွေးဖြူမှာ သေချာတယ်၊ မရှိပါဘူး၊ ဒါတွေပြောနေစရာတောင် မလိုဘူး၊ နာမည်ကိုက ထားထားအောင်ဝေတဲ့၊ ထားရစ်စွန့်ခွာခံရတဲ့သူ အောင်မြင်မှုတွေနဲ့ ဝေဆာနေတဲ့သူလေ'

ကျွန်တော့်စကားကို ပန်ဆုမိ သဘောကျပြီး ရယ်၏။ နှုတ်ခမ်းကို လက်ဝါးနှင့်ပိတ်ကာထားသော်လည်း မျက်လုံးလေးများကပါ လိုက်လံရယ်မောနေကြတာ တွေ့ရ၏။

ရေခဲမုန့်ဆိုင်ရှေ့မှာရပ်ပြီး ရေခဲမုန့်နှစ်ခုဝယ်၏။ တစ်ယောက်တစ်ခု စားပြီး လမ်းလျှောက်၏။ လမ်းကျယ်တစ်ခုကို အဖြတ်မှာ ထိုးရပ်လာသော ကားကိုမြင်၍ ကျွန်တော့်လက်ထဲမှ ရေခဲမုန့် လွတ်ကျသွား၏။

ဦးခင်အောင်ဝေ၏ ကား။ ကားထဲက ဦးခင်အောင်ဝေက လက်ယပ်ခေါ်၏။

'မင်း ကျူရှင်ချိန်ပြီးပြီလား'

'ဟုတ်ကဲ့ ဦး'

'အိမ်ပြန်လိုက်ခဲ့လေကွာ'

'သူငယ်ချင်းပါသေးလို့'

အနားမှာရှိသော ပန်ဆုမိကို မေးထိုးပြလိုက်၏။

ဦးခင်အောင်ဝေက ပန်ဆုမိကို အကဲခတ်သလို ကြည့်လိုက်ပြီး

'အဲဒါဆိုလည်း အိမ်ကို နေ့လည်ထမင်းစားချိန်အမီ ပြန်ခဲ့ မင်းကို ပြောစရာရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့'

ကားထွက်သွားသောအခါ ပန်ဆုမိုကို ပခုံးတွန့်ပြပြီးသော ပန်ဆုမိုက ခပ်မဲ့မဲ့ ပြုံးပြလိုက်၏။

'ပြန်တော့'

'ပန်ဆုကို လိုက်ပို့ပေးရဦးမယ်လေ'

'ကိုယ့်ဘာသာ Taxi ငှားပြန်မယ်'

'အခြေအနေအရမို့ ကိုယ့်ကို နားလည်ပါကွာ၊ ကိုယ် ကား လိုက်ငှားပေးမယ်'

တိုက်တိုက်ဆိုင်ဆိုင် တစ်ခါက ငှားစီးခဲ့ဖူးသော ကားဆရာ ကားကို ငှားစီးမိလျက်သားဖြစ်နေသည်။ ငါးခုံးမအပြုံးလေးပြုံးတတ်သော ကားဆရာ၏ အမည်မှာ လဝီတိုး ကားဆရာနှင့် နှုတ်ဆက်ရွေး ညှိပြီး ပန်ဆုကို တင်ပေးလိုက်၏။

'ရှင်သွေးအေးသားပဲ၊ ရှင့်အိမ်က ပူပွမ်မှာ စိုးရိမ်ပုံမရဘူး'

'ဘာလို့ပူပွမ်ရမှာလဲ'

'ပန်ဆုနဲ့ ခိုးတွဲနေတာ မိသွားလို့ပေါ့၊ ရှင်တို့အသိုင်းအဝိုင်း က ရယ်စရာကြီး၊ ခေတ်ဟောင်းဒုတွေးအခေါ်တွေကို ရှေးဟောင်း ပန်းချီကားချပ်လို တန်ဖိုးကြီးကြီးထားပြီး လက်ကိုင်ချိတ်ဆွဲထားပုံ ရတယ်'

'ကိုယ်က သီးသန့်ပါ'

'ဒီအပင်ပေါက်မှတော့ ဒီအသီးပဲသီးမှာပဲ'

ပန်ဆုလက်ကို အသာလှမ်းကိုင်ထွေးဆုပ်လိုက်ပြီး...

'ကိုယ့်ကို နားလည်ပေးပါ'

'အဲဒါမျိုးတွေ သိပ်များနေပြီ'

'တေးမှတ်ထားလိုက်၊ နောက်မှကျေနပ်ရင် ကိုယ့်ကိုကြိုက် သလို'

ကျွန်တော့်စကားကိုရပ်ပြီး ဝမ်းနည်းဟန်လေးဖြင့် ပန်ဆုမို ကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆုမို မျက်ခုံးလေးနှစ်ဖက်ပင့်မပြီး ကျွန်တော့် စကားဆက်ကို ငံ့လင့်၏။ ကျွန်တော်ဆက်၍…

'နမ်းနိုင်တယ်'

ပန်ဆုမို မျက်စောင်းထိုးပြီး မျက်နှာတစ်ဖက်လွှဲသွား၏။ ကျွန်တော် ကားကို သုံးခါလောက်ပုတ်လိုက်သောအခါ နှုတ်ဆက်ခန်းကို နောက်ကြည့်မှန်မှ သွားရေတစ်မ်းစွမ်းကြည့်နေသော ကားဆရာ လဝီတိုးက လက်ထောင်ပြပြီး ကားကို မောင်းထွက်သွား၏။

ယခုပင် စိုးရိမ်စိတ်တွေ အလုံးလိုက် အလိပ်လိုက်ဝင်လာ၏။ ဘာသိဘာသာနေထိုင်တတ်သော ဦးခင်အောင်ဝေကပင် ကျွန်တော့်အကြောင်းအရာ စွက်ဖက်လာလေပြီလား။ အန်တီမြသက်ထား ထားထားအောင်ဝေ…

အို… ကြုံက်သလောက်အမှုတွဲချင်တွဲကြပါလေ။

အချစ်တစ်ခုတည်းနဲ့ အားလုံးကို နိုင်စေရမယ်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

'မင်းကိုခေါ်ရတဲ့အကြောင်းကတော့ မနက်ဖြန် တို့လင်မယား အလုပ်ကိစ္စနဲ့ စက်ဘုကို သွားရမယ်။ သွားဖို့အရင်ကတည်းက ကြို တင်ပြင်ဆင်ပြီးသား၊ အနီးကပ်ကျမှ မင်းတို့မောင်နှမကို ဖွင့်ပြောရ တာ၊ သမီးထားငယ် အတင်းတားလာမှာစိုးလို့ပဲ'

'သမီးက သူ့အမေနဲ့ ခွဲဖူးတာမဟုတ်ဘူး၊ ပြည်တွင်းခရီး ထွက်ရင်တောင် သူ့အမေပါအောင် ခေါ်သွားတတ်တာ၊ ဦးနဲ့ကတော့ ခွဲတာ ခဏခဏရှိနေလို့ အကြောင်းမဟုတ်ဘူး၊ ဦးအနေနဲ့ မြကို ခေါ်မသွားရင် မဖြစ်လို့သာ ခေါ်သွားရမှာ၊ ဟိုမှာနှစ်ပတ်လောက်ပဲ ကြာမှာပါ၊ မင်း အန်တီမြရဲ့ ချူချာတဲ့ကျန်းမာရေးကို ဟိုမှာစစ်ဆေး ကြည့်တာလည်း လုပ်ရဦးမယ်လေ'

ကျွန်တော်က ဟုတ်ကဲ့လုပ်လိုက် ခေါင်းညိတ်ပြလိုက်ဖြင့် ရှေ့မှာရှိနေသော ပုစွန်ထုတ်ဆီပြန်ဟင်းခွက်ထဲ အကြည့်စိုက်နေမိ၏။ ခင်လယ်ငါးပုစွန်ဖမ်းသည့် လုပ်ငန်းကုမ္ပဏီတစ်ခုမှ လက်ဆောင်ပို့ ပေးထားသော ပုစွန်ကြီးတွေက အားရပါးရကိုက်စားချင်စရာ။

'ဟန်ဒီလင်း ဦးပြောတာ ကြားရဲ့လား'

'ဗျာ… ဟုတ်ကဲ့ ကြားပါတယ်'

'အေး… မင်းအစ်မကို မင်း ဂရုစိုက်စောင့်ရှောက်ရမယ်နော်'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ကိုလည်း သတိဝီရိယနဲ့ စောင့်ရှောက်၊ မီးရေး ထင်းရေး သူခိုးဘေးကအစ စိတ်ချပါရစေနော်၊ ဒီအိမ်မှာ ဦးစီးယောက်ျားဆိုလို့ မင်းပဲကျန်တာ'

'စိတ်ချပါ ဦးလေး၊ မုန်လာဥဂိုဒေါင်ကို ယုန်စောင့်သလို မဖြစ်စေရပါဘူး၊ ဥစ္စာစောင့်စောင့်သလို စောင့်ရှောက်မှာပါ'

ဒေါ်မြသက်ထားက ကျွန်တော့်ကို မျက်စောင်းခဲရင်း…

'အတွန့်ကတော့ တက်ပြီ၊ အကွန့်အညွန့်လေးတွေနဲ့ ပြောတတ်တဲ့နေရာမှာတော့ သူ့အသွားခြေရာကို မီသလားမမေးနဲ့'

'အဲဒါ သူ့ထုံးစံပဲ မေမေ၊ သူ့အကြောကလမ်းကြိတ်စက်နဲ့ နင်းရင်တောင် လျှော့သွားမှာမဟုတ်ဘူး'

ထားထားအောင်ပေက မဲ့ကာရွဲ့ကာ ထိုးဆွလိုက်သော စကားကျွန်တော် မကြားသယောင်ပြုပြီး အချိုရည်ခွက်ကို ကောက်မော့ချလိုက်၏။ ထမင်းမစားခင် ထမင်းပွဲ ဟင်းပွဲတွေထဲ သွားရေစင်အောင် စကားပြောခြင်း၊ ဆုတောင်းခြင်းတွေ လုပ်တာ သူတို့မိသားစုနဲ့ ကျွန်တော် ကီးမကိုက်။

စားပြီးမှ အချိုပွဲတည်းရင်း စကားပြောလည်း ဖြစ်လျက်သားနဲ့ နေရာတကာ တော်ဝင်စံနမူနာတွေနှင့် ပြည့်နှက်နေသော ပြောဆိုနေထိုင်အိပ်စက်ရခြင်းအပေါ် အတော်လေးကို စိတ်ပျက်နေမိ၏။

မြန်မာထမင်းဝိုင်းလည်း မကျ။ အနောက်တိုင်းစားဝိုင်းလည်း မကျ။ ကိုးလိုး ကန့်လန့် ထမင်းဝိုင်း။ ဖရဲသီးကို ဓားပြားခက်ရင်းနှင့် စားချင်စားတတ်သူတွေ။ ပြောင်းဖူးပေါက်ပေါက်ကိုပင် ထိုးတံဖြင့် ထိုးစားချင်စားတတ်သူတွေ။ အောက်မကြည့်ဘဲ လျှောက်၍ ခွေးခြေးပုံနင်းမိမှာ မကြောက်ကြလေရော့သလားမသိ။

'ဟဲ့… ဟန်ဒီလင်း ဒါပါနဲ့ဆို ခြောက်ခါလောက်ရှိပြီ၊ မင်းကို အန်ကယ်ခေါ်တာ မကြားရလောက်အောင် မင်း ဘာတွေစဉ်းစားနေတာလဲ'

တွေ့လား။

www.burmeseclassic.com

www.burmeseclassic.com


ယဉ်ကျေးစွာပြောတတ်သူတွေ စိတ်ဖောက်တတ်လာလျှင် ဟဲ့တွေ ဟင်တွေလည်း ပါလာတတ်သေး၏။

'အန်တီ ဘာပြောလိုက်တာလဲ ခင်ဗျ'

'မင်းရဲ့မမက အန်တီမရှိရင် အားငယ်နေမှာစိုးရတယ်၊ ပြောမကောင်းဆိုမကောင်းဖြစ်အောင်နေပြီး မင်း မမ စိတ်ညစ်အောင် မလုပ်ပါဘူးလို့ အန်တီ့ကို ကတိပေး၊ အဲဒါပြီးရင် မင်း မမကို အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်အားပေးရမယ်'

'မမထားက ကလေးမှမဟုတ်တာ အန်တီ'

'တွေ့လား ကိုကို... ဟန်ဒီလင်းက အဲဒီလိုလာတာ၊ မြ လိုက်လို့ မဖြစ်ဘူးနဲ့တူတယ်'

'လိုက်သွားပါ အန်တီ၊ ကျွန်တော် ကတိပေးပါတယ်၊ အန်တီ ပြောသလို ကျွန်တော် စောင့်ရှောက်ပါ့မယ်'

'ဒီကောင်က သေသေချာချာပြောရင် ရပါတယ် မြရယ်'

'မေမေ လိုက်သာသွားပါ၊ သမီး နေတတ်ပါတယ်၊ ဟန်ဒီလင်းကိုသာ သမီးပြောသမျှ နာခံဖို့ ကြပ်ကြပ်မှာကြပါ'

'သမီး ပြောတာကြားလား ဟန်ဒီလင်း'

'ကြားပါတယ် အန်တီ'

'တို့မရှိရင် မင်း ဘယ်လိုနေထိုင်ရမလဲ'

'မမ ထားသလိုမျိုး နေထိုင်ရပါ့မယ်၊ ထိုင်ဆိုရင် ထိုင်၊ ထဆိုရင် ထရပါမယ်၊ လူသားစက်ရုပ်ဘဝနဲ့ စောင့်ရှောက်ကာကွယ်ပေးရပါမယ် ခင်ဗျ'

ဒေါ်မြသက်ထားက မျက်စောင်းကြီးခဲထား၏။ ထားထားအောင်ဝေ နှာခေါင်းရှုံ့သွား၏။ ဦးခင်အောင်ဝေက မပြုံးချင်သလိုပြုံးချင်သလိုလိုနှင့်...။

'ကဲပါ စားကြရအောင်'

ဦးခင်အောင်ဝေက စတင်နှိုက်ပြီးမှ ကျွန်တော်တို့အားလုံး စားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာယ်ရမလဲ။ ပုစွန်ထုပ်ကြီးကို ဆွဲယ်ပြီး ခေါင်းပိုင်းကို ဖြစ်ခနဲ ချိုးလိုက်၏။

'ဟာ… မေမေကွာ သွားပါပြီ၊ ဒီမှာကြည့်ပါဦး'

ထားထားအောင်ဝေက အလန့်တကြား ထအော်၍ ကျွန်တော် ကြည့်လိုက်မိသောအခါ လာလား ကျွန်တော်ချိုးလိုက်သော ပုစွန်ခေါင်း မှ အစအနဆီစက်တွေ မိတ်ကပ်ပြေပြေလေး လိမ်းထားသော ထားထား အောင်ဝေပါးပြင်ပေါ်မှာ လွင့်စင်စွန်းကပ်ပေရေကုန်လေပြီ။

မိဘနှစ်ပါး၏ ဟင်ခနဲ အသံနှင့် သက်ပြင်းချသံကြီးကြောင့် ပုစွန်ပိုင်းနှစ်ခုကို လက်တစ်ဖက်ဆီ ဆုပ်ကိုင်ရင်းမှ ကျွန်တော် တောင့် တောင့်ကြီး တျောက်ရပ်ဖြစ်သွားစေ၏။

တကယ့်ကို လူသားစစ်စစ်ကျောက်ရုပ်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

လေဆိပ်လိုက်ပို့ပြီး လေယာဉ်ထွက်ခွာသွား၍ အိမ်ပြန်လမ်းပေါ် ကားမောင်းလာသည်အထိ မှတ်သုံ့ရာသီမိသော သစ်တောလို ရွှဲရွှဲစိုအောင် ငိုလာသည့် ထားထားအောင်ဝေကို ကျွန်တော်က စိတ်ညစ်ညူးစွာ ကြည့်နေမိ၏။

မပြန်လမ်းကို မြန်းရတာ ဂျနေတာပဲဟု စိတ်ထဲက ကြိတ်ပြောလိုက်ပြီး အငိုနည်းသော ကျွန်တော်တို့ အမျိုးထဲမှာ အငိုများသော ဤလိုမိန်းကလေးမျိုး ကျွန်တော်တို့အုပ်စုထဲ ဘယ်လိုညှပ်ဝါလာသလဲကို စဉ်းစားမရဖြစ်နေမိ၏။

ရှိုက်သံက တအင့် နှပ်သံက တကွိကွိ ညှစ်လိုက်သည်များနှင့်ဆီစက်ရုံနှင့် တွဲထောင်ထား၍ရလေသည်။

ဓာတ်သဘင်နောက်ပိုင်း ငိုချင်းချသည့် မင်းသမီးမျိုးသာ လုပ်နိုင်းချင်တော့သည်။

'ဟန်ဒီလင်း တစ်ရှူးပေပါ ဆင်းဝယ်ဦး၊ ရှေ့က လမ်းဆုံစတိုးဆိုင်နားကပ်ရပ်ပြီး ဆင်းဝယ်လိုက်'

'လူကြီးတွေ ခရီးသွားတာ စိတ်ဖြောင့်ဖြောင့်သွားပါစေ၊ နောက်က ဒီလောက်အပူကြီးနေရင် ရှေ့ကသွားရတဲ့လူတွေမှာလည်း ဘာလုပ်လုပ် အဆင်ပြေမှာမဟုတ်တော့ဘူး'

'နှင့်ပါးစပ်ပုပ်ကြီး ပိတ်ထား'

www.burmeseclassic.com

www.burmeseclassic.com



'ဟောဗျာ'

'ပိတ်ထားလို့ဆိုမှ'

'မနက်မှ သွားကိုသုံးထပ်လောက်တိုက်လာသေးတယ်၊ ချွင်းဂမ်းနှစ်ခုတောင် အခုပါးစပ်ထဲက မထုတ်ရသေးဘူး၊ အိမ်ရောက်ရင် ခံတွင်းသန့်ဆေးနဲ့ ထပ်ဆေးရဦးမှာ၊ ကျွန်တော့်ပါးစပ်က သန့်သန့်လေးထားတာ'

'ဟန်ဒီလင်း ငါညစ်နေတာနော်၊ နင် ထပ်နှိပ်စက်နေသလား'

ကျွန်တော် လက်မြှောက်ပြလိုက်၏။

'ဟဲ့… ခြောင်မလေး ဘာအရူးထနေတာလဲ၊ ကားမောင်းနေရင်း လက်လွှတ်ထားတာ ဘယ်လောက်အန္တရာယ်ကြီးသလဲ၊ သေကုန်တော့မှာပဲ'

ကျွန်တော် စတီယာရင်ကို အသာပြန်ကိုင်ပြီး…

'စကားပြောလို့မရလား'

'မေမေ့ရေ ဟန်ဒီလင်းက မေမေတို့ပေးထားတဲ့ ကတိတော်တော်လေးကို တည်ပါတယ်၊ မေမေလို့သွားလို့မှ တစ်နာရီတောင်မပြည့်သေးဘူး၊ ပညာတွေဆက်တိုက်ပြနေတော့တာပါပဲ မေမေရဲ့'

ငိုချင်းသံလေးနှောပြီး မျက်နှာပေါ် တစ်သျှူးအုပ်ရှိက်နေသော ထားထားအောင်ဝေကြောင့် ကျွန်တော် ဘာမျှထပ်မလှုပ်ရဲတော့။

ဤသို့ အချိန်မျိုးမှာ လေလည်ဒီရင်တောင် သူမကို အကြမ်းဘက်စိုးခွဲပါသည်ဟု ထစွပ်စွဲချင် စွပ်စွဲလာနိုင်ပါသည်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ကံ့ကော်တန်းကို ဖြတ်ကျော်တိုက်လာသော လေညှင်းက ကျွန်တော်နှင့် ပန်ဆုမိုတို့ကို တိုးရှဲသွေ့ခွင်းသွားကြ၏။ ငှက်ကလေးတွေ စိုးစိမြည်တွန်သံကို ပင်ယံထက်မှ ကြားနေရပြန်သည်။ အခါ ခပ်သိမ်း အမြဲစိမ်းသော မြင်ကွင်းတောအုပ်ထဲမှာ ရင်ခုန်သံတွေသာ စကားပြောဖြစ်ကြရှည်နေ၏။

'ဒီအတိုင်းဆို သူ့ဦးလေးက ဘယ်ဆိုးလို့လဲ'

'သူကနေတတ်တယ်၊ သူ့အလုပ်အကြောင်းကလွဲရင် ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ အိမ်မှာဆိုလည်း အခန်းတံခါးပိတ်ပြီး အထဲမှာ ကွန်ပျူတာတစ်လုံးနဲ့ အလုပ်ရှုပ်နေတတ်တာ'

အလုပ်အပေါ် ဒီလောက်ဖိစီးလွန်းလို့လည်း တိုးတက်တာ ပေါ့လေ၊ စက်ဘုရောက်ရင်တောင် ဘယ်မှအလည်အပတ်ထွက်ဖြစ် မှာမဟုတ်ဘူး၊ အလုပ်နဲ့ ပတ်သက်တာရယ်၊ အန်တီ့ကျန်းမာရေးရယ်၊ ဒါပဲ သူ ဦးစားပေးလုပ်မှာ ကျိန်းသေတယ်'

'ထားထားအောင်ဝေရဲ့ အခြေအနေက ဘယ်လိုလဲ'

'လွမ်းနာကျတယ်ဆိုပြီး တစ်ရက်လောက်အခန်းတံခါးပိတ် နေတယ်၊ စာသင်ရက်လည်းဖျက်တယ်၊ ထမင်းမစားဘူး၊ ချောက လက်တွေ မွှော်ရှည်တွေ သစ်သီးမျိုးစုံတွေ အခန်းထဲ တိတ်တိတ်ခိုး သယ်ပြီးစားတယ်၊ အလကားပါ သူ့မိဘတွေကြားရင် ပိုချစ်သထက် ချစ်အောင် စတန့်ထွင်နေတာပါ၊ ကြင်နာရှုးညံ့သိမ်မွေ့ယောင်ဆောင် ထားတဲ့ သူတို့လို နှလုံးသားတွေကပဲ လူမသိ သူမသိအောင် ရက် စက်ကြမ်းကြုတ်နေကြတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့အဲဒီလိုကြီး ပြောရတာလဲ'

'ကိုယ်ခံစားနေရတာ လက်တွေ့ပဲ'

'ရှင်နဲ့ ပန်ဆုကို တားမြစ်တဲ့အကြောင်းတွေကြောင့်လား'

'ကြိမ်းသေတာပေါ့'

'သူတို့ရဲ့သဘောထားတွေ သိသင့်သလောက်သိရတော့ ပန်ဆုလေ ရှင့်ကို စိတ်နာချင်တယ်၊ မရဘူး၊ လုပ်ယူကြည့်တယ်၊ လုပ်ယူမတတ်ဘူး ဖြစ်နေတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ဒီနေ့က စပြီး ပန်ဆုတို့ အနေအထိုင် အပြောအဆို ဆင်ခြင်နေမှဖြစ်မယ်၊ အသိမိတ်ဆွေတွေလို နှုတ်ဆက်ပြုံးပြတစ်ခွန်းစနှစ်ခွန်းစ ပြောကြရအောင်လား'

'ကိုယ် လက်မခံနိုင်ဘူး၊ ပန်ဆုစိတ်ဆိုးရင်လည်းဆိုး၊ ကိုယ့်ရင်ထဲရှိတာ ဖွင့်ပြောရမှာပဲ၊ ကိုယ်က ပန်ဆုကို အသိမိတ်ဆွေအဆင့်ထက်လွန်ကဲသတ်မှတ်ခဲ့တာ၊ ကာလကြာနေပြီ၊ ကိုယ်ခေါင်းခါပြပြီး မတားမြစ်ပါနဲ့၊ ကိုယ့်ဘဝ ကိုယ့်အသက်နဲ့ ရင်းအပ်ပေးဆပ်ထားတဲ့ ချစ်ခြင်းကို ပန်ဆုလက်တွင်းအပ်ချင်တယ်၊ လက်ခံပေးပါ ပန်ဆုရယ်၊ ကျေးဇူးပြုပြီး ဒီလိုပြောလို့ ကိုယ့်ကို မုန်းချင်မုန်းပါ၊ မမေ့ပါနဲ့၊ ပေးဆပ်ခြင်းတွေ ရယူခြင်းတွေထက် ကိုယ့်ရဲ့ချစ်ခြင်းကို ပန်ဆုအသိအမှတ်ပြုပေးဖို့သာ ကိုယ်လိုလားတယ်၊ တပ်မက်ပါတယ် ပန်ဆုရယ်၊ ခုပြောရင်းနဲ့ ကိုယ့်ရင်တွေ တုန်ခါနေပြီ၊ ဒီအချိန်မှာ ပန်ဆုဆီက အခြေမလှတဲ့ စကားကို တစ်လုံးတလေလောက်ကြားရုံနဲ့ ကိုယ်သေသွားလိမ့်မယ် ထင်တယ်'

ပန်ဆုမို အကြည့်က ကျွန်တော့်ရင်ဘတ်ကို စိုက်ထားရာ ကျွန်တော့်မျက်လုံးတွေနှင့် ရင်ဆိုင်လာ၏။ စူးလဲ့ရှန်းပသော အကြည့်။

တစ်စုံတစ်ရာသော စကားကို ပြောဆိုဖို့ အားယူနေသော နှုတ်ခမ်းကမ္ဘာကြီးတစ်ခုလုံး ရင်ခုန်သံတွေ ဖုန်းလွှမ်းသွား၏။

စိုးရိမ်စိတ် တဒိတ်ဒိတ်နှင့် နှုတ်ခမ်းလွှာအဖွင့်အပိတ်ကို အရိပ်တကြည့်ကြည့်ဖြစ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'မျက်လုံးတွေရဲ့ စကားကို နှလုံးသားက ကြားနေရတယ်'

'ပြည့်စုံတဲ့ ယုံကြည်မှုအတွက် နှုတ်မိန့်ခပ်နိုင်ပေးပါ ပန်ဆု ရယ်'

'ပန်ဆုမျက်လုံးတွေက ဘာပြောနေတယ် ထင်လို့လဲဟင်'.

'ကိုယ်အပ်နှင်းတဲ့ ချစ်ခြင်းကို ခြွင်းချက်မရှိ လက်ခံလိုက်ပြီ တဲ့'

ပန်ဆု မျက်နှာကို လက်နှင့်အုပ်ကာပြီး ခေါင်းငုံ့သွား၏။ ခန္ဓာကိုယ်လေးကို တသိမ့်သိမ့်လှုပ်ခါအောင် အသံတိတ်ရယ်မောနေ၏။

ကျွန်တော်က သူမရဲ့ လက်နှစ်ဖက်ကို ဖွဖွခွဲခွာလိုက်တော့ တသိမ့်သိမ့်လှုပ်ခါနေခြင်းမှာ ရယ်မောခြင်းမဟုတ် ငိုခြင်း...

'ပန်ဆု ဘာဖြစ်လို့လဲဟင်'

မျက်ရည်စက်လက်ဖြင့် ခေါင်းခါရမ်းပြ၏။

'ပြောပါ၊ ကိုယ့်ကို ဖွင့်ပြောပါကွာ၊ ရင်ပူလိုက်တာ'

'ဟင့်အင်း... ငိုချင်လို့ ငိုတာ'

'ဝမ်းသာလို့ မျက်ရည်ကျတာလား'

'မဆိုင်ပါဘူး'

'ဒါဆို ဝမ်းနည်းလို့ပေါ့'

'ဟင့်အင်း'

'အကြောင်းမရှိဘဲနဲ့တော့ မျက်ရည်မကျနိုင်ဘူး'

'ကိုယ်ပြောတဲ့စကားက အသက်နဲ့အမျှ အရေးကြီးလွန်းတဲ့ စကား၊ ဒီစကားပေါ်မှာ ဘာအကြောင်းပြချက်မှမရှိဘဲ မျက်ရည်နဲ့ တုံ့ပြန်တာ ကိုယ်ဆက်ပြီးမတွေးရဲစရာတွေဖြစ်လာမယ့် ရှေ့ပြေးနိမိတ် များလား'

ပန်ဆုက ကျွန်တော့်ရင်ဘတ်ကို ဘုတ်ခနဲပိတ်ထုလိုက်ပြီး...

'စိုးရိမ်လွန်ပြီး မျက်နှာသွေးမရှိတော့ဘူး၊ အကြောင်းပြချက် ရှိပါတယ်၊ ပထမ ရယ်လိုက်တာ ရှက်လို့ပေါ့၊ နောက်တော့ ဒီကိုလာ

www.burmeseclassic.com

www.burmeseclassic.com



တာ မတွေ့ခင် ဝက်သားတုတ်ထိုးစားတုန်းက လက်တွေ ရေတ်သီး တောင့်ကိုင်မိထားတာ မေ့ပြီးမျက်လုံးသွားကပ်မိလို့ မျက်လုံးတွေစပ်ပြီး မျက်ရည်ထွက်လာတာ ဒါပဲ'

ကျွန်တော် တစ်သျှူးတွေထုတ်ပြီး ပန်ဆုမျက်လုံးအိမ်နှင့် အနီးအပါးကို တယုတယသုတ်ပေးနေလိုက်သည်။

'ဒီစကား အမှန်အတိုင်းပဲ ဖြစ်ပါစေ၊ အခုမှပဲ ရင်ထဲက အလုံးကြီး အောက်ပြန်ကျသွားတယ်၊ ကိုယ်ပြောတဲ့စကားကြောင့် ကိုယ့်ကိုယ်ကိုယ် ပန်ဆု မမုန်းဘူးပေါ့နော်'

'ကိုယ့်ကိုချစ်တယ်ပြောတဲ့ စကားပဲ မုန်းစရာမှမဟုတ်တာ'

'ကိုယ့်အချစ်ကို လက်ခံတယ်ပေါ့'

'တစ်ဦးမေတ္တာ တစ်ဦးမှာလို့ ဆိုရိုးစကားလည်း အရှိသားနဲ့၊ လက်ခံလိုက်တာပေါ့'

'မေတ္တာက သန့်စင်မွန်မြတ်တယ်၊ လောကုတ္တရာရဲ့ မူပိုင် အချစ်က လောကီရဲ့ ခန်းဝင်အသုံးအနှုန်း အချစ်ကို အကြွင်းမဲ့ လက်ခံတဲ့စကား၊ ဒီစကားကို ကိုယ်နားနဲ့ ကြားပါရစေ'

'လူလည်သိပ်ကျတဲ့လူ၊ သူဖြစ်ချင်တာကို သိပ်ဖောင်းပေးတဲ့ လူ'

'ကိုယ်ဖြစ်ချင်တာနဲ့ ပန်ဆုဖြစ်ချင်တာ တစ်ထပ်တည်းကျ ချင်တယ်'

'ပန်ဆုကတော့ ဒီအချိန်မှာ ဘာမှမဖြစ်သေးဘူး'

'ဖြစ်ချင်လာမယ့်နေ့ကို ကိုယ်စောင့်မယ်'

'တစ်မျိုးတစ်မည်တွေ ဖြစ်လာရင်ကော'

'တစ်မျိုးလေးနေတတ်တဲ့ မိန်းကလေးတစ်ယောက်သဘော ကို နားကြေနေအောင် တွက်ဆပြီးမှ ကိုယ်ဖြစ်ချင်တာ အံဝင်ခွင်ကျ ခင်းပေးထားတာပါ'

'စကားနဲ့ချည်တဲ့နေရာမှာတော့ ထွက်ပေါက်ကိုမရှိဘူး'

'ရင်တွင်းအသံပါ၊ ချစ်ခြင်းအသံလို့လည်း ဆိုလို့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တိုင်အတွေ့အကြုံက ရထားတဲ့ အတတ်ပညာလည်း ဖြစ်နိုင်တယ်နော်'

'ဒီလိုထင်ရင် မှားသွားမှာပေါ့'

'ဘယ်လိုထင်မှ မှန်မှာလဲ'

'ပန်ဆုရင်ထဲက အဖြေကို သိမှ မှန်မှာပေါ့'

'ပန်ဆုရဲ့အဖြေကို သိချင်ရင်တော့ ကြာလိမ့်မယ်'

'ဘယ်လောက်ကြာမှာလဲ'

'ကမ္ဘာတစ်သက်'

ပြောပြီး ပန်ဆုမို ရယ်၏။ လွတ်လပ်ရွှင်မြူးသော ရယ်သံ။ ကျွန်တော် ခေါင်းခါယမ်းပြလိုက်ရင်း...

'မဖြစ်ဘူး၊ ပြင်ဆင်ပေး'

'ဒါဆို လူတစ်သက်'

ကျွန်တော်က ပန်ဆု လက်ဖဝါးလေးကို ဆုတ်ကိုင်ဖျစ်ညှစ်လိုက်ရင်း...

'မရဘူး၊ ထပ်ပြင်ပေး'

'ဘယ်လိုပြင်ပေးရမှာလဲ'

'မနက်ဖြန် မနက်'

'အို... မဖြစ်နိုင်ပါဘူးနော်'

ကျွန်တော် ပန်ဆုလက်ဖဝါးနှစ်ဖက်ကို ပြောင်းလဲဆုပ်ကိုင်လိုက်ရင်း...

'အဲဒီအဖြေကို မနက်ဖြန်မနက် မသိရရင် မထူးတော့ဘူး အခုပဲ ပွဲကြမ်းလိုက်တော့မယ်'

ကျွန်တော် လက်နှစ်ဖက်ကို မြှောက်ပြီး ပန်ဆုမို ပါးပြင်နှစ်ဖက်ကို ဖျစ်ညှစ်ဖို့ ပြင်ဆင်လိုက်စဉ်...

'ဟော့... ဟော့... လူကို ဒီလိုအနိုင်မကျင့်ပါနဲ့ကွာ၊ တီးဝိုင်းက သိပ်သိပ်နေတာ၊ တစ်ခါလောက် အဖျစ်ခံလိုက်ရရင် သုံးလေးရက်လောက် အရာထင်နေတာ၊ သူငယ်ချင်းတွေ အဲဒီလိုလုပ်တိုင်း ပန်ဆု

www.burmeseclassic.com

www.burmeseclassic.com



မခေါ်မပြောတဲ့အထိ နေလိုက်တာနော်၊ ကြိုသတိပေးထားတာ’

‘ဒါဆိုရင် မနက်ဖြန် အဖြေပေး၊ ကိုယ်လိုချင်တာ မရခင် နှလုံးရောဂါအရင်ဝင်ပြီး ဒိုင်းခနဲ ရှော့ဖြစ်ဂန့်သွားမှာ ကိုယ်ကြောက်နေတယ်’

ပန်ဆုမို လက်နှစ်ဖက်ကို မျက်နှာအုပ်ကာပြီး ခန္ဓာကိုယ်ကို တသိမ့်သိမ့်တုန်ခါနေအောင် လုပ်ပြနေပြန်၏။

‘သိပြီ၊ ပန်ဆုရယ်နေတာဆို မနက်ဖြန် အဖြေပေးမယ်ဆို ငိုနေတာဆို အကြာကြီးနေမှ အဖြေပေးချင်ပေးလိမ့်မယ်၊ ကိုယ်ဆုံးဖြတ်လိုက်ပြီ၊ ကဲ ကြည့်ရအောင်’

ကျွန်တော် ပန်ဆုမို လက်ဖဝါးနှစ်ဖက်ကို အတင်းဆွဲဖယ်၏။ ရေး ပန်ဆုမိုက ရှိသမျှ အားနှင့် လက်ဖဝါးနှစ်ဖက်ကို အုပ်ကာထားရင်းမှ ငိုသံထွက်ပေါ်အောင် ငိုချင်းချ၏။

ကျွန်တော် လက်ပြန်ရုပ်ပြီး သက်ပြင်းချကာ ငေးငိုင်နေလိုက်၏။ လက်ချောင်းလေးတွေ ဖြဲပြီးချောင်းကြည့်နေတာသိ၏။ ကျွန်တော် ဆတ်ခနဲ ပန်ဆုမိုလက်ကို ဆွဲဖယ်လိုက်သောအခါ အချစ်၏ မျက်နှာစာကို ကောင်းစွာဖတ်ခွင့်ရလိုက််၏။

မနက်ဖြန် အဖြေရမှာ ကျိန်းသေသွားပြီ။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ကျွန်တော်တို့ပွဲကို စတင်ခဲ့သည်မှာ ညနေငါးနာရီထိုးကတည်း ပကပင်။ မိဘနှစ်ပါး လွှမ်းလှပါသည်ဆိုသော မထားထားအောင်ဝေ တစ်ယောက် အလှပြင်ဆိုင်မှတစ်ဆင့် မွေးနေ့ပါတီပွဲတစ်ခုကို သွားနေ စဉ် ကျင်းပနေခြင်းလည်းဖြစ်သည်။

ဒေါ်ကျစ်နှင့်အတူ ကောင်မလေးသုံးယောက် စားသောက် စရာမျိုးစုံ အပြတ်စားပြီး ခေတ်ပြားတွေတစ်ချပ်ပြီးတစ်ချပ်လဲကာ ကာရာအိုကေဆိုနေကြ၏။

သူတို့အားလုံး စက်ရှင်ဆန်ဆန်နေထိုင်ရသော ဘဝကို ကျွန်တော် ခေတ္တအားလပ်ချိန်ပေး ထားလိုက်ခြင်းပင်။

'ခင်ဗျားတို့အားလုံး ဒီအချိန်မှာ စိတ်ရှိလက်ရှိ လွတ်လပ်သလို နေကြပါ၊ ဘာမှပြဿနာမရှိဘူး၊ ကျွန်တော် တာဝန်ယူတယ်၊ လူ့ဘဝ ရခဲလှတာ ခင်ဗျားတို့ သိပါတယ်၊ ကိုယ်လုပ်ချင်တာ လုပ်ခွင့်မရတဲ့ ခင်ဗျားတို့ဘဝကို ကျွန်တော် မြင်တွေ့နေခဲ့ရတာ အသက်ရှူကျပ် တယ်၊ လုပ်ပါ၊ ပျော်မယ်ထင်တာလုပ်ပြီး စိတ်ထဲရှိသလို နေထိုင်ကြ ပါ'

ကျွန်တော် မြူခေါ်သော်လည်း အစဉ်အားလုံးမဝံ့မရဲ။ ကျွန် တော်က မဖြစ်မနေလုပ်နိုင်းလိုက်သောအခါ မရဲမဝံ့လိုက်လုပ်ကြရှ ၏။ ဘီယာသောက်မလား။ ကားထုတ်။ သွားဝယ်သောက် ... ဒေါင်းမှ အပျင်းပြေမယ်ဆိုရင် ဗိုကာဒေါင်း အမြည်းကို ဒေါ်ကျစ်တို့ ရှယ်လုပ်ပေး။ ပြီးရင် ဒေါ်ကျစ်တို့လည်း အမြည်းစား၊ ရေခဲ သေတ္တာ

www.burmeseclassic.com



ထဲမှာရှိတာလည်း ကြိုက်တာယူစား၊ အခွေကြည့်မလား၊ ဓာတ်ပြား ကြည့်မလား ကာရာအိုကေဆိုချင်ဆို။

ကျွန်တော် ပေးလိုက်သော အခွင့်အရေး နာရီဝက်ကျော်မှာပင် အားလုံးအတင့်ရဲလာကြ၏။ နောက်တော့ ပျော်မြူးနေရင်း အရာ အားလုံးကို မေ့နေကြ၏။ ကျွန်တော့်အားကိုးဖြင့် စိတ်လွတ်ကိုယ်လွတ် ထဲကြပုံများ။

ဒေါ်ကျစ်က အန်တီမြသက်ထားအနားယူတတ်တဲ့ ဒရင်း ဘတ်ပေါ်မှာ စဖျစ်သီးလေးမြှုလိုက် ကာရာအိုကေရုပ်ပုံတွေ ကြည့် ထိုင်ရင်း ဝိဝိပြင်ပြင် နှပ်နေ၏။ အကူကောင်မလေးသုံးယောက်က ထားထားအောင်ဆေ တရိုတသေ စုဆောင်းထားသော ဓာတ်ပြားတွေကို စိတ်ကြိုက်ဖွရှပြီး 'သူ့အလှည့်ကိုယ့်အလှည့် သီချင်းတွေ အပြတ်ဟဲနေ ကြ၏။

ထမင်းစား စားပွဲဝိုင်းမှာကြည့်လိုက်...

ကောင်းဘွိုင်စတိုင်နှင့် စီးကရက်ကိုယ်စီခဲပြီး ပိုကာဒေါင်းနေ ကြသော ခြံသန့်ရှင်းရေးတာဝန်ခံနှစ်ယောက်၊ ဒရိုင်ဘာက ခုံတစ်လုံး ပေါ်မှာ ပြောင်းပြန်ထိုင်ပြီး ဘီယာမူးမူးနှင့် စကားလုံးတွေ ဟောင်ဖွာ ယောင်ဖွာ သီကြူးနေလိုက်သေး၏။

ညှိခန်းထဲမှာ ထမင်းစားဆောင်မှာ လူနှင့်လူသုံးဆောင် ပစ္စည်းတွေ ဖရိုဖရဲရှုပ်ပွနေကြ၏။

'နင်တို့ဟာတွေ တော်စမ်း၊ ဓာတ်လမ်းလေးဘာလေး ကြည့် တာမဟုတ်ဘူး၊ တစ်ခါလာလည်း ဒီသီချင်းပဲ၊ ဟိုအထဲက သီချင်း က တစ်ပိုင်လောက်ရောက်မှ နင်တို့က ဆိုဟန်ဆိုပေါက်တွေ ပန်းနာ ရင်ကြပ်ဖြစ်ကျန်နေတတ်တန်းဆိုတော့ နားအရသာမရှိပါဘူးဟယ်'

'အို... ကြီးကျစ်ကလည်း မိမာက စာလုံးတွေ တစ်လုံးချင်း ပေါင်းဖတ်နေတော့ ကြာတာပေါ့၊ ကျွန်မဆိုတာ အမြန်သွားဦးမှာ'

'မိရှည်... အသုံးလုံးကျောင်းဆင်းချင်းအတူတူ နင်က ငါ့ ထက် ပိုတော်ပြနေရသေးလား၊ ငါမပြောလိုက်ချင်ဘူး၊ ကောင်မနော်'

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ကလည်းအေ၊ ကျုပ်ဆိုရမယ့်အလှည့်မှ မိုက်ခွက်နားမှာ မြင်းအီးပေါက်သလို လာတွတ်ထိုးနေကြတယ်၊ သွားကြ သွားကြ၊ ကျုပ်ကြိုက်တဲ့သီချင်းကို အဝေးကအားပေးကြ'

'ဟော့… ဟော့… ဟဲ့… ဒုတ်ထိုးမတွေ တော်ပြီ ညည်းတို့ဟာကြီး ပိတ်လိုက်တော့၊ ဗီဒီယိုကားကြည့်မယ်၊ မြန်မာကားကောင်းကောင်းရွေးစမ်း'

ဒေါ်ကျစ်တို့အဖွဲ့ထံမှ စီညီစွာထွက်ပေါ်လာသော အသံကြောင့် ဆိုဖာပေါ်မှာ ပက်လက်ကြီးကောင်းနေရှာသော ဥယျာဉ်မှူးမှာ စိမ်ပျက်သွားရှာပြီ ဘီယာနောက်တစ်ပုလင်းထပ်မော့နေရှာ၏။

'အေ့ဂေ့'

ဝါရင့် အရက်သမားကြီးလို လေချဉ်တက်ပြလိုက်ပြီး

'ဟိတ်… မိန်းမတွေ တိတ်စမ်း၊ ဂုလားတိုက်ကို ကျူးဝင်ကိုက်တာကျနေတာပဲ၊ ဆူညံပွက်လောရိုက်နေတာပဲ၊ ဒီမှာ ကောင်းကောင်းမအိပ်ရဘူး'

ဒေါ်ကျစ်က နတ်ကြမ်းပူး ပလို ခုန်ထပြီး…

'နင်က ငါ့ကိုများ မခန့်လေးစားနဲ့၊ မှတ်ထား ဒီအိမ်ရောက်တာအနှစ်နှစ်ဆယ်ရှိပြီ၊ မိကျစ်တို့ ပြီးရင် အားလုံးပြီးတယ်'

ဥယျာဉ်မှူးက ကြားဖြတ်၍…

'အန်တီမြပြီးရင်တော့ ရေအိမ်ကို ပထမဦးဆုံး ဝင်ခွင့်ရတာခင်ဗျားပဲ၊ သန့်ရှင်းရေးလုပ်ဖို့'

'ဘာဖြစ်လဲ၊ ဒါ ငါ့အလုပ်၊ နင်က မနေ့တစ်နေ့ကရောက်လာပြီး မိုးပြောချိုးပြောနဲ့၊ ဘာလဲ ဟဲ့အကောင် နင်ဟောင်တိုင်းငါက ခံမတဲ့လား'

'အေး… ဟောသလို ကိုက်မယ်'

ဒေါ်ကျစ်က ဥယျာဉ်မှူးပေါ် ခုန်အုပ်ပြီး အတင်းသိမ်းတာနပမ်းဖက်လုံးတော့၏။ ကျွန်တော်က ဆွဲရန်ပြင်သောအခါ ဒရိုင်ဘာက ဘီယာအငွေ့ပြန်သော မျက်နှာဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



'ထားလိုက် ဆရာလေး၊ အာရုံနောက်ခံမနေနဲ့၊ နောက်နေ့ သူတို့ချင်း တည့်မှာ၊ ဒေါ်ကျစ်က ယောက်ျားမြင်ရင် နပမ်းလုံးချင်တာ သူ့ဝါသနာပဲ၊ ဟိုကောင်ကလည်း မဆိုရင် လက်မတောင် တူနဲ့ချော် ထုတတ်တာ လွှတ်သာပေးလိုက်၊ ကစ်ဘောင်ဆာကားကောင်းကောင်း မကြည့်ရတာကြာပြီ၊ လက်ဇော့ပွဲကလည်း ဈေးကြီးပါဘိနဲ့ ကြည့်၊ ကြည့် အရသာခံပြီး ယောဟိုမှာ နစ်ယောက်စလုံးကြမ်းပြင်မှာ သူတစ်ဖြန် ကိုယ်တစ်ဖြန် လုံးနေတာ၊ ဗလာကျင်းကုန်တော့မယ်'

ခြံဝင်းသန့်ရှင်းရေးသမားတစ်ယောက်ကမျက်နှာပေါ်မှင်ခြစ်ရာအပြည့်ဖြင့် ခုန်ထသွားပြီး လက်ဇော့ဆိုင်းကို ပါးစပ်က တီးပေးနေ၏။

မထင်မှတ်ဘဲ လုံးဖြစ်သွားသော ဒေါ်ကျစ်တို့ နပန်းပွဲကို သူ့ဘက်ကိုယ့်ဘက် ဝိုင်းလျောင်ရယ်မောကာ အော်ဟစ်အားပေးနေမိကြ၏။

ထိုစဉ်… ထိုစဉ်အခိုက်…

ကောင်မလေးတစ်ယောက် အလန့်တကြားထအော်လိုက်၍ အားလုံးငြိမ်သက်သွားကြ၏။ ကောင်မလေး လက်ညှိုးထိုးရာကိုကြည့်လိုက်သောအခါ…

မီးဝင်းဝင်းတောက်နေသော မျက်ဝန်းအစုံ

ပြတ်ထွက်လုမတတ် ကိုက်ထားသော နှုတ်ခမ်းတစ်စုံ ခြေစုံကိုခွဲ။ မာန်တခဲခဲဖြင့်ခါးထောက်ရပ်ကြည့်နေသည့် ထားထားအောင်ဝေ။

'အဲဒါတွေ ဘာဖြစ်နေကြတာလဲ၊ ဘာတွေဖြစ်နေကြတာလဲ'

ခြသေ့်ဟိန်းသံနှင့်တူသော မာန်မဲဟစ်ကြိမ်းလိုက်သံ။

အားလုံး အသင့်အနေအထား ရပ်ပြီး ခေါင်းငုံ့နေကြ၏။ ခေါင်းထောင်စောင်းငဲ့ကြည့်နေကြသူဟူ၍…

'ကျွန်တော် သူတို့ကို ပျော်သလိုနေခိုင်းထားတာပါ၊ သူတို့မှာ အပြစ်မရှိပါဘူး'

'တောက်'

www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်သံကြောင့် သွေးလန့်နိုင်၏။

'သွားကြ၊ ဘယ်သူ့မျက်နှာမှ မကြည့်ချင်တော့ဘူး၊ ဒီနေရာက မြန်မြန်ထွက်သွားကြ'

ထားထားအောင်ဝေ ဟစ်အော်လိုက်ပြီး တစ်မိနစ်မျှမကြာလိုက်။ အားလုံးအလျှိုလျှို အားလုံးကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြ၏။

ခန်းမအလယ်မှာ တောင့်တောင့်ကြီးရပ်နေသည့် ကျွန်ုပ်တော့ထံတို ဒေါသခြေမြန်တော်နှင့်လှမ်းလာပြီး မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

လက်ဝါးတစ်ဖက်ပြောက်ခနဲ တက်သွားတာ တွေ့၏။ ကျွန်ုပ်တော်က ထားထားအောင်ဝေ လက်ဝါးကို မကြည့်။ မျက်လုံးတိုသာ စိမ်းစိမ်းစူးစူး ကြည့်နေလိုက်၏။

လေထဲမှာ တန့်ထားသော လက်ဖဝါးတွေ အလိုလို ပြန်ကျလာအောင် ကျွန်ုပ်တော် စိတ်မညှို့လိုက်ပါ။ သူ့အလိုလို ဒေါသဖြေကျလာခြင်းပင်။

'ဟန်ဒီလင်း… နင်… နင်'

ထားထားအောင်ဝေ ကျွန်ုပ်တော့်ကို ဒေါသလက်လွတ်မျက်ဖြူလှန်ကြည့်ရင်း ပျော့ခွေကျသွား၏။ ဒေါသအထွက်လွန်၍လား စိတ်ထိခိုက်၍လား ကော်ဇောပေါ် ခွေခေါက်လဲကျသွားသော ထားထားအောင်ဝေကို ကျွန်ုပ်တော် ဆက်ငိုင်ကြည့်နေမိလိုက်၏။

သူမ အခန်းထဲ အိပ်ရာပေါ်မှာ သူမကို အသာအယာ တင်ပြီး ကျွန်ုပ်တော် ပြန်ထွက်လာလိုက်၏။

'ဟန်ဒီလင်း… ဟန်ဒီလင်း'

အိပ်ချင်းမူးတူး ခေါ်သံကြား၍ ကျွန်ုပ်တော် သမင်လည်ပြန်လှည့်ကြည့်လိုက်၏။ ကပိုကရို ကန့်ကလျလေးလှဲနေသော ထားထားအောင်ဝေကို တွေ့လိုက်ရ၏။ ရီဝေသော မျက်လုံးတွေက ညှို့ခြင်းဖြင့် စွမ်းပြောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ပြောစရာရှိတယ်ကွာ'

ကျွန်တော် လှည့်ပြီး ရပ်ကြည့်လိုက်၏။

'မင်းနဲ့မမက မောင်နှမတွေ မဟုတ်ဘူးကွ'

ကျွန်တော် မအံ့သြပါ။ ထားထားအောင်ဝေသာ ပြန်လည်အံ့သြသွား၏။

'မယုံဘူးလား၊ မမ ရှင်းပြမယ်၊ မမက ဖေဖေ ဦးခင်အောင် ထောက်က ပါလာတဲ့သူ၊ ဖေဖေနဲ့ မေမေ ဒေါ်တင်တင်ဝေခိုင်ရဲ့ သမီး မေမေ ဆုံးသွားလို့ ဖေဖေက မင်းအန်တီမြသက်ထားကိုယူပြီး ဒုတိယအိမ်ထောင်ထူထောင်လိုက်တာ'

'ဖေဖေနောက်အိမ်ထောင်ထူထောင်တော့ မမက အခါလည် သမီးလောက်ပဲရှိဦးမယ်၊ မင်းအန်တီက ကလေးမရနိုင်တဲ့သူဆိုတော့ သမီးအရင်းလို ကြေညာသတ်မှတ်ပြီး ဒီအကြောင်းကို အားလုံးမသိအောင် ဖုံးကွယ်ထားခဲ့တယ်'

'ဒီအကြောင်းတွေ မမသိရတာ ဘယ်တုန်းကလဲ သိလား၊ မေမေ ကျန်းမာရေးမကောင်းလို့ ဆေးသွားကုမယ်ဆိုတော့မှ သိရတာ၊ မေမေက သူ့အတွက် အကြီးအကျယ် ဝမ်းမနည်းသွားအောင် ဖွင့်ပြောသွားရှာတာ'

'မမ မယုံဘူး၊ မေမေက မမရဲ့ မေမေရင်းရဲ့ ဓာတ်ပုံနဲ့မမရဲ့ မွေးနေ့သက္ကရာဇ်တွေ ထုတ်ပြတယ်၊ ဒီတော့မှ မမယုံလိုက်ရတယ်၊ စိတ်ညစ်လိုက်တာကွာ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်မှနေစရာမရှိတော့ ဘူးထင်နေလောက်အောင် စိတ်ညစ်သွားတယ်၊ အဲဒီနေ့က မင်းအမြင် ကပ်အောင် ငိုခဲ့မိတာ မှတ်မိလား'

ကျွန်တော် အံ့သြမိနေ၍ ခေါင်းသာညိတ်ပြလိုက်နိုင်၏။ ထားထားအောင်ဝေက ဘာမဆိုင်ညာမဆိုင် ထရယ်ပြီး

'လောကကြီးက လှည့်ကွက်တွေ သိပ်များတာပဲနော်'

'လူတွေကြောင့်ပါဗျာ'

'ဟုတ်တယ်၊ လူတွေကြောင့် မမ စိတ်ညစ်ရတယ်၊ အခုမင်း

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ရပ်ကြောင့် မမ ပိုပြီးစိတ်ညစ်သွားတယ်၊ ဒါပေမဲ့ ကိုယ်တိုင်အရွ ယ်ရှည်ဖြစ်ရမှ သူများတွေပူတာကို စာနာနားလည်နိုင်တယ်၊ ဟုတ်တယ်၊ မင်းက ကံကောင်းနေတဲ့သူပါ၊ ကံကောင်းရမှာပေါ့၊ မမသာ ကံနိမ့် နေရသူ၊ နှစ်သိမ့်အားပေးကူမယ့်သူ အနားမှာဘယ်သူမှ မရှိနိုင်ကြ တော့ဘူး၊ မမ တစ်ယောက်တည်း အရှမ်းအားငယ်ရတာပဲကွာ'

ပြည်စုံသူရဲ့ စိတ်ဆင်းရဲမှုဆိုတာ အကြောင်းရှာကြံပူမှုခံစား ရတာက်မှုပဲဟု ကျွန်တော် နားလည်မှတ်ယူလိုက်မိ၏။

'ကျွန်တော် ဘာလုပ်ပေးရမလဲ'

'မင်းလုပ်ပေးနိုင်မှာပါ၊ မမ အနားမှာနေ၊ မမ အိပ်ပျော်သွား တဲ့အထိ စကားတွေအများကြီးပြောပေး'

'မသင့်တော်ဘူး ထင်တယ်'

အလှအပတွေ မောက်ကြွားသွားအောင် မမက ညှို့ကြည့်နေ ပြန်၏။

'ဒီအပေါ်ထပ်မှာ မင်းနဲ့မမ နှစ်ယောက်တည်းရှိတယ်၊ ဘယ် သူမှ မသိဘူး၊ စကားပြောကြတာပဲကွာ၊ သင့်တော်ပါတယ်၊ ကာယ ဆိုရှင် ခွင့်ပြုရင် မင်းက ဘာမှအများမရှိပါဘူး'

'ကောင်းပြီလေ'

ကျွန်တော်ပြောပြီး ထိုင်ခုံတစ်ခုကို ယူ၍ မွေ့ရာခုတင်နှင့် ဆက်တစ်ကမ်းအကွာမှာ ချထိုင်လိုက်၏။

'ဟန်ဒီလင်း'

'ဗျာ'

'အချစ်မှာ ရိုးသားမှုရှိသလား'

'ရှိတယ်'

'ဟန်ဒီလင်း'

'ပြောပါ'

'မင်းမြင်တဲ့အတိုင်း အမှန်ပြောစမ်းကွာ၊ မမမှာ စွဲမက်ဖွယ်ရာ ကောင်းတဲ့ အလှမရှိဘူးလား၊ ရှိသလား'

www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ်'

'မမကို ယောကျ်ားလေးတော်တော်များက ပိုင်ဆိုင်ချင်ကြတယ်ဆိုတာကော မင်းယုံသလား'

'ယုံပါတယ်'

'မင်း မမကို ချစ်နေတယ်'

'ဗျာ'

'မင်းမျက်လုံးတွေ အရောင်ပြောင်းနေတာ ဘာပြင်းချင်သေးလဲ'

ကျွန်တော်အလှပြင်မှန်ထဲ ပြုံးပြကြည့်လိုက်၏။

'အနက်ရောင်မျက်ဆန်ပါပဲ၊ အရင်အတိုင်းပါပဲ၊ အရောင်မပြောင်းပါဘူး'

ကျွန်တော့်စကားကြောင့် မမ ကျစ်ခနဲ စုတ်သပ်ပြီး ပြောင်းနှံ့ပြေရိုးစွာ ထထိုင်လိုက်၏။

'မင်း ဘာသားနဲ့ထုထားတာလဲကွာ'

'ဗျာ'

'အဲဒီဗျာကြီးကို မကြားချင်တော့ဘူး'

ကျွန်တော် ပါးစပ်ကို ပိတ်ထားလိုက်ရ၏။

မထင်မှတ်သော ပြောင်းလဲမှုကြီး ဝင်လာပုံမှာ ဝုန်းခနဲ ဆန်လွှန်းလှ၏။ ကျွန်တော် အဖန်ဖန် အံ့ဩမိရုံမှအပ။

ထိုညက အခြားဘာမှ ခေါင်းထဲမှာမရှိ။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နောက်တစ်နေ့။

ကျွန်တော် အချစ်ရတဲ့နေ့။

ပန်းဆိုးရိုးနှင့် ချိန်းဆိုထားသည့် အချိန်ထက် ခပ်စောစောထွက်မျှ ခန္ဓာကိုယ်ကို သန့်ရှင်းရေးလုပ်ပြီး အမွှေးနံ့သာဆွတ်ဖြန်းနေစဉ်

'ကလေးရေ သမီးထားက ကလေးကိုတွေ့ဖို့ ထမင်းစားခန်းထဲမှာ စောင့်နေတယ်'

မနက်မိုးလင်းလျှင် ရှက်စိတ်ဖြင့် တစ်ပတ်ခန့်ရှောင်နေမည်ထင်သော ထားထားအောင်ဝေ ခုလိုတွေ့ဖို့စောင့်နေပါသတဲ့။ ညကနပန်းလုံးထားသဖြင့် နဖူးမှာ အသားသီးနေသော ဒေါ်ကျစ်ကြီးကိုကြည့်ပြီး...

'ညက ပျော်ရဲ့လား'

'ရှူး... အဲဒီပြဿနာ ဂယက်နဲ့ ဒီမနက်ပွက်တော့မယ်နဲ့တူတယ်၊ ညက သမီးထားကို ပါတီပွဲလိုက်ပို့ပေးတဲ့ မောင်မောင်ပြောပုံအရ'

'ဒေါ်ကျစ် လန့်မနေပါနဲ့၊ ပြေလည်သွားမှာပါ'

'အားကိုးပါတယ် ကိုယ်တော်ရယ်၊ ကိုယ်တော့်စနက်ကို ကိုယ်တော်ပဲ ပြန်ရှင်းခဲ့ပါ'

ကျွန်တော် လက်မြှောက်ပြခဲ့ပြီး ထမင်းစားခန်းဘက်ကူးသည်။ ဦးခင်အောင်ဝေ စတိုင်နှင့် ကော်ဖီသောက်ရင်း သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေသော ထားထားအောင်ဝေမျက်နှာကို ရှက်၍ သတင်းစာနှင့် တမင်ကွယ်ကာ ထားတာလား။ ထင်သည့်အတိုင်း ကွယ်ထားရာမှ

'ဟုတ်လား'

'ညက အိမ်မှာဘာတွေဖြစ်သေးလဲ'

'ဘာမှမဖြစ်ပါဘူး'

'ညက ဖေဖေ မေမေဆီက ဖုန်းလာသေးလား'

'မလာပါဘူး'

'အလုပ်သမားတွေနဲ့ အရောဝင်လွန်းတာ မကြိုက်ဘူး၊ သူတို့က မလေးစားရင် မင်းခိုင်းတာ ဘာမှဖြစ်မလာနိုင်ဘူးဆိုတာ မင်းသိလား'

ကျွန်တော် ကော်ဖီတစ်ခွက် ငှဲ့ပေးလိုက်၏။

'ညက ဘာဖြစ်တယ်ဆိုတာ ဒေါ်ကျစ်အားလုံးပြောပြတယ်'

'ဒါကြောင့် မမ သိတာကိုး'

'အေး... နောက်တစ်ခါ အဲဒါမျိုးဖြစ်ရင် ကွယ်လိမ့်မယ် မထင်နဲ့'

ကျွန်တော် ကော်ဖီတစ်ငုံသောက်လိုက်ပြီး

'ဆင်ခြင်ပါ့မျာ၊ ဘာသတင်းထူးတွေပါလို့ မမ ဒီလောက်တောင် သတင်းစာမျက်နှာကပ်ပြီး ဖတ်နေရတာလဲ'

'ဒါ မင်းအလုပ်မဟုတ်ဘူး၊ စာမေးပွဲနီးပြီ၊ ကျူရှင်မပျက်စေနဲ့၊ အကြွေးကျန်နေတဲ့စာတွေ ပြန်ဆိုပြရဦးမယ်၊ အဲဒါပြီးရင် အရင်က စာတွေနောက်တစ်ခေါက်ပြန်ဆိုပြရမယ် ကြားလား'

'သင်ခန်းစာသစ်တွေရော ပါသေးလား မမ'

သတင်းစာ ဖြန်းခနဲရုပ်သိမ်းလိုက်ပြီး တောက်ရှူးသော အကြည့်ဖြင့်...

'ဘာသင်ခန်းစာလဲ'

ငေါက်ငမ်းသလို မေးလိုက်သောကြောင့် ကျွန်တော် ဆတ်ခနဲ ရယ်လိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com


'အချစ်လေ အချစ်သင်ခန်းစာ'

'ဘာ'

ဗုံးတစ်လုံးပေါက်ကွဲသံနှင့်တူသော ဘာဆိုသံကြီးကြောင့် ကျွန်တော် အခန်းထဲက ထွက်လာခဲ့၏။ ဒေါ်ဖောင်းပြီး ဒေါင်းတင် မောင်းတင်လှမ်းပြောနေသော စကားတွေက…

'မင်း ဘယ်လိုသဘောနဲ့ ပြောတာလဲ၊ လာခဲ့ ဒီအတိုင်း ရှောင်ထွက်သွားလို့ ရမလား၊ ဒါ အစ်မတစ်ယောက်ကို ပြောရမယ့် စကားလား၊ မိဘတွေရှေ့မှာပြောသမျှ လိုက်နာခဲ့ပြီး မိဘတွေကွယ်ရာ မှာ လုပ်ချင်သလိုလုပ်ပြောချင်သလိုပြောတာ ကောင်းသေးရဲ့လား၊ ဟန်နီလင်း ဘာအချစ်သင်ခန်းစာလဲဆိုတာ ငါ့ကို ရှင်းတန်းထုတ်သွား၊ ဒီလိုမှမဟုတ်ရင် ဒီတစ်ခါ နင့်ကိုမိတာနဲ့ ကုတ်ဖဲ့ဆွဲသွားပစ်ရမလား၊ ငါ့ကိုများ ဘာထင်နေလဲ'

ကျွန်တော် ကျောပိုးအိတ်လွယ်ပြီးသည်နှင့် ဖိနပ်စီးမနေတော့။

'မမထားကို ကျွန်တော်ထင်တာ ပြောရမလား'

'ကွာ… သွားစမ်း၊ စော်ကားလိုက်တာ၊ နင် ငါ့ကို ဘာထင်နေ သလဲ'

ကျွန်တော် စကားတစ်လုံး သဲအော်၍ ဖိနပ်ကိုင်ပြီး ခြံပြင် ပြေးထွက်လာခဲ့၏။ ကျွန်တော်အော်လိုက်သော စကားလုံးမှာ…

'ညောင်'

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

'ဟယ်… ကိုဟန်ဒီလင်းပါလား၊ အတော်ပဲ၊ မေ ဒီနေ့သွားစရာရှိလို့ အိမ်ကကား ခြေတစ်ပေါင်ကျိုးနေတာနဲ့ Taxi ထွက်ငှားတာ၊ ကိုဟန်ဒီလင်းနဲ့ တိုးတော့အတော်ပဲ၊ မေ အရေးတကြီးသွားစရာရှိလို့ လိုက်ပို့ပေးပါလား'

တစ်ခါက ချစ်ခြင်းကို ရိုက်ချက်ပြင်းပြင်းနဲ့ ပြောင်းလဲလိုက်နိုင်ရင်တော့လို့ ပြောခဲ့ဖူးသော မေစန္ဒာဘို တိုက်တိုက်ဆိုင်ဆိုင် လာဆုံရခြင်းပင်။

မဲ့ခြောက်ကလေးတွေ အရင်အတိုင်းနှင့် လှနေဆဲ ဆံပင်ခပ်တင်းတင်းစည်းထားပြီး အပျိုစင်အပြုံးနှင့်ကြည့်နေ၏။

'မေ ဘယ်ကိုသွားမှာလဲ'

'ကိုဟန်ဒီလင်း လိုက်ပို့ပေးမယ်ဆိုရင်တော့ တောင်ယာဉ်စွန်းတန်းကို အရင်သွားမယ်၊ ပြီးရင် မြောက်ယဉ်စွန်း၊ နောက် ကမ္ဘာတစ်ပတ်'

ကျွန်တော် ခေါင်းကုတ်သွားသည်ကိုကြည့်၍ မေ ရယ်၏။

'အလကားပြောတာပါ၊ ဗိုလ်တထောင်ဘုရားသွားဖူးမလို့'

'ဘုရားဖူးရုံပဲလား၊ ယတြာမချေတော့ဘူးလား'

'ခစ်… ပါတာပေါ့'

'ဒါဆို ကျွန်တော်လည်း သွားရမှာပဲ၊ အရေးကြီးတယ်၊ Taxi သာ ငှားစီးသွားလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'သူလိုက်ပို့မှာလိုလို ဘာလိုလိုနဲ့ အလကားလူ'

မေစန္ဒာဘို နှုတ်ခမ်းစူပြီး ခပ်ရှုရှုဖြစ်နေစဉ်မှာပင် ကျွန်တော် လက်ပြပြီး မောင်းထွက်လာခဲ့သည်။ မူရိုးနှံလေးပင် ဖြီးအောင်စောင့်ပြီး နှုတ်ဆက်မသွားသော ကျွန်တော့်ကို မေတ္တာပို့ရင်း ကျန်နေခဲ့သော မေ။

အချစ်သင်ကြားရေး ဆရာမကြီး ထားထားအောင်ဝေ ချစ်တပည့်မလေး ချစ်သူကောင်းကောင်းရနိုင်ပါစေ။

မကြာမီပင် ကုံကော်ပင်တန်းထဲ ကားချိုးဝင်လာလိုက်၏။ ဖန်ဆုရိုးနှင့် အမြဲထိုင်တတ်သော ကုံကော်ပင်ဆယ့်နှစ်ပင်မြောက်ခုံတန်း ရှေ့မှာ ကားထိုးရပ်လိုက်၏။

ဆယ်မိနစ်ခန့်စောင့်နေ၏။ Taxi ဖြင့်ရောက်လာတတ်သော ကြောင့် လာရာလမ်းကို သစ်ကုလားအုပ်လိုလည်ဆန့်မျှော်ကြည့်နေမိ၏။

ရင်ထဲမှာ တဒိန်းဒိန်းနဲ့ စိတ်လှုပ်ရှားမှုကို ပြန်ထိန်းယူ၍မရ။ သေချာပါတယ်ဟု တစ်ဖက်က တွေးမိသလို အတပ်ပြောလို့မရပါ ဘူးလေဟု တစ်ဖက်က တွေးမိပြန်၏။

ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေသည်ဟုမသိ။ လောကကြီး မှာ ဘာဖြစ်နေသည်မသိ။ အချစ်နှင့်ထိတွေ့ရတော့မည့် အရေး၌သာ စိတ်ဝင်စားပြီး စိတ်ဂနာမငြိမ်ဆော့ကစားနေ၏။

Taxi တစ်စင်းကို မြင်ရ၏။ ခပ်လှမ်းလှမ်းမှာ ထိုးရပ်၏။ ကားပေါ်မှ စူစောင့် ဇွစ်တောက်တောက်မြည်တွန်ရင်း ဆင်းလာသော မိန်းကလေးတစ်ယောက်။

ယမင်းအိမ်စည်။

ကိုးဆယ်ရာခိုင်နှုန်းသော ယောကျ်ားတွေရဲ့ သဘောကျမှုကို ခံယူရရှိနိုင်သောဆိုသည့်မချော။

ကျွန်တော်အသဲကွဲမယ့်နေ့ကို တွေ့ချင်ပါသေးသည်ဆိုသော မချော။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ရှင်… ဟန်ဒီလင်း၊ မမထားရဲ့မောင်၊ ကိုဟန်ဒီလင်း မဟုတ်လား'

ကျွန်တော့်ကို မမှတ်မိအောင် မျက်နှာလွှဲထားရသည့်ကြားထဲမှ တည့်တည့်ကြီးရောက်ချလာသော ယမင်းအိမ်စည်ကို ပြုံး၍ ခေါင်း ညိတ်ပြလိုက်၏။

'ဒီမှာ ဘာလုပ်လုပ်နေတာလဲဟင်'

'ဒီလိုပါပဲ၊ ဘာရယ်မဟုတ်ပါဘူး၊ ယမင်းစီးလာတဲ့ကားက ဘာထဖြစ်တာလဲ၊ ကားဆရာ ဘော်နပ်လှန်ပြီး ကြွက်ခြေနီတုတုနေ တာတွေ့တယ်'

'မသိပါဘူး၊ ဒီနားကျမှ ထိုးရပ်သွားတာပဲ၊ ယမင်းက မမ ထားဖုန်းခေါ်လို့ လာရတာ၊ မမထား ဒီနေ့ ကျူရှင်သင်ရပ်ထားတယ် ဆို'

'ဟုတ်တယ် ထင်တယ်၊ သူ့အကြောင်းကို ကျွန်တော် မေး ကြေည့်မိဘူး'

'ဒါဆို ကိုဟန်ဒီလင်းမှာ ကားပါတာပဲ၊ ယမင်းကို မမထား ဆီ လိုက်ပို့'

အံ့ဩစရာတော့ ကောင်းနေပြီ။ မမျှော်လင့်သူနှစ်ယောက်ကို တစ်နာရီခြားစီ တွေ့နေရ၏။

နှစ်ယောက်လုံးက ကားကိုချောကားမှတ်နေကြ၏။ လိုက်မပို့ လျှင်လည်း အပြစ်။ လိုက်ပို့လျှင်လည်း ပန်ဆုမိုနဲ့လွဲပြီး အထင်မှား အမုန်းခံရဦးမည်။

'ဒီလိုလုပ်ပါ၊ Taxi ငှားပေးမယ်'

'ကိုဟန်ဒီလင်းရဲ့ကားက ဘာဖြစ်နေလို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ အရေးကြီးတဲ့ ဧည့်သည်တစ်ယောက်ကို ချိန်းထားလို့ပါ'

'ကျစ်… ဒုက္ခပါပဲကွာ၊ ဘယ်မှာလဲ နောက်ထပ် Taxi'

'ဟာ ကံကောင်းလိုက်တာ ဟိုမှာလာပြီ'

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ဘဲ မောင်းဝင်လာသော အနီရောင် Taxi ဖွတ်ချုပ်တစ်စင်းကို တွေ့လိုက်ရ၏။ ကျွန်တော် အမြန်တားလိုက်ပြီး ကားဆရာကို ကြည့်လိုက်သောအခါ တိုက်ဆိုင်တာတွေများလွန်း၍ ကိုယ့်နဖူးကိုယ်ရိုက်လိုက်မိ၏။

ကြည့် နှစ်ကြိမ်နှစ်ခါစီးဖူးသော ကားဆရာ လပီတိုး လူမြင်ရုံနှင့် ငါးခုံးမပြုံးလေးပြုံးပြီးထားသည့် လပီတိုး။

'လာဆုံပြန်ပြီနော့'

နှုတ်ဆက်သံက ယမင်းအိမ်စည်ဘက် အကြည့်ယှက်နေ၍ တထွာဆန့်နေ၏။

'ဟဲ… ကားဆရာ လပီတိုး ဒီလေဒီမလေးကို သူပြောပြမယ့် လိပ်စာအတိုင်းသာ မောင်းပို့ပေးလိုက်ပါ'

လပီတိုးက ယမင်းအိမ်စည်ကို ဖမ်းရှိုးလိုက်ပြီး မှတ်ဆိတ်ငုတ်တို သုံး၊ လေးပင်ကို အသာသပ်နေ၏။ ခေါင်းတညိတ်ညိတ်နှင့်…

'ဟဲ့… ယမင်း ဒီကားနှင့်လိုက်သွားတော့'

'ကိုဟန်ဒီလင်း ဘာမှအားမကိုးရဘူးဆိုတာ မမထားနဲ့တွေ့ရင် တိုင်ပြောမယ်၊ တော်ပြီ၊ စိတ်ဆိုးတယ်၊ နောက်တစ်ခါလမ်းမှာ တွေ့ရင် ဘယ်တော့မှ မခေါ်တော့ဘူး'

ကျွန်တော် အားနာပြုံးလေးနှင့် လက်ပြနှုတ်ဆက်လိုက်ပြီး ကားထွက်ရန် ကားကိုသုံးချက်ပုတ်လိုက်၏။ ကားက မထွက် ကားဆရာ လပီတိုးက စာရင်းစာအုပ်ထုတ်ပြီး ဘာတွေရေးမှတ်နေသည်မသိ။

နောက်ခန်းမှာ နှုတ်ခမ်းစူပြီး တင်းမာနေသော ယမင်းအိမ်စည်ရဲ့ ဒေါသတွေပေါက်ထွက်လာမှာ စိုးသောကြောင့် ကားဆရာ လပီတိုးကို ကားထွက်ရန် ဆော်ဩဖို့ အနားကပ်သွားလိုက်၏။

ယနေ့ အိမ်အသုံးစရိတ် လင်မယားနှစ်ယောက်ညနေက် ထမင်းပွဲအတွက် ရွှေကြက်ပဲလှော်တစ်ထုပ်နဲ့ ငါးပိချက်ဟင်းတစ်ခွက်။ တစ်လလုံး ထိုအတိုင်းစား၍ ငွေစုမည်။

www.burmeseclassic.com

www.burmeseclassic.com



အပိုစုဆောင်းငွေပြည့်လျှင် မိဘတွေအတွက် ငွေမပို့ပါ။ မိန်းမလက်ကောက်လုပ်ရန် ငွေထပ်စုရမည်။

'ကားဆရာ ကားဆရာ'

'ဟာ… သွားတော့မလား'

'သွားဖို့စောင့်နေတာ ကြာပြီ'

'ဟဲ… ဟဲ… သွားတာပေါ့ဗျာ၊ စာရင်းမှတ်နေရတာနဲ့ ကြာတာပေါ့ဗျာ၊ ငွေစုစာရင်းလေးပေါ့ဗျာ၊ ကျွန်တော့်မှာက သားသမီး ရနေပြီလေ၊ ကျွန်တော် သားဖွတ်ချီးအတွက် ကြိုစုနေရတာပေါ့ဗျာ၊ ခင်ဗျားတို့ကော မယူကြသေးဘူးလား'

'ဟာ… ဘာတွေပြောနေတာလဲ၊ အသိမိတ်ဆွေတွေဗျ'

'ဟုတ်လား၊ မသိပါဘူးဗျာ၊ ဒါဆိုရင် လွတ်လွတ်လပ်လပ် ဂေါ်လို့ရတာပေါ့'

'ခင်ဗျားဘာသာ ဂေါ်ဂေါ် ငမ်းငမ်း သူပြောတဲ့အိမ်ကိုသာ ရောက်အောင်ပို့ပေးလိုက်'

'စိတ်ချ၊ ခင်ဗျားတွဲနေတဲ့ အရင်တစ်ယောက်ကော'

ကားဆရာမေးလိုက်၍ ယမင်းအိမ်စည် စောင်းငဲ့ကြည့်လိုက်၏။

ဘုကြည့်။

'မသိဘူး၊ မောင်းတော့ဗျာ'

ကားဆရာ မောင်းထွက်စဉ် ကားနောက်ခန်းမှ ယမင်းအိမ်စည် လှမ်းပြောဖြစ်အောင် ပြောသွားသေး၏။

'အရင်တစ်ယောက်ကောဆိုတဲ့ မိန်းမပုံစံကို ကားဆရာကို မေးကြည့်လိုက်ရင် သိတယ်၊ သိရင် မမထားနဲ့အားလုံးပြန်တိုင်မယ် မှတ်ထား'

သွားခါနီးမှပင် ပြဿနာရှာသွား၏။ မမထား သိလျှင် အကြောင်းမဟုတ်သော်လည်း ဟုတ်သောအကြောင်းတစ်ခုဖြင့် ပြဿနာတစ်ရပ် တက်ခံရမှာ ကျွန်တော် မလိုလားနိုင်ပါ။ မှာကြား

www.burmeseclassic.com

www.burmeseclassic.com



သွားသော လူကြီးတွေစကားကြောင့် ထားထားအောင်ဝေ စိတ်အရမ်း ညစ်သွား၍မဖြစ်။

ထိုအကြောင်းအရာတွေကို ခေါင်းထဲကလွှင့်ပစ်လိုက်ပြီး ပန်ဆု မိုလာရာလမ်းကို လည်ဆန့်တန်းကြည့်မိ၏။ နာရီကိုကြည့်လိုက်တော့

'ဟိုက်'

ဆုံတွေ့ရန် ချိန်းဆိုထားသော အချိန်ထက်ပင် အတော်လေး ဝင်နောက်ကျနေလေပြီ။

ချစ်သူလာမည့်လမ်းကို အရိပ်အခြည်မျှပင်မသန်း။ ဖြတ်ခနဲ ဆို ဘယ်လိုအကြောင်းကြောင့် ရောက်မလာရတာလဲဟူသော မေးခွန်း ထ ရင်ဘတ်မှာ တန်းလန်းကြီး စိုက်ဝင်လျက်…။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီပြည့်သည်အထိ ရောက်မလာ။ ရင်ထဲပူလောင်သော စိတ်ဖြင့် ကားပေါ် ကသောကမျောတက်ရန်အပြင်မှာပင် Taxi တစ်စင်း လမ်းထဲချိုးဝင်လာတာတွေ့ရ၏။ ကျွန်တော် ရပ်စောင့်နေရာအား မှာ ထိုးရပ်ပြီး ကားဆရာက စာတစ်စောင်လှမ်းပေး၏။

'ကျွန်တော့်ကားကို ငှားစီးလာတဲ့ မိန်းကလေးတစ်ယောက်က ပေးခိုင်းလိုက်တာ'

'ဟုတ်လား၊ သူ ဘာလို့မလာရတာလဲ၊ သူ အခု ဘယ်မှာလဲ'

'သူက ဟိုဘက်လမ်းထိပ်မှာ တခြားကားပြောင်းစီးသွား လောက်ပြီ၊ ကျွန်တော့်ကားနံပါတ်ကို မှတ်ပြီး အကျိုးဆောင်ခငွေ ထပ်ပေးလိုက်တယ်၊ ဒီစာကို ခင်ဗျားဆီရောက်အောင် ပို့ခိုင်းတာပဲ၊ သူပြောလိုက်တဲ့ ကားနံပါတ်နဲ့ ခင်ဗျားကားနံပါတ် တိုက်နေတယ်'

'ဟုတ်တယ်၊ သူရည်ညွှန်းလိုက်တာ၊ ကျွန်တော့်ကိုပဲ၊ သူစီး သွားတဲ့ ကားနံပါတ်ကို မှတ်မိလား'

'သတိမထားလိုက်မိဘူးဗျ'

ကားဆရာ နှုတ်ဆက်ပြီး ထွက်သွားသည်နှင့် ကျွန်တော် စာကို အမြန်ဖွင့်ဖတ်လိုက်၏။

*ဟန်ဒီလင်း*

*စာမေးပွဲဖြေပြီးမှ အဖြေပေးမယ်၊ တစ်ဝက်တည်းနော်၊ စာမေး ပွဲအောင်စာရင်းမှာ နှစ်ယောက်လုံးအမည်ပါမှ အဖြေအပြည့်ရမယ်၊ ဒါပဲ။ ပြောထားလျက်သားနဲ့ အတင်းနားပူနားဆာလုပ်လာရင် အပြီး မုန်းပစ်လိုက်မယ်။*

*ပန်ဆုရီ*

စာရွက်ကို လက်ဖျားနှင့် ရိုက်ခါလိုက်ပြီး ကျွတ်ခနဲစုပ်သတ် လိုက်မိ၏။ မာယာများလေချေသလား။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

စာမေးပွဲကြီးက တစ်ဖက်မေးခွန်းပေါင်းစုံကိုင်ပြီး တစ်ဖက်က နှင်တံကိုဆုပ်၍ ကျောင်းသူကျောင်းသားတိုင်း၏ ကုပ်ကိုစီးဖိရန်ကိုယ် ရောင်လင်းဖြာဆင်းချလာခဲ့လေပြီ။

တွက်စရာရှိတာတွက်၊ ကျက်စရာရှိတာကျက်၊ မှတ်စရာရှိတာ မှတ်၊ သင်ခန်းစာကျေညက်အောင် ထပ်ပြန်တလဲလဲ ပြန်ကျေညက် သင့်တာတွေ ကျေညက်ဖို့ အနီးကပ်ဂိုက်လုပ်ပေးနေသော ထားထား အောင်ဝေကြောင့် ကိုယ့်ဝန်းကျင်မှာ ဘာဖြစ်နေသည်ပင် မသိရလောက် အောင် ကျွန်တော်အပြတ်အသတ် ကြိုးစားနေရပါလေပြီ။

'ဒီကြားထဲမှာ စာကလွဲပြီး ဘာမှခေါင်းထဲမထည့်ချင်ဘူး၊ မတွေ့ကြကြေးကွာ၊ နားလည်ပေးပါ'၊ ဒီနှစ်နှစ်ယောက်လုံးအောင်မှ ဖြစ်မယ်၊ ပန်ဆုစကားကို နားထောင်နော်'

ချစ်သူမှာတမ်းကြောင့် ကျွန်တော် လွမ်းခန်းတွေကို ဆက်တင် ဖျက်ဖြိုပြီး စာထဲစိတ်ကိုနှစ်ကာ တစ်ယောက်နဲ့တစ်ယောက် ခပ်စိမ်း စိမ်းနေဖြစ်လိုက်ကြ၏။

ပြည်ပမှ ပြန်ရောက်လာတာကြာပြီဖြစ်သော လူကြီးတွေမှာ သူတို့အာရုံနှင့်သူတို့ စာမေးပွဲဖြေရက်မှာ အန်တီမြသက်ထားက အဆောင်ယတြာပံ့ပိုးပေး၏။ ဆရာကောင်းရှာပြီး နေ့နံတွက်ချက်ကာ စိတ်ပါလက်ပါ ကူညီပေး၏။ ပန်ဆုမှ အနီးကပ်သင်တန်းဖက်နှင့် ကျွန်တော် စာကြိုးစားမှုကို အမြဲစစ်ဆေးလှေလာညွှန်ကြားပေး၏။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ ဖြေသည့်နေ့နှင့် စာမေးပွဲ ပြီးဆုံးသည့်နေ့ကို ထျွန်တော် မမေ့ပါ။ ပန်ဆုမိုရဲ့ အပြုံးနှင့်ဖွင့်ပြီး ပန်ဆုမိုရဲ့ အပြုံးနှင့် ပိတ်လိုက်ရချိန်။

'ဒီနေ့ အဖြေတစ်ဝက်ရမှာနော်'

'ဖြေနိုင်တယ် မဟုတ်လား'

'ဂုဏ်ထူးလေးခုလောက် မှန်းတယ်'

'အလဲ့'

'ရှင်တော်မြတ်ဗုဒ္ဓဘုရားကို ယုံယုံကြည်ကြည် အာရုံပြုပြီး နှလုံးသွင်းရွတ်ဆိုဖြေလိုက်တာ ဖြေလို့ကောင်းသလား မမေးနဲ့ အရင် တလို စာတွေမေ့ဖို့နေနေသာသာ တစ်လုံးမကျန် အကုန်မှတ်မိတယ်၊ ဒီနှစ်တော့ အောင်မှာကြိမ်းသေတယ်၊ ဂုဏ်ထူးတော့ မမှန်းပါဘူး၊ အောင်မှတ်ကောင်းမှာတော့ သေချာပါတယ်'

'သေချာရင် နေရာရွေးပြီး ဆက်ပြောကြရအောင်'

'ဘယ်ကိုသွားမှာလဲ'

'ကံ့ကော်လမ်းသွယ်'

'မြို့ထဲလျှောက်လည်မယ်လေ၊ ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုး ကြီး ကျသွားလို့ စိတ်ထဲကို ပေါ့သွားတာပဲ၊ 'စားချင်တာ စားမယ်၊ သွားချင်တာသွားမယ်၊ လာပါ၊ ကံ့ကော်လမ်းသွယ်ထဲမှာ နှစ်ယောက် ထဲ စကားထိုင်ပြောရမှာ ပျင်းစရာကြီး'

'ဒါဆိုလည်း အဖြေတစ်ဝက်ပေး'

'ဝမ်းသာရမယ့်အဖြေပါ'

'ပြောလေ'

'အဲဒီစကားက အဖြေတစ်ဝက်ပဲလေ'

'ဟာကွာ၊ အဲဒီလိုအဖြေမျိုးမဖြစ်သင့်ဘူး၊ ချစ်တယ်လို့ ပြန် ဖြေရမှာဆိုတော့ တစ်ဝက်အဖြေအဖြစ် ချစ်ဆိုတာကို အရင်ပြောပါ၊ စာမေးပွဲအောင်စာရင်းထွက်မှ တယ်ဆိုတဲ့ စာလုံးကို ဖြေလိုက်'

'ချစ်'

'ပြောလိုက်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ကျေနပ်တယ် မဟုတ်လား'

'ဆတ်ခနဲ ပြောလိုက်လို့ ဂျစ်ခနဲကြားလိုက်ရတယ်၊ ပြန်ပြောပေးပါလားကွာ'

'ချစ်'

'ထပ်ပြောပါဦး ကြားရတာ အားမရလိုက်တာ'

'တော်ပြီ၊ များရင်ပေါ်သွားလိမ့်မယ်၊ အတင်းထပ်ပြောခိုင်းရင် ဘယ်မှမလိုက်တော့ဘူး၊ အိမ်ပြန်ပြီး အိပ်ရေးဝဝ ပျော်အောင်အိပ်ပစ်လိုက်မယ်'

'ထပ်မပြောခိုင်းတော့ပါဘူး၊ ဒီလိုအပျော်တွေနဲ့ မြူးနေရမယ့်အချိန်လေး တုန့်သွားမှာ နမြော်လို့၊ ဟောဒီလှတပတကောင်မလေးရဲ့ အချစ်ကို ပိုင်ပိုင်နိုင်နိုင်ရတဲ့ အချိန်ကျရင်တွေ့မယ်'

'ကြက်သီးထစရာကြီးပါလား၊ လူကို ဘယ်လိုများရည်ရွယ်ထားသလဲမသိဘူး'

'နမူနာလုပ်ပြရမလား'

'ဟိုး… ဟိုး… နိုး… နိုး'

ကျွန်တော် ရယ်ကျဲကျဲလုပ်နေသောအခါ ကျွန်တော့်ရင်ဘတ်ကို ဝင်တိုက်ပြီး ပန်ဆုမှိုထွက်သွား၏။ ကျွန်တော်ချစ်သော ကောင်မလေးမှာ ချစ်စရာကောင်းသည့်ဟန်ပန်လေးသာ စွဲမက်စရာရှိပါသည်။ အခြားအထူးညွှန်းဖွဲ့လောက်စရာမရှိ။ သို့ပြား…

ထိုတစ်ချက်တည်းဖြင့် ကျွန်တော့်ကို အနိုင်ယူထားပုံက သေသပ်လှပလွန်းလှ၏။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

‘မင်းအသွားက မန္တလေးပြန်လာဖို့ခေါ်တာ ဘာလို့မသွားတာ လဲ’

‘ဒီကလူတွေနဲ့ မခွဲချင်သေးလို့ပါ မမ’

‘ယုံချင်စရာပဲ၊ သိတယ်နော်၊ ပန်ဆုမိုကို မခွဲနိုင်လို့ မဟုတ် လား’

‘အထူးသဖြင့် မမထားကြောင့်ပါ’

ထားထားအောင်ဝေ သဘောကျသွားမည့်စကားကို တမင် ရွေးချယ်ပြောလိုက်ခြင်းပါ။ ထားထားအောင်ဝေက ပခုံးနှစ်ဖက်ကို ကြည့်ကောင်းရုံ တွန့်ပြလိုက်ပြီး…

‘လာလုပ်မနေနဲ့၊ မင်းဗိုက်ထဲမှာ အူဘယ်နှစ်ခွေရှိသလဲဆို တာကအစ မမ သိထားပြီးသားပါ’

‘ဒါဆို ဘယ်နှခွေလဲ’

‘စကားအကျပ်မကိုင်နဲ့’

‘ကျွန်တော် မမကို ချစ်တယ်’

‘ဘာ’

‘လန့်မသွားပါနဲ့၊ တကယ်ချစ်နေတာပါ’

‘မင်းနော်၊ မင်း… မင်း’

‘ကျွန်တော့်အချစ်ကို လက်ခံပါ မမ’

‘မင်းနဲ့ တို့က’

www.burmeseclassic.com

www.burmeseclassic.com


'မောင်နှမတွေ မတော်စပ်တာလည်း ကျွန်တော် သိတယ်'

ထားထားအောင်ဝေ မျက်နှာပေါ် ပန်းသွေးလင်းဖြာသွား၏။

'ဒါကို မင်းက'

'မောင်နှမတော်စပ်တဲ့အတွက် မောင်နှမချစ်ခြင်းနဲ့ ချစ်မိတာပါ မမ'

ခံစားချက်အရောင်ပြောင်းလဲမှုတွေ ရှုပ်ထွေးသွားသော မျက်နှာပေါ်မှ မျက်ခုံးနှစ်ခုတွန့်ခေါက်သွားသံကို သဲ့သဲ့ကြားလိုက်ရ၏။

'ကျွန်တော့်ရဲ့အချစ်ကို နားလည်သွားပြီလား မမ'

'ဟန်ဒီလင်း… ဟန်ဒီလင်း တွေ့သမျှ ယောကျ်ားတွေထဲမှာ မင်းကို နားလည်ရခက်ဆုံးပဲ'

'ထင်လို့ပါ၊ ကျွန်တော်က သူလိုကိုယ်လိုပါပဲ'

'ထားပါတော့လေ၊ မင်းကို မမ တိုက်တွန်းချင်တာက မန္တလေးကို မင်းခဏပြန်လည်သင့်တယ်၊ မင်းရဲ့အဘိုးအဘွားတွေ အလွမ်းပြေသွားရအောင်ပေါ့'

'ကျွန်တော်လည်း သွားချင်ပါတယ်၊ ဒါပေမဲ့ဗျာ'

'ဒါပေမဲ့ဗျာတွေ နောက်ထား၊ မင်းလည်းအလည်ပြန်ရအောင် တိုက်တွန်းပေးဖို့ မေမေက မမကို မှာထားတယ်၊ မေမေဟ အဘွားကျန်းမာရေးအရကြောင့် စကားများများမပြောနိုင်ဘူး၊ မင်းအဘွားနဲ့ တောင် ဖုန်းကိုလိုရင်းတိုရှင်းသာပြောနိုင်ရှာတာ၊ မင်းသာ မန္တလေးကို ခဏပြန်လည်မယ်ဆိုရင် မင်းအဘိုးနဲ့အဘွား ဘယ်လောက်ဝမ်းသာကြမလဲ၊ လူကြီးတွေခမျာ အသက်ကြီးပါပြီကွာ'

'ကျွန်တော် ဖုန်းနဲ့ဆက်ပြီး အလွမ်းဖြေလိုက်ပါပြီ'

'ဟင်း… အိမ်ပေါ်က နှင်ချတော့လည်း သူတို့ပြန်လာပါ ပြောတော့လည်းသူတို့'

'မင်းက မြေးလိမ္မာလေးဆိုတော့ သူတို့ချစ်ရှာတာနေမှာပေါ့'

'ခဏ… ကျွန်တော် တစ်ခုကြားဖြတ်မေးချင်တယ်၊ မမနဲ့ ကျွန်တော်က တကယ်မောင်နှမတွေ တော်သလား မတော်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မတော်စပ်ပါဘူး၊ ဖေဖေနဲ့မင်းရဲ့အန်တီတော်စပ်မှုကြောင့် တော်စပ်ရင်တော့ ရနိုင်တာပေါ့'

'မမထားအရွယ်က အိမ်ထောင်ပြုသင့်နေပြီ'

'ရတာမလို လိုတာမရလို့ အပျိုကြီးဖြစ်နေတယ်ပဲ ပြောပြော လက်စံအရွေးလွန်နေတယ်ပဲပြောပြော ပြောချင်တာပြောပါစေ၊ မမက လည်း ရင်ထဲကဆန္ဒမပါရင် ဘာအလုပ်မှ မလုပ်ချင်တဲ့ မိန်းမမျိုး'

'ဒီလိုကြီးနေသွားတာ နှမြောဖို့ကောင်းပါတယ်'

'ကောင်လေးနော်၊ မဟုတ်မဟပ်တွေ မပြောနဲ့'

'မဟုတ်ဘူးလေ၊ တစ်ချိန်ကျရင် မမကို ပြုစုမဲ့ သားသမီး တွေမရှိမှာစိုးလို့ပါ၊ အခုကတည်းက ကြွေးဟောင်းဆပ်သင့်သလို ကြွေးသစ်လည်း ယူသင့်နေပါပြီ'

'ဒါ မင်းအပူမဟုတ်ပါဘူး၊ တို့အပူပါ'

'အင်းပေါ့လေ၊ ကျွန်တော် တွေးမိလာတာ တစ်ခုရှိတယ်၊ ဘာလဲဆိုတော့ ကျွန်တော်နဲ့ မမထားတို့ကြားထဲက အခြေအနေကို အဖြေထုတ်ကြည့်တာပါ၊ ဘွားဘွားက အန်တီမြနဲ့ တိုင်ပင်ပြီး ကျွန်တော်နဲ့ မမထားကို သဘောတူထားကြသလိုပဲ'

'ဘာတွေလျှောက်ပြောနေမှန်းမသိဘူး'

ထားထားအောင်ဝေက ကျွန်တော့်ရင်ဘတ်ကို အသာဆောင့် တွန်းပြီး ကေသာတွေလွင့်ခနဲခါဝဲကာ နောက်ပြောင်လိုက်သော စကား ဖြစ်နိုင်ခြေဝေးလွန်းသည့် စကားကိုဖောက်ချလိုက်မိခြင်းသက်သက် ဖြစ်၏။ သို့ငြား မဝေးလွန်းသော ဖြစ်နိုင်ချေများကို ရိပ်မိလိုက်သလို ရှိသောအခါ ကျွန်တော့်ဘာသာ ပြန်လည်အံ့သြစွာဖြင့် တွေဝေနေမိ၏။

မဖြစ်နိုင်လျှင် ထားထားအောင်ဝေ ငြင်းချက်ပြင်းပြင်းထုတ် မည်။ ပြန်လည်နောက်ပြောင်ခြင်းပြုမည်။

ယခုဖြင့်...

ငြင်းသည်မဟုတ်။ မငြင်းသည်လည်းမဟုတ်။ စိတ်ရှုပ်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော ထားခြင်း တုံ့ပြန်မှုကို ထားရစ်ထွက်ခွာသွားခြင်းများ သာ။

ဘွားဘွားဆီ ဖုန်းဆက်ခေါ်ပြီး အစ်အောက်မေးမြန်းကြည့်လျှင် အဖြေသိနိုင်၏။ ဦးခင်အောင်ဝေ မေးရမှာ မျက်နှာပူ၍ မေး၍ မဖြစ်။ အန်တီမြသက်ထားမှာ စိပ်ပုတီးကို အမြဲကိုင်နေပြန်၏။ မေးရင်မသင့်။ ဦးလေးကျောင်းဆရာဆိုလျှင်လည်း ထိုမျှအထိ ထဲထဲဝင်ဝင် သိနိုင်လိမ့်မည်မထင်။

အချစ်သင်ကြားရေး ဆရာမကြီး၏ အချစ်ကို အသေအချာ မကြည့်ဘဲနှင့် ကျွန်တော် လှမ်းမြင်လိုက်၏။

ညည်းစိမ်ဘုံရှိန်ပြတ်ဝင်းထိန်လက်နေသော အချစ်ခမ်းနား သည်ထက် ပို၍ကြီးကျယ်မြင့်မားလိုသောအချစ်။

မာယာရောင်စဉ်ကို မျက်တောင်တစ်ခတ်အတွင်း အသွင် အမျိုးမျိုးပြောင်းလဲနိုင်သောအချစ်။ တစ်နည်းအားဖြင့် ကျွန်တော် အမုန်း အချစ်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ဘွားဘွားဆီမှ အဖြေကို ဖုန်းအလွမ်းပြေ မေမြန်းရင်းမှ ရလာခဲ့သည်။ ကျွန်တော်တွေးထင်ထားသည်နှင့် ကိုယ်ပွားမိတ္တူကို ရခဲ့ခြင်းပင်။

'ဘွားတို့လူကြီးတွေ မျက်လုံးမမှိတ်ခင် မြေးတို့ကို စိတ်ချသွားချင်တယ်ကွယ်၊ ထားထားဆိုတာကလည်း မောင်ခင်အောင်ဝေရဲ့ သွေးသားရင်းစစ်စစ်ပါ၊ ထားထားနှ ပဲ မြေးရဲ့အနှားလွတ်နေတဲ့ဘဝကို ထိန်းကွပ်နိုင်မှာကွဲ့၊ ရွှေငွေစည်းစိမ်တွေ ဘယ်လောက်ရှိရှိ ရှိတာတွေ နဲ့ သားကိုထားခဲ့ရင် ပုံပြင်ထဲက သူဌေးသားလေးထက် ပိုဆိုးသွားမှာ ပေါ့ကွယ်'

'စိတ်ကူးမလွဲပါနဲ့ကွယ်၊ အချစ်ဆိုတာ ငွေတိုးပေးစားသလို အပိုဝင်ငွေရတဲ့အရာလည်းမဟုတ်ဘူး၊ ကျန်းမာရေးအတွက်လိုအပ်ရင် ရွှေထည်လိုလည်းပေါင်နှံလို့ရတာမဟုတ်ဘူး၊ နောက်ဆုံးဗိုက်ဆာရင် တောင် ကိုက်စားလို့ရတာမှမဟုတ်ဘဲကွယ်၊ စိတ်ကူးယဉ်တယ်ဆိုတာ စိတ်ရောဂါကုတဲ့ဆေးရုံပေါ်မှာပဲ ကောင်းတယ်၊ ငါ့မြေးရဲ့အချစ်ဆို လား ပန်းနှာရင်ကျပ်မိုဆိုလား အဲဒါကို'

'ပန်းနှာရင်ကျပ်မို မဟုတ်ပါဘူး၊ ပန်ဆုမိုပါ အသွားရဲ့ အသွားရဲ့ အချစ်ဒဿနအသစ်တွေကို ကျွန်တော်ဆက်နွှားပေးခဲ့ရင် တရုတ်ကြီးတွေပြောတဲ့ လေသံနဲ့ ပြောရလိမ့်မယ်၊ အသွားဖြစ်စေချင် တာက မမထားကို ကျွန်တော် လက်ထပ်ယူရမယ်၊ ဒါပဲမဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ရော်… ဟုတ်ပါတယ်ဆိုမှ'

'မဖြစ်နိုင်ဘူး အဘွား'

'ဒီကလေး ဒီလောက်ခေါင်းမာနေတာ လွှတ်စိတ်ညစ်ရတယ်'

'ကျွန်တော့်ချစ်သူကလွဲရင် ကျန်တဲ့သူကို ဖွဲ့ဆန်ကွဲထင်ပါတယ် အဘွား'

'ဟဲ့… ဖွဲ့နဲ့ဆန်ကွဲ ဘယ်ဈေးအောက်မေ့လို့လဲ'

'ဟာ… မသိဘူး အဘွားရာ၊ အဘွားတို့သဘောမတူလည်း ကျွန်တော့်ချစ်သူကို ခိုးပြေးသွားမှာပဲ'

'ဇုန္ဒေါ ဘယ်ကိုခိုးပြေးမှာလဲ'

'အဘွားအိမ်ကိုပေါ့'

'လာလေ၊ နင့်အဘိုးက ထားဝယ်ကြိမ်တွေထပ်စုနေတယ်'

'ကုလားထိုင်ကြိမ်ထိုးဖို့လား'

'မင်းကိုရိုက်ဖို့တဲ့၊ ငါနှယ်နော်၊ သိပ်လက်ပေါက်ကပ်တာပဲ'

'အဘွားတို့ အဲဒီလိုအတင်းအကျပ်မလုပ်ပါနဲ့ဗျာ'

'မလုပ်လို့မရဘူး၊ ဒါပဲ ပြောစကားနားထောင်ရင်ထောင် မထောင်ရင် နင့်ကို အမျိုးစာရင်းက ဖြုတ်မယ်'

'အစကတော့ ကျွန်တော့်ကို အချစ်ဆုံးမို့ အမွေအားလုံးပေးတာဆို'

'ထားထားနဲ့ လက်မထပ်ဘဲ အချစ်ဆိုတဲ့ မိန်းမနဲ့ခိုးရာလိုက်ပြေးလို့ကတော့ အမွေဖြတ်ကြေညာမယ်ဟေ့'

'ဖြတ်ချင်လည်းဖြတ်၊ အချစ်တစ်ခုတည်းနဲ့ ကိုယ့်ဘဝကို မတ်မတ်ရပ်ပြနိုင်တယ်'

'ဟင်း… ဒင်းလေးက လာသေးတယ်၊ ထားထားပြောတာ ဟုတ်မှာပါ၊ ဆေးတွေဘာတွေများ မိနေသလားပဲ'

'ဘာဆေးမှ မမိပါဘူး၊ ခေတ်မီတွေးခေါ်မှုနဲ့ စကားကို ဆင်ခြင်ပြောပါ ဘွားဘွားရယ်'

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူး၊ နင့်ကိုအမြန်ပြန်ခေါ်မှာပဲ၊ နင့်ဦးလေးကို လိုက်ပို့ခိုင်းမယ်၊ အဲဒီအချစ်မဲ့နဲ့ ဝေးမှ နင်က ကုစားလို့ရမယ့်ကောင်'

'ကျွန်တော် ရှင်းပြတာကိုလည်း ဘွားဘွားတို့က လက်မခံကြဘူး၊ လက်မခံနိုင်တဲ့အတူတူ ဆက်ရှင်းပြမနေတော့ဘူး၊ ကျွန်တော် လုပ်သင့်တာကို ဆက်လုပ်တော့မယ်၊ ဒါပဲနော် ဘွားဘွား၊ ကျန်းမာရေးဂရုစိုက်၊ ဘိုးဘိုးဆီကို ကျွန်တော်ပို့ပေးခဲ့တဲ့ မျက်နှာသုတ်ပဝါလေး ရတယ်ကြားတယ်၊ ဘိုးဘိုးကြိုက်မှာပါ'

'ဖုန်းမချနဲ့ဦး၊ နင့်ကိုနင့်အတိုးက ဆက်ကြိမ်းဦးမှာ၊ ကျန်းမာရေးကို ဂရုစိုက်တဲ့၊ စိတ်ချမ်းသာမယ့်စကားတစ်လုံးမှ မပြောတဲ့မြေးက အဘွားရဲ့ကျန်းမာရေးကို စိုးရိမ်နေသတဲ့တော်'

'သွားစရာရှိလို့ ဖုန်းချလိုက်ပြီ ဘွားဘွား၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်'

'အေး… နင် အဲဒီနည်းနဲ့ပဲ ငါတို့ကို တစ်သက်လုံးနှိပ်စက်'

ဘွားဘွားစကားမဆုံးခင်မှာ ဖုန်းချလိုက်၏။ ဘိုးဘိုးဝင်ပြောလာပါက ပိုဆိုးလာမည်ကို ကျွန်တော်သိသည်။ အိမ်ကြီးထဲမှာ ဆက်နေပါက ဖုန်းထပ်ကိုင်ရမည်ကိုလည်း ကျွန်တော်သိသည်။ အိမ်ပြင်အမြန်ထွက်လာခဲ့ပြီး ဦးတည်ရာရွေးချယ်လိုက်သောအခါ ကျွန်တော် မသိသောစွမ်းအင်တစ်ရပ်က ရင်ခုန်သံကို လမ်းဖြန့်ခင်းပေးလိုက်၏။

(မင်းနဲ့ဝေးကွာဖို့ တစ်လောကလုံးက ကန့်ကွက်နေပါစေ၊ မင်းရဲ့ဘက်မှာ အချစ်နဲ့ မတ်မတ်မားမားကြီးရပ်တည် တောင့်ခံနေဖို့ တိုယ်ရှလာခဲ့မယ်)

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

'ဘယ်သူမှ ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး မနှင်းခြေတတ်ကြပါဘူး ပန်ဆု၊ မျှော်သလိုနေခဲ့တာတွေက သူတို့အတွက် အပြစ်တင်မှုအမြစ် သတ်မှတ်စရာဖြစ်နေပြီလား၊ တကယ်ဟားဘို့ကောင်းတဲ့ မဟာအသိုင်းအဝိုင်းကြီးရယ်၊ သူတစ်ပါးအပေါ် လွယ်လွယ်နဲ့ ပြောရက်နိုင်လွန်းလိုက်ကြတာ၊ ကိုယ်ချင်းစာစိတ် တစ်စက်ကလေးတောင် ရှိကြတဲ့ပုံ မပေါ်ဘူး'

'အဲဒီစကားတွေအတွက် ကိုယ်ရည်ရွယ်ပြီးပြောခဲ့တာ မဟုတ်ဘူး ပန်ဆု၊ ကိုယ်တို့လုပ်သင့်တဲ့ ရှေ့ရေးအတွက် စီစဉ်ဖို့ ရည်ရွယ်ပြီး ပြောခဲ့တာပါ'

'ရှင်နဲ့ကျွန်မ ဒီဘဝမှာဘယ်တော့မှ ပြန်ဖြစ်နိုင်လိမ့်မယ် မထင်တော့ဘူး'

'ထင်ရမယ်ကွာ၊ မင်းရဲ့အချစ်တစ်ခုတည်းအပေါ် ယုံကြည်မှုနဲ့ ကိုယ့်ဘဝတည်ဆောက်ချင်တယ်၊ ကိုယ့်ရဲ့အချစ်အပေါ် မင်းယုံကြည်မှုနဲ့ လိုက်လျောမှုတွေ အမြန်ပေးပါ'

'အချစ်နဲ့ဘဝကို တစ်ထပ်တည်းကျအောင် ကိုယ်လုပ်ပြနိုင်ပါတယ်'

'လူ့ဘဝမှာ အချစ်နဲ့ပြီးပြည့်စုံအောင် နေနိုင်တယ်လို့ ရှင်ထင်နေတာကိုး၊ သေသေချာချာကြီးမှားသွားပြီ ကိုဟန်ဒီလင်းလက်ရှိ ရှင်သုံးနေတဲ့မုန့်ဖိုးတောင် အမိုအခိုကင်းကင်းနဲ့ ရှင်ပြန်ရှာနိုင်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကူးနဲ့ လေထဲတိုက်ဆောက်နေသူမျိုးနဲ့ ခိုးရာလိုက်ပြေးရဲလောက်အောင် သတ္တိမရှိဘူး၊ ပြီးတော့'

ပန်ဆုမိုက စကားဆိုင်းပြီး ကျွန်တော့်ကိုကြည့်၏။ ကျွန်တော်ခေါင်းကိုသာ ဘယ်ညာရမ်းပြပြီး ဆက်လက်ရှင်းပြလာမည့်စကားကို အကြားအာရုံအကုန်ဖွင့်၍ နားထောင်နေ၏။

'ရှင့်ကို ပန်ဆုအဖြေပေးထားတာ တစ်ဝက်ပဲရှိသေးတယ်နော်၊ တစ်ဝက်မပေးရသေးဘူး၊ အောင်စာရင်းထွက်တဲ့နေ့မှ ပေးမှာ'

'ဒါတွေနှုးနေဖို့ အချိန်မရှိတော့ဘူး ပန်ဆုရယ်၊ အရေးကြီးလွန်းနေလို့ အပူတပြင်းတောင်းဆိုနေရတာပါ၊ မင်းရဲ့အချစ်ကို ကိုယ်ရမယ်ဆိုတာ ကျိန်းသေသိနေပြီးသားပဲဟာ၊ ကိုယ်နဲ့ခိုးရာလိုက်ဖို့အရေးသာ မင်းအလေးပေးပြီးတွေးကွာ'

'မရဘူးနော်၊ ပန်ဆုကတော့ အခြားအကြောင်းဆက်တွေကို အဖြေပေးပြီးမှ စဉ်းစားချင်စဉ်းစားမယ်'

'မင်း ဒီလိုအချိန်ဆွဲနေရင် ကိုယ်တို့ ဝေးရလိမ့်မယ်'

'ဒီလိုဆိုရင်လည်းဖြစ်သမျှအကြောင်း အကောင်းပဲပေါ့၊ ဝမ်းနည်းနိုင်သလောက်တော့ ဝမ်းနည်းပေးလိုက်ရမှာပေါ့'

'ပန်ဆု မင်းအဲဒီလောက်အထိ သဘောထားရက်သလား၊ အချစ်နဲ့ ရှင်သန်ရစ်ဖွဲ့နေတဲ့ မင်းနှလုံးသားက အဲဒီလောက်အထိ ခံစားတတ်သွားပြီလား'

'အချစ်ကို တန်ဖိုးထားတတ်တဲ့ အသိုင်းအဝိုင်းကလာတဲ့သူဆိုရင် အဲဒီမေးခွန်းကို ကျွန်မ မဖြေမချင်းမေးနိုင်တယ်၊ ခေခွင့်ရှိတယ်၊ ဟင့်အင်း အခုအချိန်အခါ အခြေအနေမှာ ရှင်မေးတာ ကျွန်မမဖြေနိုင်ဘူး'

'အချင်းချင်းတိုက်ခိုက်နေသင့်တယ်လို့ကော ပန်ဆု ထင်နေသလား'

'တိုက်ခိုက်တာ မဟုတ်ဘူး၊ ထိုးနှက်ခံရတာတွေကို ပြန်လည်ချေပနေတာ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုစွဲချက်တင်တာ ကိုယ်မှမဟုတ်တာ'

'အဲဒီ ကိုယ်ဖြစ်အောင် ပြုစုပျိုးထောင်လာခဲ့တဲ့ အသိုင်းအဝိုင်း၊ အဲဒီအသိုင်းအဝိုင်းနဲ့ အဲဒီကိုယ်ကို မသက်ဆိုင်ပါဘူးလို့ ရွတ်အတင်းစိတ်သွင်းပြီးနေလို့ရမယ်ထင်နေသလား'

'အား… သွားပြီ၊ အစိမ်းရောင်မြင်တိုင်းတောအုပ်လို့ မင်းထင်နေရင်တော့ မှားပြီကွာ'

'ရှင် စိတ်အေးအေးထားပြီး ပြန်စဉ်းစားပါ ကိုဟန်ဒီလင်းရယ်၊ ကျွန်မကိုမေ့နိုင်အောင် ရှင်ကြိုးစားလေ၊ ရှင့်အတွက် ပိုကောင်းလေဝါပဲ'

'အဆိပ်ရေတိုက်ပြီးမှ ရှင်လိုက ရှင်စေလို့ဆိုပြီး ပြန်လွှတ်လိုက်သလိုတော့ ဖြစ်နေပြီ ပန်ဆု'

'ထင်ချင်သလို ထင်၊ အဲဒီထင်မြင်ချက်တွေအပေါ်မှာ ကျွန်မရင်မခုန်ချင်တော့ဘူး၊ ဘာဖြစ်လို့လဲသိလား၊ ရင်နာနေလို့'

'ကိုယ့်မှာ မင်းကို ရင်နဲ့မက ချစ်နေတယ်ဆိုတာကလွဲရင် ဘာမှပြောနိုင်တဲ့စကားလုံး မရှိတော့ပါဘူး'

'အဲဒါပဲ ကောင်းပါတယ်လေ၊ ပန်ဆုကို သိပ်မျှော်လင့် မနေပါနဲ့၊ ကိုဟန်ဒီလင်းမှာ အကောင်းဆုံးတွေရှိနေနိုင်တာပဲဟာ'

'ပြောချင်သလိုသာ ပြောတော့ကွာ'

'ပန်ဆုဘက်က ဟန်ဒီ့အတွက်ဆိုပေးနိုင်တာ ဘာမှထည့်ထည့်ဝါဝါ ခမ်းခမ်းနားနား မရှိပါဘူး'

'ဘာနဲ့မှ လဲလှယ်တန်ဖိုးဖြတ်လို့မရတဲ့ အချစ်ရှိတယ်လေ'

'အဲဒါကလည်း အောင်စာရင်းထွက်မှ ငါးဆယ်ရာခိုင်နှုန်းသော အဖြေမှာလည်း ပြောင်းလဲခြင်းနဲ့ မသေချာခြင်းတွေ အသေအချာရှိနေနိုင်ပါသေးတယ်'

'အခုချက်ချင်း မရနိုင်ရင်လည်း ရနိုင်မယ့်နေ့အထိ ကိုယ်စောင့်နေမယ်'

'စိတ်လျှော့လိုက်ပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'လိုချင်မှန်းသိလေ ဈေးတင်လေ မလုပ်ပါနဲ့. ပန်ဆုရယ်'

'ကိုယ့်ရဲ့ရိုးသားမှုကို တဆိတ်လောက် ငဲ့ညှာပေးပါဦး'

'ငဲ့ညှာလွန်းလို့ ဒီနေ့အထိ ဒီအတိုင်းရှိနေတာပေါ့'

'မင်းဟာ တစ်မျိုးလေးမဟုတ်တော့ဘူး၊ အဆန်းကလေးဖြစ်သွားပြီ၊ တကယ့်ကို အထူးအဆန်းလေးပဲကွာ၊ အချစ်ကို အလျှော့အတင်းလုပ်တဲ့နေရာမှာ တကယ့်ကို ညင်သာလေးပဲကွာ'

ကျွန်တော့်စကားကြောင့် ပန်ဆုမို နှုတ်ခမ်းကိုက်သွားတာတွေ့ရ၏။ မျက်ဝန်းတွင် ဝေ့ခနဲ သီသော မျက်ရည်စကို မျက်တောင်ခတ်ပျောက်လိုက်၏။ ချစ်သူတွေမဟုတ်ကြဘဲနှင့်···

ကျွန်တော်၏ ရင်အနီးမှာ ချစ်ရသောသူရှိနေ၏။

ချစ်သော သူမအနီးမှာ သူမဘာယ်လိုသဘောထားမှန်း ယတိပြတ်မသိရသေးသော ကျွန်တော် ရှိနေ၏။

ဖက်လှဲတကင်း နှစ်သိမ့်လိုက်ချင်သည်။ ရင်ချင်းအပ်ပြီးကျောပြင်ကို အသာသပ်၍ ဖြေသိမ့်ပေးလိုက်ချင်ပါသည်။ သို့ပြား···

ကျွန်တော့်မှာ
ပြန်လည်အောက်မေ့
သူ့ရင်ငွေ့ကို
မှုးမေ့အောင်သာလွှမ်းရမှာလည်း
စိုးကြောက်မငံ့ရဲပြီ။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က…

ချစ်ခြင်းကို တစ်ပွင့်တည်းသော ပန်းလို့ပဲ ထင်သည်။ ချစ်သူက အပွင့်တွေအရောင်တွေ အရွယ်တွေ အမျိုးအစားတွေ။

ကြိုးသီတဲ့ပန်းတွေကို ကေသာပိတုံးမှာ တစ်ကုံးစာဝေနေအောင် ပန်ဆင်ပြတယ်။

တစ်ပွင့်နဲ့တစ်ကုံးကို

ကိုယ်က နှလုံးသားနဲ့ခွဲခြားဆုံးဖြတ်ရခက်နေတယ်။

ချစ်သူက

တစ်ကုံးနှင့်တစ်ပွင့်ကို

ဦးနှောက်ကိန်းဂဏန်းနဲ့ ကူပြီး လွယ်လွယ်တွက်ချလေတယ်။

ကွဲလွဲနေတဲ့ အဖြေရလဒ်နှစ်ခုရဲ့ အကွာအဝေးမှာ မာယာမြစ်တစ်စင်း တေးဆိုစီးဆင်းဖြစ်ပေါ်လာတယ်။

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

ထားထားအောင်ဝေခေါ်၍ ကျွန်တော် ဒရိုင်ဘာလုပ်ပြီး ကား မောင်းပို့ပေးရ၏။ ထားထားအောင်ဝေ ခေါ်လာသောအဖော်တွေကို ကြည့်လိုက်…

မေစန္ဒာဘိုနှင့် ယမင်းအိမ်စည်။

ကားနောက်ခန်းမှာ သုံးယောက်သား ပူးထိုင်ပြီး စကားတွေ ပွက်ညံဝေနေကြ၏။ မြို့တစ်ပတ်ကားလျှောက်မောင်းခိုင်း၏။ ဆီဖြည့် သည့်ဆိုင်မှာ ခဏနား၊ အစားအသောက်ကောင်းကောင်းဆိုင်မှာ ခဏ နားပြီး စားသည့်အချိန်မှအပ မရပ်မနားမောင်းပေးနေရ၏။

တွေ့ရာလေးပါးပြောရင်း ကျွန်တော့်ကို စောင်းချိတ်သွားကြ ၏။ ကျွန်တော်က ဖြောင့်ဖြောင့်ပင် ကားမောင်းပေးနေလိုက်၍ ချိတ် ကောက်တွေ လိုက်ချိတ်မရဖြစ်နေသည်။

'ပန်ဆုမိုဆိုတဲ့ မိန်းမ အခုတလော ခြေငြိမ်နေလိုက်တာများ ရှိတယ်လို့တောင် မထင်ရဘူးနော်'

'အသက်က တို့နဲ့ သိပ်ကွာတာ မဟုတ်ဘူး၊ ဆယ်တန်း အစပိုင် ကောင်းနေလို့ ကျောင်းတော်သူကြီးဖြစ်မလာရှာသေးတာပါ။ ဒီနှစ်တော့ သူ့အိမ်များက လူတွေကိုအပြတ်ကြွားနေတယ်ဆိုပဲ၊ ဖိုးဒီတဲ့ ဖိုးဒီမရဘဲ လူရှင်တော် မိုးဒီကြီးရနေမှ'

မေစန္ဒာဘို စကားကို အားလုံးပိုင်းဟား၏။ (ကျွန်တော်သည်) ပန့်ဆုမိုအကြောင်း စကားလမ်းကြောင်းပြောင်းယူခဲ့သူမှာ ထားထား အောင်ဝေ။ အချစ်သင်ကြားရေးဆရာမကြီး။ ကိုယ်တိုင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com


လင်စံအရွေးကောင်း၍ မစွဲသလို တပည့်မနှစ်ယောက်ကိုလည်း အဖို့ အချကောင်းနေ၍ ရှယ်ယောက်ျားရှာနည်းတွေ ကုန်သလောက်ရှိနေ လေပြီ။ ရှယ်ယောက်ျားမတွေ့ဘဲ ကိုယ့်ကိုယ်ကိုယ် သယ်မဲ့ယောက်ျား တွေ့နေကြ၍ တပည့်မနှစ်ယောက်မှာလည်း ထိုနည်းလည်းကောင်း…

'ဟန်ဒီလင်း ရှေ့က တီးရှော့ပ်မှာ ကားဝင်ထိုးရပ်ပေးနော်'

ထားထားအောင်ဝေပြောသည့်အတိုင်း တီးရှော့ပ်မှာ ကားရပ် ပေးလိုက်သည်။ ဆိုင်အတွင်းထဲမှန်တံခါးတွန်းဝင်သွားကြသည်မှာ နှိုးအုပ်တွေ ထပျံသွားကြသည့်အလား။

သူလိုက်မသောက် လိုက်မစားခြင်းကို ထားထားအောင်ဝေ မကြိုက်။ ထို့ကြောင့် ဆိုင်ထဲလိုက်ဝင်သွားပြီး သူမတို့သုံးယောက် ဝိုင်းသောနားက ဝိုင်းမှာ သီးသန့်ခွဲထိုင်မှာသောက်နေလိုက်၏။

ညှော်ကောင်းဆောင်ကောင်းတွေသာ သီးသန့်လာထိုင်သောက် တတ်သော ဆိုင်မို့ အတွင်းမှာ လူကြီးလူကောင်းသုံးလေးဝိုင်းသာတွေ့ ရ၏။

အဲယားကွန်းလွှတ်ထားသော အခန်းထဲမှ နတ်ကတိုင်မချွတ် တန်းဝတ်ထားသော လူကြီးလူကောင်းထိပ်ပြောင်များကို သူမတို့အဖွဲ့ က ပစ်မှတ်ရွေးနေကြ၏။

ကုတ်အင်္ကျီနှင့် စတိုင်လ်ပန်၊ ဖိနပ်တွေတောက်ပြောင်နေ သော လူလတ်ပိုင်းတစ်ယောက်ကို ၁ူမတို့အဖွဲ့ မျက်စိကျသွားကြ၏။ အပြင် လမ်းမပေါ်မှာ လမ်းလျှောက်ရလျှင် ထိုလူ၏ အဝတ်အစားမှာ ရာသီ ဥတုပူပြင်းမှုကြောင့် လောင်ပုပ်လိုက်ကုန်မှာစိုးနေရ၏။

'အေး… ဟုတ်ပြီ၊ မေရဲ့မျက်လုံးလေးကို နည်းနည်းလေး စွေကြည့်လိုက်၊ ဟိုက လှမ်းကြည့်ရင် မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်ပြလိုက်နော်၊ နှုတ်ခမ်းကလေးက ဖြူးရုံကလေးနေ၊ ရင်ကလေးကို မောက်ကြွဟန်ချီထား၊ တင်ကလေးကို နောက်ပစ်ကော့ကန်ထား၊ ဟုတ်ပြီ၊ မေ သဘောကျကဲ့ဘော်စ့်က လှမ်းရှိုးနေပြီ၊ နှစ်လိုတဲ့ အကြည့်နဲ့ ဖြူးရုံလေး ဖြူးပြီးပြန်လှည့်၊ ဣန္ဒြေဆယ်လိုက်'

www.burmeseclassic.com

www.burmeseclassic.com



အပျော်တမ်းနောက်ပြောင်သင်ကြားမှုကို လက်တွေ့ကျွင်းဆင်နေကြပုံမှာ အမြင်ကတ်စရာကောင်းလွန်းလှ၏။

ဘော့စ်ဆိုသော လူပုဂ္ဂိုလ်များမှာလည်း မေစန္ဒာဘိုရဲ့ ညွှတ်တွင်းမှာ မျက်လုံးပြူးကြီးနှင့် အကြောင်းမရှိအကြောင်းရှာဖို့ ရောက်ချလာ၏။

ကျွန်တော် ဆက်၍ မထိုင်နေချင်၍ ဆိုင်ပြင်ပြန်ထွက်သွားလိုက်သည်။ ထားထားအောင်ဝေတို့ ဝိုင်းမှာ ရယ်သံတွေစည်မြိုင်လို့တဝေနေရစ်ခဲ့လေပြီ။

ကျွန်တော် ကားပေါ်ကကြည့်ပြီး စောင့်ရင်း နာရီဝက်လောက်အကြာမှာ သုံးယောက်သား ရယ်မောတွန်းထိုးပြီး ပြန်ထွက်လာကြ၏။

ဘော့စ်ကြီးကို အကြောင်းရိုက်အချဉ်ဖမ်းပြီး အားရပါးရစနောက်ခဲ့ပုံတွေ လုယက်ပြောဆိုပြီး ပျော်မြူးနေလိုက်ကြပြန်၏။

'အိမ်ပြန်သင့်ပြီထင်တယ် မမ'

'အို… ဒီလောက်ပျော်စရာကောင်းနေတဲ့ဟာကိုကွာ'

'ဒါဆို မမကိုယ်တိုင်လာမောင်း၊ ကျွန်တော် ညောင်းနေပြီ'

မေစန္ဒာဘိုက မျက်နှာလိုမျက်နှာရ လေသံဖြင့်…

'ဒါလောက်လေး လိုက်မောင်းပို့ရတာများ အဖြစ်သည်းနေသေးတယ်၊ တကယ်နော် ထူးဆန်းတယ်၊ မမထားရဲ့မောင်က အရင်လိုနောက်နောက်ပြောင်ပြောင် မနေတတ်ရှာတော့ဘူး၊ မျက်နှာကမှောင်ကုတ်ကုတ်နှင့် စိတ်ရှုပ်ပြီး ငြိမ်နေတဲ့ပုံမျိုးကြီး'

'တူတယ်မဟုတ်လား မေ၊ ပန်ဆုမိုလည်း အခုတလော ဒီလိုစတိုင်လ်မျိုးပဲ မဟုတ်လား'

'အခုမှ အတွေးထပ်ကြည့်မိတယ် ယမင်းရယ်၊ ဟုတ်တယ်မမထား၊ ယမင်းပြောတာ ဟုတ်တယ်'

ကျွန်တော် ငြိမ်နေ၍မရတော့။

'ဘာဟုတ်တာလဲ၊ သူများအကြောင်းမပါရင် စကားမပြောတတ်ကြတော့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်စံထား မိန်းမသား ဖြစ်ချင်ကြသူတွေ တစ်ချက်တစ်ချက် ထဖောက်လျှင် ကြောက်စရာကောင်း၏။ အောင်းပူများ၍ ပူဖောင်းများလို ထပေါက်ကွဲတတ်သည်။ ပမာဆိုရလျှင် ထားထားအောင်ဝေ ရှေ့ဆုံးမှာ ရှိနေသည်။

'သူက အချစ်တစ်ခုတည်းသာ အသေအလဲကိုးကွယ်တတ်တဲ့ သူကွ'

မမထား စကားအဆုံး ယမင်းက…

'မမထားရဲ့ မောင်က သူ့အယူအဆပေါ်မှာ သိပ်အလံထူတဲ့ လူပေါ့'

ခေစန္ဒာတိုက ခေါင်းတဆတ်ဆတ်နှင့် ထောက်ခံနေ၏။

ကျွန်တော်က…

'အချစ်ရဲ့အကြောင်းကို ခင်ဗျားတို့ထက် ကျွန်တော်က ကောင်းကောင်းကြီးသိတယ်၊ ခင်ဗျားတို့ရဲ့အချစ်က'

ကျွန်တော် စကားတန့်ဝင်ထားလိုက်သောအခါ ထားထားအောင်ဝေက…

'သိပါပြီ၊ မင်းရဲ့အချစ်က အကောင်းဆုံးမှာ မင်းရဲ့အချစ်က ဝထမတန်းစား၊ မင်းရဲ့ ပန်ဆုမိုသာ'

'မမ'

'ဘာလဲ'

'ဆက်မပြောရင် ကောင်းမယ်'

'ဆက်ပြောတော့ ဘာဖြစ်လဲ'

'ဆက်ပြောရင် အာရုံတွေများပြီး ယာဉ်တိုက်မှုဖြစ်သွားလိမ့်မယ်'

အားလုံး နှုတ်ပိတ်ဆိတ်ဆိတ်သွားနိုင်ကြ၏။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲအောင်စာရင်းထွက်မည့်နေ့ကို ကျွန်တော် လိုမ့်ပိန့်ပြီး စောင့်ခဲ့ပါသည်။ ထားထားအောင်ဝေရဲ့ တိုးနှက်မှုအသေးအဖွားလေးတွေက မသိမသာဖြစ်ရာမှ သိသိသာသာဖြစ်ချင်လာ၏။

အချိန်ရလျှင် ပန်ဆုမိုထံမှာပင် ကျွန်တော်အစားဝင်နေခြင်းသို့ပြား အောင်စာရင်းထွက်ရန် နီးကပ်သောအချိန်မှာ ဘွားဘွားကိုယ်တိုင် လေယာဉ်စီး၍ ရောက်လာပြီး ကျွန်တော့်ကို အပါခေါ်နေသဖြင့် ကျွန်တော့်ဦးလေးအိမ်ကို ဆင်းပြေးရ၏။ ဦးလေးအိမ်ကို အမျိုးတွေထပ်လိုက်လာ၏။ တည်းခိုခန်းကို ပြေးရပြန်၏။

စာမေးပွဲအောင်စာရင်းထွက်သောနေ့မှာ ကျွန်တော် အစောကြီး အောင်စာရင်းပြေးကြည့်ရ၏။

ပန်ဆုမို၏ ခုံနံပါတ်နှင့် နာမည်ကိုတွေ့ရ၏။ ဂုဏ်ထူးသုံးဘာသာနှင့်ရင်တွေတဒိန်းဒိန်း ဒိုင်းဒိုင်း။

ကျွန်တော့်နာမည်ကို ပြူးပြဲပြီး ရှာလိုက်၏။

တွေ့ပြီ။

ကျွန်တော့်ခုံနံပါတ်နှင့် ကျွန်တော့်နာမည်။

ဘယ်လိုမှလွဲနိုင်စရာအကြောင်းမရှိပါ။

ဂုဏ်ထူးနှစ်ဘာသာ။ ရူပဗေဒနှင့်ဘိုင်အို။

အပျော်လွန်သည့် စိတ်ဖြင့် ကျွမ်းဆယ်ပြန်လောက်ထိုးချလိုက်ချင်၏။ သို့ပြား ဤနေရာမှာ ကြာကြာမနေရဲ။ ပြဿနာ မီးခဲ

www.burmeseclassic.com



တွေ့ မကြာခင်ရောက်လာကြမှာ သေချာ၏။ ထားထားအောင်စေ ဦးဆောင်မှုဖြင့် နေအောင်စာရင်းလာကြည့်ကြမည့် ကျွန်တော့်ကို စောင့် ဖမ်းနိုင်ပါသည်။

ပန်ဆုမိုအိမ်ကို ဖုန်းဆက်ခေါ်လိုက်၏။

'ပန်ဆုလား'

'အင်း… ဟုတ်တယ်'

'မင်း အောင်တယ်'

'ဟယ်… ဟုတ်တယ်'

'ဟုတ်တယ်၊ အင်္ဂလိပ်၊ ဓာတု၊ ရူပ သုံးဘာသာဂုဏ်ထူးနဲ့ အောင်တာ'

'ဟား… ဝမ်းသာလိုက်တာ'

'ကိုယ်လည်းအောင်တယ်'

'ဟုတ်လား၊ ဂုဏ်ထူးပါသေးလား'

'နှစ်ဘာသာ၊ ရူပနဲ့ ဘိုင်အို'

'အို ပျော်စရာကြီးပဲနော်၊ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ ဘူး၊ ညကတစ်ညလုံးအိပ်မပျော်ဘူး၊ ဒီနေ့ အောင်စာရင်းထွက်မှာကို သိနေတယ်လေ'

'အဲဒါတွေ ဘေးဖယ်လိုက်တော့၊ ကိုယ့်အတွက်အဖြေတစ် ဝက်ကို ဒီနေ့လာပေးကွာ'

'ပေးရမှာပေါ့'

'ကဲ့ကော်လမ်းသွယ်ထဲက ထိုင်နေကျခုံတန်းမှာ စောင့်နေမယ်၊ အရင်တစ်ခါလို အချိန်ဆွဲရင်တော့ ကိုယ်လုံးဝသည်းခံတော့မှာမဟုတ် ဘူး'

'အင်းပါ၊ နေ့လယ်ပိုင်းလောက်လာခဲ့မယ်'

'မရဘူးကွာ၊ အခုလာခဲ့'

'မဆိုးနဲ့၊ အိမ်မှာက မေမေ ခရီးသွားစရာရှိလို့ ပြင်ဆင်ပေး ရဦးမယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း ပန်းဆုပြောတဲ့အချိန် အဲဒီအချိန်ကို တိုယ်စောင့်မယ်၊ နာရီအတိအကျပြော'

'နေ့လယ်တစ်နာရီ'

'အိုကေ'

နေ့လယ်တစ်နာရီမထိုးမီ ကုံကော်လမ်းသွယ်ကို ကျွန်တော် ရောက်နှင့်နေခဲ့ပြီ။ မကြာမီမှာပင် အငှားကားတစ်စီးဝင်လာ၏။ ဘယ်လိုမှ လွဲနိုင်စရာမရှိပါ။

ချစ်သူမှ ချစ်သူအစစ်။ ယခင်တွေ့နေကျပုံစံထက် ပို၍အလှ ပြင်ဆင်ခြယ်သထား၏။ ဂုဏ်ရွေကြီးမားသော အသွင်ကိုဆောင်ပြီး ကျွန်တော့်အနားကို ထိပ်တိုက်ကလေး ရွေ့လျားလာသလို ရောက်ချလာ၏။

ရင်ခွင်ဖွင့်ပြီး အသင့်ကြိုနေသော ကျွန်တော့်ကို ခန့်ထည်သောအကြည့်ဖြင့် ချစ်သူကြည့်နေ၏။

'ကိုယ့်ကိုအဖြေပေးပါတော့'

ထိုစဉ်မှာပင် လမ်းထဲကို နီညိုရောင်ကားတစ်စီး ဝင်လာတာ တွေ့ရ၏။ ဦးခင်အောင်ဝေ စီးနေကျကား။ ကျွန်တော် ကျောရိုးတွေ တောင့်မတ်သွား၏။

ကားပေါ်မှာ ဦးခင်အောင်ဝေ မပါ။ ကိုယ်တိုင်မောင်းပြီး ရောက်ချလာသော ထားထားအောင်ဝေ။

ဘယ်တော့မှ ဒဏ်ရာရရှိပုံမပေါ်တဲ့ ခြသေ့်မတစ်ယောက်ရဲ့ ရဲရင့်ခန့်ညားမှုနဲ့ ကျွန်တော့်အနားကိုရောက်ချလာပြန်တယ်။ ကျွန်တော့် ဘက်မှာ မရပ်။ ပန်းဆိုမုနှင့်ယှဉ်တွဲပြီး ရပ်တန့်လိုက်၏။

အလို… ဘုရား… ဘုရား… ထားထားအောင်ဝေ ပြုံးလိုက်သည်နှင့် ပန်းဆုမိုက ပြန်လည်ပြုံးပြပြီး ထားထားအောင်ဝေလက်ကို အသာအယာဆွဲကိုင်ထားလိုက်၏။ ထားထားအောင်ဝေက [illegible] ပခုံးကို အသာဖက်လိုက်ပြီး…

'အရမ်းအံ့သြနေသလား ဟန်ဒီလင်း'

www.burmeseclassic.com



'မမထားနဲ့ ပန်ဆုက ဘယ်လိုဖြစ်ပြီးတော့'

'မင်းကြားချင်တဲ့အဖြေကို ပန်ဆုပေးပါလိမ့်မယ်'

ပန်ဆုမိုက စဉ်းလဲသောအပြုံးဖြင့် ကျွန်တော့်ကိုသေသေချာ ချာကြည့်ကာ...

'အရင်အဖြေတစ်ဝက်က ချစ်၊ အခုအဖြေတစ်ဝက်က ဘူး၊ ချစ်ဘူး၊ ရှင့်ကို ကျွန်မ မချစ်ဘူး'

ဘာလဲ။ ဘာလဲ။ ဘာလဲ။ အဲဒါအမုန်းလား။ အဲဒီအမုန်းနဲ့ အချစ်ဓာတ်ပျက်ရှုံးနိမ့်ရပြီလား။

ရင်ထဲမှာ စူးအောင့်သွား၏။

စိုးရိမ်စိတ်တွေ တဖွားဖွားပန်းထွက်နေသည့်အလား ဝမ်းနည်းမှုနဲ့ ကြေကွဲမှုက ရင်ထွက်ပေါက်ကို အတင်းတိုးတိုက်နေကြ၏။

မဟုတ်ဘူး။ အဲဒီအကြည့်နဲ့ သံယောဇဉ်အကြောင်းကို သိခဲ့တာပါ။ အဲဒီအပြုံးနဲ့ ရင်နှလုံးတွေ ဒုံးဒုံးမြည်ခဲ့ရတာပါ။ အဲဒီအလှနဲ့ စိတ်ကူးတိမ်တိုက်တွေဖူးပွင့်ခဲ့တာပါ။ အဲဒါက အချစ်နဲ့ကမ္ဘာသစ်မှာ နှစ်ဘဝတည်းဖြစ်ချင်ခဲ့တာပါ။

အခုတော့
မျက်တောင်တစ်ချက်အခတ်မှာ
ရင်တွေ အပိုင်းပိုင်းပြတ်ခဲ့
ညှိုးချုံ့အကြည်နဲ့
တို့မြူထိကစားခံခဲ့ရတဲ့ တို့နှလုံးသားတွေ
တဖျတ်ဖျတ် ကွာကြွေမစဲ။

'ရှင့်ကို ကျွန်မ ချစ်ချင်ယောင်ဆောင်နေခဲ့တာ၊ အချစ်အကြောင်း မိန်းမတို့ရဲ့ အတတ်ပညာအကြောင်း ရှင်ကောင်းကောင်း သိသွားအောင် ပညာပေးလိုက်ပါလို့ ရှင်နဲ့တွေ့ပြီး သိပ်မကြာခင်မှာ မမထားက ပြောလာခဲ့တယ်၊ စေတနာနဲ့ အကူအညီတောင်းလာခဲ့ တယ်၊ ဒါမှ အချစ်ဆိုတာ ဘယ်လိုယုံကြည်နိုင်စရာ နည်းပြီး ဘယ်လို မှ မယုံကြည်သင့် မယုံကြည်နိုင်စရာတွေ များတယ်ဆိုတာ ရှင်

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ ခွဲခြားတတ်မှာတဲ့၊ ဒါကြောင့် ကျွန်မ ရှင်နဲ့ပတ်သက်ခဲ့တယ်၊ မမထားက အနီးကပ်ညွှန်ကြားခဲ့တာပေါ့၊ ဒါဟာ သိပ်လေ့လာစေမယ့် ကြည့်လို့ကောင်းမယ့် ဇာတ်လမ်းတစ်ခု ကျွန်မ ပေးမယ့် သင်ခန်းစာကိုရမှ အချစ်ဆိုတာ ဘာလဲဆိုတာ စဉ်းစားဆင်ခြင်တတ်သွားမှာတဲ့'

'မမထားရဲ့ တိုက်တွန်းမှုနဲ့ ဒီအချိန်ထိရောက်လာခဲ့ရတာပဲ၊ ဒါမှ ရှင် ကြိုးစားချင်စိတ်နဲ့ စာမေးပွဲအောင်မှာကိုး၊ တိုက်တွန်းမှုသာ မပါရင် ရှင့်အပေါ် ပန်ဆု မလှည့်စားချင်လို့ စောစောလမ်းဖြတ်လိုက်မိမှာ သေချာပါတယ်'

'ပန်ဆု'

ကျွန်တော် အင်အားရှိသမျှ အော်ခေါ်လိုက်၏။

'မပြောနဲ့တော့၊ မင်းကိုကြည့်ရင်းကြည့်ရင်းနဲ့ ဝံပုလွေနဲ့တူလာလို့ ငါရန်မူမိလိမ့်မယ်'

'ဆက်ပြောနေရင် နည်းနည်း ကျန်သေးတယ်၊ မိတ်ဆက်ပေးစရာ ကျန်သေးလို့ပေါ့'

လမ်းထဲကို ကိုယ်ပိုင်ဖိမ်ခံကားငယ်တစ်စီး ဝင်လာ၏။

'အဲဒီလူဟာ ကျွန်မရဲ့ချစ်သူပဲ၊ ကိုမောင်မောင်ကျော်တဲ့၊ မမထားနဲ့ သူငယ်ချင်း၊ တစ်နေ့ကမှ ဂျပန်ကပြန်လာတာ၊ ဟိုမှာအလုပ်သွားလုပ်ပြီး ငွေစုနေတာလေ၊ ပန်ဆုနဲ့လက်ထပ်ဖို့ပေါ့၊ မမထား အကူအညီကောင်းတာကို ပန်ဆုပြန်ပြီးလျှို့ဝှက်သိမ်းဆည်းစွာ အကူအညီပေးရခြင်းအကြောင်းက မမထား အောင်သွယ်တော်လုပ်ပေးလို့ ကိုကိုနဲ့ပန်ဆုတို့ ချစ်သူဘဝကို ရောက်ခဲ့ရတယ်လေ'

'အခု မမထားအတွက် ရောက်လာတဲ့ ကိုဟန်ဒီလင်းဟာ ခဆီမဆိုင် ပန်ဆုကို စိတ်လာဝင်စားနေတော့ မမထားဘက်ကို ရှင် အာရုံရောက်သွားအောင် ခုလို ရှင်းတမ်းထုတ်ပေးလိုက်ရတာပေါ့'

'ဟန်ဆောင်တတ်လိုက်တာ၊ မဟာပညာတတ်လှ ထုံထုံ လွှန်းလိုက်တာ၊ ငါ့နှလုံးသား ငါ့ရဲ့အချစ် ငါ့ရဲ့မြတ်နိုးမှုတွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးတစ်ခဲတည်း ရိုက်ချိုးပစ်လိုက်ပုံက ရက်စက်မှုအပေါင်းရဲ့ သရဖူဆောင်းခွင့်တောင် ရနိုင်ပါပေရဲ့၊ မင်းရဲ့မိန်းမယုတ်လှည့်ကွက်တွေထဲမှာ ငါလွမ်းနေမယ်ထင်ရင် မှားမယ်'

'မမထား ပန်ဆုဆက်ရှင်းစရာမလိုတော့ဘူးထင်တယ်၊ ကိုကိုစောင့်နေတာ အားနာလို့'

'ရပါပြီကွယ်'

'သွားမယ်နော်'

'ထွက်သွား၊ မင်းမျက်နှာကို ကြည့်ရတာနေလို့မီးလိုပူတယ်'

ကျွန်တော် အော်ပြောလိုက်သော စကားကို မခိုးမခန့်လေးဟားပြီး ခေါင်ခေါင်ကျော့်ကားပေါ် တက်သွား၏။

တဏှာတစ်သိန်း အပလိန်းအနန္တမလေးကို မဲပေါက်သွားသော ထီထူးရှင်ကို စိမ်းစိမ်းစူးစူးလည်း ကြည့်မနေချင်တော့ပါ။

ထွက်သွားကြပြီ။

BURMESE CLASSIC

အချစ်ကို ခန့်ခွဲစေညွှန်ရာတွင် တစ်ဖက်ကမ်းခတ်အောင်တော်လွန်းသော ဆရာမကြီးနှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်နေရစ်ခဲ့၏။

'ကဲ… အချစ်တစ်ခုတည်းကို ကိုးစားပုံအောမိတယ်၊ အဲဒီအချစ်က မင်းမျှော်လင့်သလို ဖြစ်လာနိုင်ရဲ့လား'

ကျွန်တော် မျက်ရည်မကျအောင် ထိန်းခတ်ထားလိုက်၏။

'မင်းက အချစ်ကို ပန်းတစ်ပွင့်လို အထင်နဲ့ ညှိုးရော်ခြောက်သွေ့သွားတဲ့အထိ သစ္စာရှိခဲ့မိတယ်နော်'

'ဟုတ်တယ်၊ ပန်းတစ်ပွင့်ကနေ မြစ်တစ်စင်းအဖြစ် ရင်တွင်းခုခံအားနဲ့ ပြောင်းလဲခံစားပစ်လိုက်ပြီ'

'မြစ်တစ်စင်း… ဘယ်လိုမြစ်တစ်စင်းလဲ'

'ကိုယ်စီးဆင်းရာတစ်လျှောက်မှာ ပေါင်းဆုံစီးဝင်လာတဲ့ ချောင်းသွယ်မြောင်းငယ်မှန်သမျှကို ရက်စက်ခြင်းနဲ့ အေးခဲဖန်ဆင်းပစ်လိုက်မယ်'

www.burmeseclassic.com

 www.burmeseclassic.com 

'ဘာတွေဖန်ဆင်းမှာလဲ'

'မြားတွေလေ၊ ဘယ်လိုချစ်ခြင်းပစ်မှတ်မဆို မလွဲတမ်း မှန်အောင် ပစ်ခတ်ချေမှုန်းသိမ်းလိုက်နိုင်မယ့် ရင်ခွင်မြားတွေအဖြစ် ဖန်ဆင်းပစ်တယ်'

ကျွန်တော့်စကားကြောင့် ထားထားအောင်ဝေ မျက်လုံးပြူးသွားပြီး…

'အို… မဟုတ်တာတွေကွာ၊ မင်းကို ဒီလိုစိတ်ခံစားမှုမျိုးဖြစ်လာအောင် ရှော့ရိုက်သလို ပန်ဆု လုပ်ဆောင်ပေးခဲ့တာ မဟုတ်ဘူး။ ဟန်ဒီလင်းနဲ့ မမ'

BURMESE CLASSIC

ကျွန်တော် ထားထားအောင်ဝေကို ဆတ်ခနဲ ဆွဲဖက်ပစ်လိုက်၏။

'မမကို ချစ်တယ်၊ ချစ်သူတွေလိုချစ်တယ်၊ အရမ်း အရမ်းကို ချစ်တယ်'

ကျွန်တော့်ရင်ခွင်ထဲ ရုန်းတိုးနေရာမှ…

'မင်းကို ကြောက်လာပြီ၊ မင်းချစ်တာကြီးကလည်း လန့်ဖို့ကောင်းလိုက်တာကွာ၊ မမကို လွှတ်ပါဦး၊ ဒီမှာအသက်ရှူလို့တောင် မရတော့ဘူး'

'ကျွန်တော် အသက်ရှူလို့ရအောင် အရေးပေါ်အသက်ကယ်နည်းနဲ့ ပြုစုပေးမယ်၊ ဥပမာ မမက ရေနစ်နေသူဆိုပါတော့'

ကျွန်တော်ပြောပြီး ထားထားအောင်ဝေ ရင်နှင့်အနီးဆုံးမှာ အနမ်းတွေခြွေရီယာစ်မှုးလိုက်၏။

(ဒါ အချစ်လား ထိတွေ့မှု ပေါက်ကွဲသွားပြီ)

* ♠ *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

အဲဒီနေ့ကစပြီး ကျွန်တော်ဟာ အပြောင်းလဲကြီး ပြောင်းလဲ ပစ်ခဲ့တယ်။

ချစ်ခြင်းအပေါ် အစွန်းရောက်ယုံကြည်မိရာက ချစ်ခြင်းအပေါ် အစွန်းရောက် မယုံကြည်မိ၍ အရွဲ့တိုက်ခြင်းမျိုးလား မသိ။

ကျွန်တော့်ရဲ့ အဆင့်ဆင့်ပြောင်းလဲမှုကို ကျွန်တော် ပြန်လည် အတိုချုပ်သုံးသပ်မိပုံသက်သက်မှာ…

ကျွတ်ဆင်ကြီးပေါ့။

ဒီထက်ပိုပြီး ကျွန်တော့်ခံစားမှုကို ဖွင့်ထုတ်ရှင်းမပြတတ်ဘူး ဖြစ်နေတယ်။

ထားထားအောင်ဝေနဲ့ အိမ်သားတွေက ကျွန်တော့်ကို ယဉ် ယဉ်လေးနဲ့ ခေါင်းရှော့ခ်ရသွားပြီထင်တယ်။ ဘွားဘွားက ဓာတ်သိ ဆိုတော့ မယုံဘူး။ ကျွန်တော့်စိတ်ချမ်းသာအောင် ထားလိုက်ရင် ပြန် ငြိမ်လာမယ်ဆိုတာ သိတယ်။

ကျွန်တော့်ကို အနီးကပ်စောင့်ရှောက်ဖို့ ထားထားအောင်ဝေ ကို ထည့်တယ်။ သွားလေရာမှာ ကျွန်တော် သဘောကျတဲ့ မိန်းကလေးဟာ ကျွန်တော့်ချစ်သူပါပဲ။ အဲဒီသဘောထားအပေါ်မှာ ထားထားအောင်ဝေ ပခုံးတွန့်နေခဲ့သည်မှာ ကြာပြီ။

ဂရုမစိုက်ပါဘူး။ ဒီနေ့မှာပဲ ဆိုက်ဆိုက်မြိုက်မြိုက်လာတိုး နေသူနှစ်ဦးကြောင့် ကျွန်တော် ပျော်မြူးသွားတယ်။ ကျွန်တော့်အတွက် သီးသန့်ဝယ်ပေးထားတဲ့ တောင်းအေ့စ်ကားကို ထားထားအောင်ဝေ ကိုယ်တိုင် မောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com


မေစန္ဒာဘိုကို လမ်းမှာတွေ့လို့ အတင်းခေါ်တင်လာခဲ့တယ်။

'ကိုဟန်ဒီလင်း ရှင် ဘယ်လိုဖြစ်သွားတာလဲ၊ အို… ရှင် ကျွန်မကို ဘာလို့'

'အချစ်အကြောင်းကို ကိုယ်နားလည်သွားပြီ၊ ဒါကြောင့် ဒီ ပစ်မှတ်ကြီးကို မှန်အောင်ပစ်ချလိုက်တာ၊ အခု ထိပြီ'

'အို… အိုကွာ၊ ဟန်ဒီလင်းကလည်း'

ရှေ့ခန်းမှ ထားထားအောင်ဝေက ဟွန်းတတီတီနှင့် နှိပ်၏။

ကျွန်တော် ဂရုမစိုက်ပါဘူး။ ရှေ့ဆက်မောင်းလာရင်းနဲ့ ယမင်းအိမ်စည်ကို ဝက်သားတုတ်ထိုးဆိုင်မှာ တွေ့၏။

ကျွန်တော်က ယမင်းကို မရမက ကားပေါ်မှာ တင်လာဖြစ် ၏။

'ဟန်ဒီလင်း မင်း ဘယ်လိုဖြစ်နေတာလဲ'

'ကျွန်တော် မြားရှိသမျှ ပစ်နေမှာပဲ မမ'

'မမထားရဲ့ မောင်ဘာဖြ◌ ်သွားပြီလဲဟင်၊ လူကိုအတင်းဆွဲ ကားပေါ်ဆွဲခေါ်တင်'

'အချစ်ဘီလူးစီးနေတာလေ'

ထားထားအောင်ဝေ ပြန်ပြောလိုက်သော စကားကြောင့် ယမင်းအိမ်စည် မျက်နက်ဆန်တွေ အလယ်မှာ စုတိုက်သွား၏။

စုတိုက်နေသော မျက်လုံးတွေ ပို၍ပြူးထွက်သွား၏။

'မင်းတွေ့ချင်နေတဲ့နေ့ကို ကိုယ်ရောက်နေပြီလေကွာ'

'ပန်ဆုမိုနဲ့ ပြီးပြတ်သွားပြီလား'

'သူ့ကို စကားထဲမထည့်နဲ့၊ မင်းကိုပဲ ကိုယ်ခေါင်းထဲရင်ထဲ ထည့်ထားတယ်၊ အဲဒီအတွက် မင်းက ကိုယ့်ကို'

'ကွာ ဟန်ဒီ ့မင်း အရင်လိုနေစမ်းပါ'

'အခုလိုနေတာမျိုးကို အားလုံးက မျှော်လင့်ကြတာ မဟုတ် လား'

ကျွန်တော့်စကားကြောင့် ကျွန်တော့်ဘေးတစ်ဖက်မှာ အတြဲ

www.burmeseclassic.com

အိုက်နေကြရှာသော မေစန္ဒာဘိုနှင့် ယမင်းအိမ်စည်က ထားထား အောင်ဝေကို ပြိုင်တူလှမ်းခေါ်မိလိုက်ကြ၏။

'မမထား'

ထားထားအောင်ဝေက သူမဘာသာ သူမ လက်မနှင့်ပြန်ထိုး ပြပြီး လက်ခါပြ၏။ ပြီးနောက်...

နောက်ဘက်မှာရှိသော မေစန္ဒာဘိုနှင့် ယမင်းအိမ်စည်ကို လက်ညှိုးနောက်ပြန်ထိုးပြီး လက်ခါပြလိုက်ပြန်၏။

အချစ်တစ်ခုတည်းအပေါ်ကိုပဲ ကျွန်တော်က သစ္စာရှိပြခဲ့သူ ပါ။ ဖြစ်လာတာကတော့ အချစ်တစ်ခုတည်းကပဲ သစ္စာမရှိသောအချစ် နဲ့ မာယာသင်ခန်းစာ အသစ်တွေ ရင်ပွင့်အောင် သင်ကြားပေးသွား ခဲ့တယ်။

ဒါကြောင့်

ဒီနေ့ကစတင် ကြေညာမယ်။

ဟော့ဒီ... ဟန်ဒီလင်းဆိုတာ

အချစ်ဘဏ်သူဌေးကြီးပါပဲ။

ကဲ... ဘယ်လိုမိန်းမတွေ ငြင်းချက်ထုတ်ရဲမလဲပြော။

ချစ်မျှားရှင်

www.burmeseclassic.com